# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၁၃) ရက် ၊ သောကြာနေ့ ၊ (2-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၉၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရှေ့တန်းရောက် တပ်မတော်သားများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများလှူဒါန်း



**နေပြည်တော်  ဩဂုတ်  ၁**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက်ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ယနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းမိသားစုများကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ်ရာများပြင်ဆင်ထုပ်ပိုးနေမှုများကို

စာမျက်နှာ ၁၇ ကော်လံ ၁ ➡

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများပြင်ဆင်ထုပ်ပိုးနေမှုကို ကြည့်ရှုအားပေးစဉ်။**

---

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စက်မှု၊ စိုက်ပျိုးမွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၈၅ကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၂၂၄၄ ဦး ပညာသင်ယူလျက်ရှိ စာမျက်နှာ - ၁၈

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်ကြည့်ရှုအားပေး စာမျက်နှာ - ၁၉

မန္တလေး မြို့နယ် ခြောက်မြို့နယ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ယာဉ်များကို စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည် စာမျက်နှာ - ၂

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်းပါး စာမျက်နှာ - ၄




ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၂ ရက်
အယ်ဒီတာ့အာဘော်

# စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ ပိုမိုလည်ပတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မှသာလျှင် ကုန်ပစ္စည်းများ များစွာရရှိမည်ဖြစ်သည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများမှ ကုန်ကြမ်းများကို ကုန်ချောထုတ်လုပ်၍လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသောကုန်ကြမ်းများကို ကုန်ချောထုတ်လုပ်၍လည်းကောင်း ပြည်တွင်း၌ သုံးစွဲမှုဖူလုံစေရုံသာမက ပြည်ပသို့တင်ပို့နိုင်ပါက နိုင်ငံခြားဝင်ငွေရရှိပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

**“သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို မျိုး၊ မြေ၊ ရေ၊ နည်း လေးချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ဆောင်ရွက်သွားစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် အရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်သည်များကို ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိသကဲ့သို့ အရည်အသွေးပြည့်မီသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း”** ဇူလိုင် ၂၉ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၄)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ဈေးကွက်သေချာမှုရှိသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များထုတ်လုပ်ခြင်းသည် ခိုင်မာသည့်ဈေးကွက်ရှိပြီး ကမ္ဘာတစ်ဝန်းလိုအပ်ချက်ရှိသော Food Security ကိုလည်း ထောက်ပံ့ပေးနိုင်သောကြောင့် သေချာသည့်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာဈေးကွက်ကို အမြဲမပြတ်သုတေသနပြုဆောင်ရွက်နေရန် လိုပေသည်။ ထို့အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံသည့် ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး မြို့နယ်ခြောက်မြို့နယ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ယာဉ်များကို စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်



**မန္တလေး ဩဂုတ် ၁**

မန္တလေး မြို့နယ်ခြောက်မြို့နယ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး စည်းကမ်းဖောက်ဖျက်သည့် ယာဉ်များကို စည်းကမ်းထိန်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေး စည်ပင်နယ်နိမိတ်အတွင်း အဓိကမိန်းလမ်းမကြီးများ အပါအဝင် ဈေးချိုတော်အနီး တစ်ဝိုက် စသည့်နေရာများတွင် စည်ကမ်းဖောက်ဖျက်သည့် ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဩဂုတ် ၂ ရက်မှစ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“မန္တလေး မြို့နယ်ခြောက်မြို့နယ်အတွင်း စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်တွေကို စီမံချက်နဲ့စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမှာပါ။ အဓိကကတော့ စည်းကမ်းမလိုက်နာတဲ့ယာဉ်တွေကြောင့် မြို့တွင်း ယာဉ်ကြောကျပ်တာတွေ၊ ယာဉ်တိုက်မှု ဖြစ်နေတာတွေကြောင့် စီမံချက်နဲ့ စည်းကမ်းဖောက်ဖျက်ယာဉ်တွေကို စစ်ဆေးကြပ်မတ်သွားမှာပါ”ဟု ဦးရဲထွန်းက ပြောပြသည်။

မန္တလေး မြို့နယ်ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်အတွင်းရှိ ယာဉ်များအနေဖြင့် သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်အတိုင်း ဘေးကပ်မရပ်ခြင်း၊ ယာဉ်ပြောင်းပြန်ရပ်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုများကို စစ်ဆေး ကြပ်မတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(မြို့တွင်း)နှင့်မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့ စသည့် အဖွဲ့စုံဖြင့် စစ်ဆေးကြပ်မတ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၄)

# ဟင်္သာတမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟင်္သာတ ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင် ဟင်္သာတမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဦးက ပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ်တွင် ဇူလိုင်လ ဒုတိယပတ်မှစ၍ ပဲလွမ်းဖြူများ အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်လိုအား ကောင်းလာခြင်းသည် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများလာပြီး ဒေသအတွင်း ပဲလွမ်းအဖြူများ လက်ကျန်နည်းနေခြင်းဖြစ်ကြောင့်ဖြစ်ကြောင်း သိရသည်။

“ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဇူလိုင်လ ဒုတိယပတ်လောက်ကနေ သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ အခုအဝယ်လိုက်နေတဲ့အပြင် ဈေးလဲအနည်းငယ် ကောင်းလာပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲအထွက်နှုန်းနည်းလာတာနဲ့ အဝယ်လိုက်ပြီး အရောင်းသွက်နေတာဖြစ်ပါတယ်။ လက်ရှိ ဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ မထွက်သေးပါဘူး”ဟု ဟင်္သာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဦးက ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် ပဲလွမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၉,၂၀၀ ထိဈေးပေါက်နေကြောင်း၊ ဟင်္သာတမြို့နယ်ထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း စသည်တို့ကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဩဂုတ် ၁**

မန္တလေးကားဈေးကွက်အတွင်း အရောင်းအဝယ်အေးနေပြီး ကြိုက်ရောင်းကြိုက်ဝယ် ပုံစံဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

မော်ဒယ်မြင့်၊ ဈေးနှုန်းမြင့် စလစ်ကပ်ကားများ အရောင်းအဝယ်ပိုင်း သိသိသာသာအေးနေပြီး ငွေကျပ် သိန်း ၅၀၀ ခန့် နံပါတ်ထွက်ပြီးသား ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ ဘယ်လ်တာ၊ အေဒီဗင် စသည့်ကားဟောင်းများသာ အရောင်းအဝယ်အနည်းငယ်ရှိနေကြောင်း သိရသည်။

လျှပ်စစ်သုံးကားများသည် ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၁၂၀၀ ခန့်ပေါက်ဈေးရှိနေကြောင်း၊ ၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ် သိန်း ၂၀၀ ခန့်ဈေးပေါက်နေပြီး Manual ငွေကျပ် ၁၆၅ သိန်းခန့် ဈေးပေါက်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

ဆိုင်ကယ်ဈေးကွက်တွင်လည်း အရောင်းအဝယ်အေးလျက်ရှိပြီး တရုတ်ဘီးများမှာ အရောင်းအဝယ်ပိုင်း သိသိသာသာကျဆင်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

နယ်ဝယ်လက်များ ယခင်ကထက် အဆင်းနည်းလာမှုကြောင့် အရောင်းအဝယ်အေးနေပြီး တစ်ပတ်ရစ်ဈေးကွက်၌ ငွေ ကျပ် ၆၀၀၀၀ သိန်းခန့် ဈေးတန်းရှိဆိုင်ကယ်များ အနည်းငယ်သာ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ်များလည်း အရောင်းအဝယ်ဖြစ်မှုအနည်းငယ်သာရှိပြီး အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ သိန်း ၇၀ ခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်း ခန့်ဈေးရှိကြောင်း၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၅ သိန်းခန့်ဈေးရှိကြောင်းသိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ သိန်း၂၀ ခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၂၅ သိန်း ၅သောင်းထိဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းဖြတ်မြို့နယ် ဟွေဟုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းဖြတ် ဩဂုတ် ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)အကောင် အထည်ဖော်ဆောင်ရွက်မည့် နမ့်လောက်ကျေးရွာအုပ်စု ဟွေဟုန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဟွေဟုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက်နေ ဦးစိုးစံထွန်း-ဒေါ်ဝေမာလွင် မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုမင်္ဂလာဓောတာရေ ဦးစိုးလင်းက လက်ခံရယူစဉ်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ရွှေသွယ်ရင်ဆန်အိတ် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ရွှေသွယ်ရင်ဆန်အိတ် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ၂၄ ပြည်ဝင် ရွှေသွယ်ရင်ဆန်အိတ် ၅၉၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ၂၄ ပြည်ဝင် ရွှေသွယ်ရင်ဆန်အိတ် ၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဇူလိုင်လက ၂၄ ပြည်ဝင် ရွှေသွယ်ရင်ဆန်အိတ် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိမှာ ဒေသထွက် နွေစပါးအဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်ဈေးကလဲ အတက်အကျမရှိ ပုံမှန်အခြေအနေမှာရှိနေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ ဒီဘက်က ဆန်တွေကို မှာယူထားပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ရွှေသွယ်ရင်ဆန်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ်တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်စပါးအရောင်းအဝယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ဝင်းမော်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း မူလရန်ပုံငွေဖြင့် ဖက်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ထူးနေခြည်ခင်နှင့် ဝန်ထမ်းများက ဖက်ကုန်းကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဖက်ကုန်းကျေးရွာတွင် အကျယ်လေးလက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ အရှည် ပေ ၃၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း မူလရန်ပုံငွေကျပ် ၂၄ ဒသမ ၆၇ သန်းဖြင့် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၉၅ ဧက စိုက်ပျိုးပြီးစီး

**ရေဦး ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၉၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် နှမ်း ၄၉၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ တန့်ဆည်မြို့နယ်အတွင်း နှမ်း ၄၉၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးနှမ်းလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

နိုင်ငံတော်အနှံ့အပြားတွင် **“စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများ”**ကို တက်ညီလက်ညီကြိုးပမ်းဆောင်ရွက် လျက်ရှိကြရာတွင် **“ကျောင်းစာကြည့်တိုက်များ”**လည်း အပါအဝင်ဖြစ်သည်။

ကျောင်းစာကြည့်တိုက်များဟုဆိုရာတွင် အခြေခံပညာကျောင်းများဖြစ်ကြသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများနှင့် ကိုယ်ပိုင်ပညာသင်ကျောင်းများပါဝင်ကြပါသည်။ တက္ကသိုလ်၊ ကောလိပ်များတွင်လည်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားများ ကျင်းပနေကြသည်။ တစ်ဦးချင်းစီမှသည် နိုင်ငံတော်နှင့်လူမျိုးအကျိုးအတွက် အားတက်ဝမ်းသာ ပီတိဖြာနေကြရသည်။

သည်နေရာတွင် တစ်ချိန်က အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြသော **“စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာတတ်သူတိုင်းစာဖတ်ရေး”**လှုပ်ရှားမှုများကိုပြန်လည် သတိရနေမိသည်။ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတရှာမှီးကြရေးအတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြစေရေးကို လှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတက်သရော ဆောင်ရွက်ခဲ့ကြသော စာကြည့်တိုက်မှူးများညီလာခံကိုလည်း သတိရနေမိသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း(MLF)နှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း(MLA)တို့ ပူးပေါင်းကျင်းပခဲ့ကြသည့် **“တတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများညီလာခံ”** ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်နေ့ထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး(UMFCCI)၌ ကျင်းပခဲ့သည်။

ထိုညီလာခံသို့ တစ်နိုင်ငံလုံးရှိ မြို့နယ်များနှင့် ကျေးရွာများမှ ရဟန်းရှင်လူ၊ စာကြည့်တိုက်မှူး၊ ညီလာခံကိုယ်စားလှယ်များ၊ စာကြည့်တိုက်ဥက္ကဋ္ဌ ပရဟိတစေတနာရှင်များ၊ အသင်းကိုယ်စားလှယ်များ၊ ပြည်ပနိုင်ငံများမှ စာကြည့်တိုက်ဘွဲ့ရ၊ ဘွဲ့လွန်သမ္မာရင့်ကျွမ်းကျင်သူပညာရှင်များ၊ လေ့လာသူများ ဦးရေ ၃၀၀ ကျော် တက်ရောက်ဆွေးနွေးအကြံပေးခဲ့ကြသည်။

ပထမအကြိမ်ညီလာခံနှင့် ဒုတိယအကြိမ်ညီလာခံ၏ အတွေ့အကြုံများကိုအခြေခံပြီး တတိယအကြိမ်ညီလာခံတွင် ဖတ်ကြားဆွေးနွေးတင်ပြသင့်သည့် စာတမ်းခုနစ်စောင်ကိုလည်း အလေးထားကာ ကြိုတင်ပြုစုရေးသားခဲ့ကြသည်။ နယ်ပယ်အလွှာမျိုးစုံမှ ကျွမ်းကျင်ကြသူပညာရှင်များပါဝင်လာကြသည့်နှယ် လေ့လာစူးစမ်းမေးမြန်းဆွေးနွေးကြမည့် ပရဟိတစာကြည့်တိုက်မှူး ကြီးငယ်ရွယ်လတ်၊ ရဟန်းရှင်လူများလည်း ပါဝင်တက်ရောက်လာခဲ့ကြသည်ဖြစ်ရာ ညီလာခံကျင်းပရေးကော်မတီအနေဖြင့် မဆုတ်မနစ်သောဇွဲဝီရိယဖြင့် အစစအရာရာလိုလေသေးမရှိအောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြရသည်။

စာကြည့်တိုက်ပညာရှင် ကိုးဦးက စာတမ်းတင်ဆွေးနွေးခဲ့ကြရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် ဒေါ်ချိုချိုတင်(ဆရာမ မစန္ဒာ)တို့က **“စာဖတ်ရှိန်မြှင့်တင်ရေးနှင့်စာကြည့်တိုက်များအခန်းကဏ္ဍ”**စာတမ်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအမှုဆောင်ကော်မတီဝင် ဘာသာရေးဘွဲ့တံဆိပ်ရ၊ စီးပွားရေးစွမ်းဆောင်ရှင်၊ ပရဟိတစေတနာရှင် ဒေါ်အိကေသွယ်မင်းနှင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် သုတပညာဌာနမှ ကထိက ဦးထွန်းအောင်ကျော်တို့က **“ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ”** စာတမ်းများကို တင်ပြဆွေးနွေးခဲ့ကြသည်။ ဗြိတိသျှကောင်စီစာကြည့်တိုက်မှ စာကြည့်တိုက်တာဝန်ခံ (စာကြည့်တိုက်ပညာကျွမ်းကျင်သူ) ဒေါ်မိုးမိုးစိုးက **“စာကြည့်တိုက်နှင့် ပြည်သူလူထုအခန်းကဏ္ဍ”** စာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။

စာတမ်းတစ်စောင်ဖတ်ကြားရှင်းလင်းတင်ပြပြီးတိုင်း တက်ရောက်လာကြသူများထဲမှ သုံးဦးစီ မေးမြန်းဆွေးနွေးခွင့်ပြုခဲ့သည်။ စာတမ်းအားလုံး ဖတ်ကြားရှင်းလင်းတင်ပြပြီးသောအခါ အစုအဖွဲ့ခုနစ်ဖွဲ့ ဖွဲ့စည်းကာ တစ်ဖွဲ့ချင်းအလိုက် စာတမ်းခုနစ်စောင်၏အားသာချက်၊ အားနည်းချက်နှင့် အကြံပြုချက်များကို ကြီးကြပ်သူများ၏ရှေ့မှောက်တွင် ပွင့်လင်းရင်းနှီးစွာ၊ ဓမ္မဓိဋ္ဌာန်ကျကျ၊ ဝေဖန်ဆွေးနွေးအကြံပေးခဲ့ကြရသည်။ ထို့နောက် အဖွဲ့ခုနစ်ဖွဲ့၏ ဝေဖန်ဆွေးနွေးအကြံပေးချက်များကို ညီလာခံကိုယ်စားလှယ်အားလုံး၏ရှေ့မှောက်တွင် အဖွဲ့ခုနစ်ဖွဲ့၏ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးတင်ပြကြရသည်။ သူတို့ဝေဖန်ဆွေးနွေးအကြံပေးတင်ပြချက်များကို ကျွမ်းကျင်သူပညာရှင်များနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားမှုနှင့်အတူ မူဘောင်အတွင်းမှ ဆက်လက်ကြိုးပမ်းကြရမည့် လုပ်ငန်းစဉ်များကို နားလည်လက်ခံလာအောင် ရှင်းလင်းပေးခဲ့ကြရသည်။

**“တတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများညီလာခံ”**၏ ဂုဏ်ကျေးဇူးအထူးထူးအနက်၊ ရှေ့တန်းထွက်လာပြီး ထက်မြက်စူးရှစွာ ဝေဖန်ဆွေးနွေးအကြံပေးတင်ပြမှု၊ အများဆုံးခံယူခဲ့ကြရသည့်စာတမ်းမှာ **“ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍ”**ပင်ဖြစ်သည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေခြင်းနှင့်ပတ်သက်၍ (၁)စာကြည့်တိုက်အတွက် ဘဏ္ဍာငွေနည်းပါးခြင်း၊ (၂)ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးအပါအဝင် ဆရာ၊ ဆရာမများ၏ စာကြည့်တိုက် ဗဟုသုတနည်းပါးခြင်း၊ (၃) စာမေးပွဲဖြေဆိုနိုင်ရေးကိုဦးစားပေးနေကြသဖြင့် စာကြည့်တိုက်အသုံးပြုရန် အချိန်မပေးနိုင်ခြင်း၊ (၄) ကျူရှင်မျိုးစုံကိုတက်နေကြရသဖြင့် စာကြည့်တိုက်ဘက်သို့ မရောက်နိုင်ကြခြင်း၊ (၅) စာကြည့်တိုက်ဆိုင်ရာလက်စွဲစာအုပ်များမရှိခြင်းဟူသော ဝေဖန်သုံးသပ်ချက်များထွက်ပေါ်လာခဲ့ကြသည်။

ထို့ပြင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် (၁)ဘဏ္ဍာငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဝန်ကြီးဌာနနှင့် အလှူရှင်များထံမှရယူရေး၊ (၂) ကျွမ်းကျင်စာကြည့်တိုက်မှူးများထားရှိရန် (ဆရာ၊ ဆရာမများကို စာကြည့်တိုက်မှူးသင်တန်းပေးရေး)၊ (၃) စာကြည့်တိုက်ဘာသာရပ်ကို တက္ကသိုလ်၊ ကောလိပ်များတွင် ပြဋ္ဌာန်းရန်၊ (၄) ကျောင်းစာသင်ချိန်အချိန်စာရင်းတွင် ကိုယ်လက်လှုပ်ရှားမှု(PT)ချိန်ကဲ့သို့ စာကြည့်တိုက်အသုံးပြုခွင့်အချိန်ပေးရန်၊ (၅) ကျောင်းသင်ခန်းစာများပို့ချကြရာတွင် သင်ကြားသည့်အကြောင်းအရာနှင့် ဆက်စပ်နေသည့်စာအုပ်များကို စာကြည့်တိုက်သို့စေလွှတ်ဖတ်ကြားကြစေရန် (ဥပမာ စာစီစာကုံးရေးသားရန်အတွက် ပြင်ပဗဟုသုတရစေမည့်စာအုပ်များကို ဖတ်ရှုလေ့လာစေရေးအတွက် လမ်းညွှန်ရန်) များဖြစ်သည်။

ထိုသို့ ဝေဖန်ဆွေးနွေးအကြံပေးတင်ပြချက်များ၏ အနှစ်ချုပ်မှာ (၁) သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးတချို့၏ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းစာကြည့်တိုက်များအပေါ် ထားရှိကြသည့် စေတနာတရားခေါင်းပါးမှုနှင့် တာဝန်ယူလိုစိတ်ကင်းမဲ့မှု၊ (၂) ပညာရေးစနစ်၏သားကောင်များဖြစ်နေကြရသော ကျောင်းသား၊ ကျောင်းသူများမှာလည်း ပြင်ပဗဟုသုတစာပေများထက် ကျောင်းပြဋ္ဌာန်းသင်ခန်းစာများကိုသာ နေ့မနားညမအား ကြက်တူရွေးစကားအတတ်သင်နေသကဲ့သို့ နှုတ်တိုက်ရွရွရွတ်ဆိုပြီး ဦးခေါင်းထဲ ဇွတ်သွတ်သွင်းနေကြရမှု၊ (၃) ကျန်းမာရေးလှုပ်ရှားမှုလုံးဝပြုလုပ်ချိန်မရကြဘဲ ကျောင်းနှင့်ကျူရှင် လွန်းပြန်ပြေးလွှားနေကြရသောကြောင့် စက်ရုပ်များသဖွယ်ဖြစ်နေမှုစသည့် ချို့ယွင်းအားနည်းချက်များကို ထောက်ပြကြပြီး **“အဓိကအားနည်းချက်မှာ ပညာရေးစီမံခန့်ခွဲမှု”** သာဖြစ်ကြောင်း မီးမောင်းထိုးပြသွားကြသည်။

လက်တွေ့ကွင်းဆင်းကြည့်ကြရာတွင်လည်း ဝေဖန်ကြသည့်အတိုင်း မှန်ကန်နေသည်။ ကျောင်းအုပ်ဆရာမကြီးတချို့က ကျောင်းစာကြည့်တိုက်များကို ပိတ်ထားကြသည်။ ဆရာမတချို့ကလည်း ကျောင်းသား၊ ကျောင်းသူတွေ သတင်းစာမဖတ်ကြသောကြောင့် သတင်းစာမဝယ်တော့ကြောင်း၊ ကလေးတွေက သတင်းစာမဖတ်လျှင် ထားပါတော့။ ဆရာမတွေကရော သတင်းစာမဖတ်ကြဘူးလား။ ပြင်ပဗဟုသုတကင်းမဲ့နေကြသော အဆိုပါ ဆရာ၊ ဆရာမများ၏ ကျောင်းစာကြည့်တိုက်အခြေအနေကို တွေးနေစရာမလိုဘဲ အဖြေကပေါ်နေလေပြီ။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် စာကြည့်တိုက်မှူးအဖြစ် (၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်ထိ) တာဝန်ထမ်းဆောင်ခဲ့သော **“အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ”**က စာကြည့်တိုက်ကို ဉာဏ်အလုပ်ရုံ၊ စာကြည့်တိုက်မှူးကို ဉာဏ်အလုပ်ရုံစီမံခန့်ခွဲသူ၊ ကျောင်းစာကြည့်တိုက်ကို ကျောင်းသားနှင့်ကျောင်းဆရာများအတွက် ဖွင့်လှစ်ထားသော ကျောင်းဆိုင်ရာဉာဏ်အလုပ်ရုံဟု တင်စားဂုဏ်ပြုခဲ့သည်။ ထို့ပြင် **“ပညာရှာသူ တို့ဝိုင်းကူ”**ဟူသော ဆောင်ပုဒ်ကိုတီထွင်ကာ စာပေဗဟုသုတမျိုးစုံကြွယ်ဝအောင် စာပေမျိုးစုံရှိကြသည့် စာကြည့်တိုက်များကို အားထားသွားလာ ရှာဖွေဖတ်ရှုမှတ်သားလိုက်နာကြသင့်ကြောင်း၊ ရေရှည်အရေးကို မြော်တွေး၍ လမ်းညွှန်မှုပေးခဲ့သည်။ လှုံ့ဆော်သမှုပြုခဲ့သည်။

စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် အခြေခံပညာဦးစီးဌာနတို့ပူးတွဲပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စာအုပ်ဖတ်ရှုလေ့လာမှုပြိုင်ပွဲ၊ ကျောင်းတွင်းစာပေဟောပြောပွဲ၊ စာအုပ်စာစောင်များ လှူဒါန်းပွဲ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ပွဲများကျင်းပခဲ့သည်။ ၎င်းလှုပ်ရှားမှုများကို အနယ်နယ်အရပ်ရပ်တွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ လေးနှစ်တိတိကျင်းပခဲ့ရာ ပွဲပေါင်း ၇၁ ပွဲအတွက် ငွေကျပ် ၅၃၂ သိန်းကုန်ကျခဲ့သည်။

၂၀၁၆ ခုနှစ်အစောပိုင်းတွင်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်၊ ခရိုင်နှင့်မြို့နယ်အလိုက် စာဖတ်ရှိန် မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်များကို ဆက်လက်ကျင်းပခဲ့ကြသည်။ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း(MLA)ကလည်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်မှူးသင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ စံမီကျောင်းစာကြည့်တိုက်များတိုးပွားအောင် လူအား၊ အတတ်ပညာကျွမ်းကျင်မှုအား၊ ပစ္စည်းကိရိယာအင်အား၊ အကြံဉာဏ်အားတို့ဖြင့် ပံ့ပိုးကူညီခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လိုအပ်သည်များကို အထွေထွေကူညီခြင်း စသည်ဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကူညီခဲ့ကြသည်။


သို့သော် အချို့သောကျောင်းအုပ်ကြီးများက ဝတ်ကျေတမ်းကျေ ဖော်ရှိုးဟန်ပြသဘောမျိုးသာ လုပ်ပြခဲ့ကြသည်။ စာကြည့်တိုက်ဖောင်ဒေးရှင်း၏ ကုန်ကျငွေဖြင့် စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ ကျင်းပကြလေတိုင်း နဝမတန်း၊ ဒသမတန်း ကျောင်းသားများကိုနားထောင်ခွင့်မပေးကြဘဲ အဖြစ်သဘောမျိုး အလယ်တန်းကျောင်းသားများကိုသာ နားထောင်ခွင့်ပေးကြလေ့ရှိသည်။ စာရေးဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများပါ သိသိကြီးနှင့်ခံနေခဲ့ကြရသည်။ ထို့ကြောင့် ငွေကုန်လူပန်းအမောသာ အဖတ်တင်နေသည်။ အချို့သောကျောင်းများတွင် ကျောင်းအုပ်ကြီးများက စိတ်အားထက်သန်စွာ ပူးပေါင်းကူညီကြသောကြောင့် ငွေကုန်လူပန်းရကျိုးနပ်သည်။ ပြင်ပစာကြည့်တိုက်တချို့ထက်ပင်စံမီကြပြီး ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်ကိုလည်း မြင့်မားစေသည်။ စာသင်ခန်း၊ စင်္ကြံများတွင် စာအုပ်စာစောင်များကိုထားရှိပြီး ကျောင်းဆင်းချိန်များ၊ မုန့်စားချိန်များတွင် လွယ်လင့်တကူဖတ်ရှုကြစေရန် စီစဉ်ပေးထားကြသည်။ တီထွင်ကြံဆမှုရှိကြသော ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများထံမှ စာအုပ်စာစောင်များ အလှူခံကြသည်။ စာအုပ်စာစောင်များ၏ သဘောသဘာဝက ခေတ်နောက်ကျသည်မရှိဘဲ မဖတ်ရသေးသူများအတွက် အသစ်အဆန်းများသာဖြစ်ရာ စာဖတ်ကျင့်ရလာပါက ဖတ်ရှုကြမည်သာဖြစ်သည်။

ဆရာ၊ ဆရာမများက ဘာကြေးညာကြေး၊ ကြေးအမျိုးမျိုးတောင်းခံကြတိုင်း မိဘအုပ်ထိန်းသူများက ကိုယ့်သားသမီးမျက်နှာမငယ်ကြစေရေးအတွက် ရှာကြံပေးခဲ့ကြရသည်ဖြစ်ရာ ကိုယ့်အိမ်မှာဖတ်ရှုပြီးသား စာအုပ်စာစောင်များကို အလှူခံကြပါက ကျောင်းစာကြည့်တိုက်များတွင် စာအုပ်စာစောင်များ၊ စဉ်ဆက်မပြတ်ပြည့်လျှံသွားနိုင်သည်။ စေတနာထားကြလျှင် ကျောင်းစာကြည့်တိုက်များ တည်တံ့ဖွံ့ဖြိုးလာနိုင်သည်။

❖ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့်အခြေခံပညာဦးစီးဌာနတို့ပူးတွဲပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စာအုပ်ဖတ်ရှုလေ့လာမှုပြိုင်ပွဲ၊ ကျောင်းတွင်းစာပေဟောပြောပွဲ၊ စာအုပ်စာစောင်များ လှူဒါန်းပွဲ၊ ထူးချွန် ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ပွဲများကျင်းပခဲ့သည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၁၉၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၁၉၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးလျာထား ၅၂၁၉၆၄ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၅၁၉၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြောင်းမြမြို့နယ်တွင် ၁၆၅၇၃၈ ဧက၊ အိမ်မဲမြို့နယ်တွင် ဧက ၁၄၃၀၁၀၊ ဝါးခယ်မမြို့နယ်တွင် ၂၁၃၂၁၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ မိုးစပါး ဧက ၅၂၀၀၀၀ ကျော်ထိ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ စပါး ဧက ၅၀၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာသီမှာလဲ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် လုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပေါင်းစပ်ဆောင်ရွက်ပေးထားပါတယ်။ မိုးစပါးကို ခရိုင်ထဲက ဝါးခယ်မမြို့နယ်မှာ အများဆုံးစိုက်ပျိုးမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်သည့် ဌာနများက စပါးစိုက်ပျိုးသူ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

ဤမျှတင်ပြနေသည့်အခြေအနေကိုဆန်းစစ်ကြည့်ပါက ကျောင်းစာကြည့်တိုက်များမရှိဘူးဟု နားပင်းချင်ယောင်၊ မျက်စိကန်းချင်ယောင်ဆောင်နေကြသော အဆိုးမြင်သမားများ အမြင်မှန်ရကြစေချင်သည်။ သို့သော် ကျောင်းစာကြည့်တိုက်ပေါင်းများစွာရှိနေကြသည့် ပမာဏထဲမှ စံမီပြီးသက်ဝင်ရှင်သန်ဖွံ့ဖြိုးနေကြသည့် ကျောင်းစာကြည့်တိုက်ပမာဏက အလွန်နည်းပါးနေပြီး နာမည်ခံဟန်ပြကျောင်းစာကြည့်တိုက်အရေအတွက်က ဝမ်းနည်းဖွယ်ကောင်းလောက်အောင် များပြားနေသည်။

ထို့ကြောင့် **"ပညာရေးစီမံခန့်ခွဲမှု"**ကို ဆန်းစစ်လေ့လာ အဖြေရှာသင့်သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းစာကြည့်တိုက်များအတွက် စည်းကမ်းချက်များ သတ်မှတ်ပေးသင့်သည့်အပြင် ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြပ်မတ်လမ်းညွှန်ပေးသင့်သည်။

ယခုအခါ ပညာရေးဝန်ကြီးဌာနကလည်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပံ့ပိုးလှုံ့ဆော်ပေးနေရာ သက်ဆိုင်ရာတာဝန်ရှိသူများ စိတ်ပါဝင်စားစွာ လိုက်နာအကောင်အထည်ဖော်ပေးသင့်ကြသည်။ တပည့်ကျောင်းသား၊ ကျောင်းသူများကို မိမိတို့၏ ရင်သွေးများအလား စေတနာထားကြစေချင်သည်။

စာရေးသူက အကြောင်းမဲ့ပြောဆိုသုံးသပ်နေခြင်းမဟုတ်ပါ။ ပညာရေးဝန်ကြီးဌာနက ကျောင်းစာကြည့်တိုက်ဝင်ချိန် သတ်မှတ်ပေးထားသောကြောင့် ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်ချိန်တွင် ကျောင်းစာကြည့်တိုက်သို့ ဝင်ရောက်ဖတ်ရှုခွင့်ရကြသည်။ သို့သော် အချို့ကျောင်းများတွင် ဖတ်ဖွယ်မှတ်ဖွယ်စာအုပ်စာစောင်များကို စာအုပ်ဗီရိုများထဲတွင် သော့ခတ်သိမ်းထားကြပြီး စာကြည့်စားပွဲများပေါ်တွင် ဒသမတန်းကျောင်းသား၊ ကျောင်းသူများအရွယ်နှင့်မကိုက်ညီသော တေဇ၊ ရွှေသွေးစသည့် ကာတွန်း၊ စာအုပ်စာစောင်များသာ တင်ထားကြသည်။ စာအုပ်များ စုတ်ပြဲပျောက်ဆုံးသွားကြမှာကို စိုးရိမ်သောကြောင့်ဖြစ်ကြသည်။ ထို့ကြောင့် အတန်းကြီးကျောင်းသား၊ ကျောင်းသူများက စာကြည့်တိုက်ထဲတွင် ပြင်ပစာများကို လုံးဝမဖတ်ကြတော့ဘဲ၊ ဖတ်ခွင့်မရကြတော့ဘဲ၊ ကျောင်းစာများကိုပဲ ဖတ်မှတ်လေ့ကျင့်နေကြပါတော့သည်။ အချို့ကျောင်းသား၊ ကျောင်းသူများကတော့ ရောက်တတ်ရာရာ စကားမျိုးစုံကို ပြောမကုန်ဖြစ်နေကြပါတော့သည်။ ထိုသို့သော ကျောင်းစာကြည့်တိုက်မျိုးများကို ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်က ဝေဖန်ကဲ့ရဲ့နေကြလေရာ ရှက်ဖွယ်လိလိပါတကား။

နိုင်ငံ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက နိုင်ငံနှင့်လူမျိုးအတွက် အလေးအနက်ထားတွန်းအားပေးဆောင်ရွက်နေကြချိန်တွင် မိမိတို့က ပေါ့ပေါ့ဆဆရုပ်ပြလုပ်နေကြပါက ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုသလို ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနှောင့်ယှက်ပြက်ရယ်ပြုနေကြသည့်သဘော သက်ရောက်နေသည်။ ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျောင်းစာပညာရေးသာမက၊ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြပ်မတ်စစ်ဆေးနေကြသင့်သည်။ အချုပ်ဆိုရလျှင် နိုင်ငံ၏ အနာဂတ်သားကောင်း ရတနာများ တိုးပွားထွန်းကားလာနိုင်ကြစေရေးအတွက် ရေရှည်အရေးကိုမြော်တွေးကြကာ ဆရာဇော်ဂျီ၏ **"ပညာရှာသူတို့ဝိုင်းကူ"**ဟူသော ဆောင်ပုဒ်နှင့်အညီ တာဝန်ရှိကြသူများအနေဖြင့် စေတနာကိုယ်စီထားကြကာ ဝိုင်းဝန်းကူညီကြစေချင်ပါသည်။

## တို့တိုင်းပြည် တို့ရှေ့ရေး

- တို့တိုင်းပြည် တို့ရှေ့ရေး
မြော်တွေးလို့ ဆင်ခြင်ပါ၊
စွမ်းနိုင်ရာ တစ်ဖက်တစ်လမ်းက
ဝန်ထမ်းကာသာ၊
ကြိုးစားကြ မောင်မယ်စုံစွာ
ရည်ရွယ်ကာ ကောင်းအကျိုး၊
တတ်ပညာ ဗဟုသုတနှင့်
တုပသယ်ပိုး။

- ရှုံးနိမ့်ရာ မရှိရိုး
သိစိတ်မို့ ဉာဏ်မြော်မြင်၊
တန်းတူညီ အခွင့်အရေး
ချင့်တွေးစေချင်၊
ပေးစွမ်းကြ စိတ်ကောင်းအင်
မေတ္တာအစဉ် ပေးအပ်လျက်၊
တို့တိုင်းပြည် တို့ရှေ့ရေး
မြော်တွေးဆောင်ရွက်။

- ဘိုးဘွားဘီဘင် ခေတ်ဆက်ဆက်
ရှင်သန်လျက် သမိုင်းဂုဏ်၊
စည်းလုံးမှု မပျက်ယွင်း
ချစ်ခြင်းမကုန်၊
အပြစ်မြင်ခြင်း မရှိပုံ
ယုံကြည်ကာ တူလက်တွဲ၊
ပြည်မြန်မာ အလှလွှမ်းဖို့
ကြိုးပမ်းအမြဲ။

- တောင်တန်းနှင့် မြေပြန့်မခွဲ
တစ်စိတ်တစ်ဝမ်းတည်း အတူနေ၊
ခက်ခဲကြုံ မညည်းစတမ်း
ဖြတ်သန်းကာပေ၊
ရွှင်လန်းလို့ ပြုံးပျော်စေ
မုန်းစိတ်မဝေ ဖြူစင်အတွေး၊
တို့ခေတ်မှာ တို့ကြိုးစားလို့
တိုးပွားစေလေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုထံ တရုတ်သမ္မတ ရှီကျင့်ဖျင်ဂုဏ်ပြုသဝဏ်လွှာပေးပို့

**ပေကျင်း ဩဂုတ် ၁**

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲတွင် တတိယအကြိမ်ဆက်လက်အနိုင်ရရှိခဲ့သော လက်ရှိသမ္မတ နီကိုလပ်စ်မာဒူရိုကို တရုတ်သမ္မတ ရှီကျင့်ဖျင်က ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခဲ့ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုထံပေးပို့ခဲ့သော ဂုဏ်ပြုသဝဏ်လွှာတွင် တရုတ်နှင့် ဗင်နီဇွဲလားနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို တရုတ်သမ္မတ ရှီကျင့်ဖျင်က ထပ်လောင်းအတည်ပြုထားသည်။

အမျိုးသား အချုပ်အခြာအာဏာ၊ အမျိုးသားဂုဏ်သိက္ခာနှင့် လူမှုတည်ငြိမ်မှုတို့ကို ထိန်းသိမ်းကာကွယ်ရေးအတွက် ဗင်နီဇွဲလားနိုင်ငံ၏ ကြိုးပမ်းမှုများကို တရုတ်နိုင်ငံက အမြဲတမ်းထောက်ခံအားပေးမည်ဖြစ်ကြောင်း တရုတ်သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဇူလိုင် ၂၈ ရက်က ကျင်းပခဲ့သော ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ နီကိုလပ်စ်မာဒူရိုက ထောက်ခံမဲ ၅၁ ရာခိုင်နှုန်းဖြင့်အနိုင်ရရှိထားကြောင်း ဗင်နီဇွဲလား ရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ဗင်နီဇွဲလား ရွေးကောက်ပွဲကော်မရှင်၏ မဲရလဒ်ကိုလက်ခံရန် အတိုက်အခံများက ငြင်းပယ်ထားပြီး လုပ်ကြံလိမ်ညာထားသောမဲရလဒ်အဖြစ် ဝေဖန်ထားသည်။

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲမဲရလဒ်ကို ဗင်နီဇွဲလား၏ အဓိကမဟာမိတ်များဖြစ်ကြသော ရုရှား၊ ကျူးဘား၊ ဟွန်ဒူးရပ်စ်နှင့် ဘိုလီးဗီးယားနိုင်ငံတို့ကလည်း ထောက်ခံထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တရုတ်ပြည်သူ့ရေးရာတက္ကသိုလ်၌ လက်ထပ်ထိမ်းမြားမှုဆိုင်ရာဘွဲ့သင်တန်းဖွင့်လှစ်မည်

**ပေကျင်း ဩဂုတ် ၁**

လက်ထပ်ထိမ်းမြားမှုဆိုင်ရာ အကြောင်းအရာ မှန်သမျှအတွက် တက္ကသိုလ်ဘွဲ့ဒီဂရီအဆင့်သင်တန်းကို တရုတ်နိုင်ငံ၌ ယခုနှစ် စက်တင်ဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါသင်တန်းကို တရုတ်ပြည်သူ့ရေးရာတက္ကသိုလ်က ဖွင့်လှစ်မည်ဖြစ်ပြီး ပြည်နယ်ပေါင်း ၁၂ ခုတို့မှ ဘွဲ့ယူသင်တန်းသားဦးရေ ၇၀ တက်ရောက်မည်ဖြစ်သည်။

ယင်းသင်တန်း၌ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လက်ထပ်ပွဲများစီစဉ်မှု၊ အောင်သွယ်လုပ်ငန်းပြုလုပ်မှုစသည့်နယ်ပယ်များအတွက် လက်တွေ့လေ့ကျင့်မှုများလည်းပြုလုပ်ရမည်ဖြစ်သည်။

လက်ထပ်ထိမ်းမြားမှုဆိုင်ရာ ဘာသာရပ် ဘွဲ့ဒီဂရီသင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများသည် လူမှုရေး၊ မိသားစုကျင့်ဝတ်နှင့်စီမံခန့်ခွဲမှုကဲ့သို့ ဘာသာရပ်များကိုလည်း တွဲဖက်သင်ကြားရမည်ဖြစ်ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်ပြည်သူ့ရေးရာတက္ကသိုလ်၏ အဆိုပါဘွဲ့ဒီဂရီသင်တန်းသည် တရုတ်နိုင်ငံ၏ ပထမဆုံးလက်ထပ်ထိမ်းမြားမှုဘာသာရပ် ဘွဲ့ဒီဂရီသင်တန်းဖြစ်သည်။

တရုတ်ပြည်သူများ အိမ်ထောင်ပြုရေး၊ ကလေးမွေးဖွားရေးတို့အတွက် အစိုးရကတွန်းအားပေးနေစဉ် လက်ထပ်ထိမ်းမြားမှုဆိုင်ရာဘွဲ့ဒီဂရီသင်တန်းကို ဖွင့်လှစ်ရန် တရုတ်ပြည်သူ့ရေးရာတက္ကသိုလ်က စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ရေဘေးသင့်မြောက်ကိုရီးယားအတွက် အကူအညီများ တောင်ကိုရီးယားကမ်းလှမ်း



**ဆိုးလ် ဩဂုတ် ၁**

မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှုများနှင့် ရင်ဆိုင်နေရသော မြောက်ကိုရီးယားနိုင်ငံ အတွက် တောင်ကိုရီးယားနိုင်ငံက အကူအညီများ ကမ်းလှမ်းထားကြောင်း ဇူလိုင် ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် မိုးသည်းထန်စွာရွာသွန်းမှု၊ရေကြီးမှုများနှင့်ရင်ဆိုင်နေရပြီး လူနေအိမ်ရာပေါင်းများစွာနှင့် လယ်ယာစိုက်ခင်းများရေမြုပ်လျက်ရှိသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ် ၄၁၀၀ နှင့် လယ်ယာစိုက်ခင်း ဧက ၇၄၁၀ တို့မှာ ရေနစ်မြုပ်နေကြောင်း မြောက်ကိုရီးယား အစိုးရမီဒီယာများက ဇူလိုင် ၃၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သဘာဝဘေးဒဏ်များကြောင့် အကူအညီလိုအပ်နေသည့် မြောက်ကိုရီးယားပြည်သူများထံအကူအညီများအမြန်ဆုံးပေးအပ်လိုကြောင်း တောင်ကိုရီးယားအစိုးရ၏ တောင်ကိုရီးယားကျွန်းဆွယ် ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယား နိုင်ငံ၏ အဆိုပါကမ်းလှမ်းချက်ကို မြောက်ကိုရီးယားအစိုးရက တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံတို့သည် ၁၉၅၀-၁၉၅၃ ကိုရီးယားကျွန်းဆွယ်စစ်ပွဲကို အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဖြင့် အဆုံးသတ်ထားခြင်းဖြစ်ရာ လက်တွေ့အားဖြင့် စစ်ဖြစ်နေဆဲအခြေအနေတွင် ရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဖိလစ်ပိုင်နိုင်ငံက ၂၀၂၅ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၈ ဘီလီယံသုံးစွဲမည်

**မနီလာ ဩဂုတ် ၁**

၂၀၂၅ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်အဖြစ် ပီဆိုငွေ ၂၅၆ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၈ ဘီလီယံ)ထိ သုံးစွဲရန် ဖိလစ်ပိုင်နိုင်ငံက စီစဉ်ထားကြောင်း ဇူလိုင် ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံအစိုးရ၏ ၂၀၂၅ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်မှာ ယခုနှစ်ကာကွယ်ရေးအသုံးစရိတ်ထက် ၆ ဒသမ ၄ ရာခိုင်နှုန်းပိုမိုများပြားကြောင်း သိရသည်။

တောင်တရုတ်ပင်လယ်ဒေသ၌ တရုတ်နိုင်ငံနှင့် တင်းမာမှုများမြင့်တက်နေစဉ် ၂၀၂၅ ခုနှစ်ကာကွယ်ရေးအသုံးစရိတ်ကို မြှင့်တင်ရန် ဖိလစ်ပိုင်နိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံအစိုးရက အဆိုပြုထားသည့် ၂၀၂၅ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်သည် ၂၀၂၅ ခုနှစ် အစိုးရအသုံးစရိတ် ပမာဏ၏ ၄ ဒသမ သုည ရာခိုင်နှုန်းနှင့် ညီမျှသည်။

၂၀၂၅ ခုနှစ် အစိုးရအသုံးစရိတ်ကို ပီဆိုငွေ ၆ ဒသမ ၃၅ ထရီလီယံထိသုံးစွဲရန် ဖိလစ်ပိုင်အစိုးရက ရည်ရွယ်ထားသည်။

လက်ရှိအချိန်တွင် ဖိလစ်ပိုင်အစိုးရသည် ၂၀၂၅ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်နှင့် အစိုးရအသုံးစရိတ် အဆိုပြုချက်များကို လွှတ်တော်သို့တင်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ငါးဖမ်းသင်္ဘောနှင့် ရေတပ်သင်္ဘောဝင်တိုက်မှုအတွက် သီရိလင်္ကာသံအမတ်ကို အိန္ဒိယဆင့်ခေါ်ကန့်ကွက်

**ဒေလီ ဩဂုတ် ၁**

အိန္ဒိယငါးဖမ်းသင်္ဘောတစ်စီးနှင့် သီရိလင်္ကာရေတပ်သင်္ဘောတစ်စီးတို့ဝင်တိုက်မှုဖြစ်စဉ်အတွက် အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သီရိလင်္ကာသံအမတ်ကြီးကို ဆင့်ခေါ်ကန့်ကွက်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာရေတပ်သင်္ဘောနှင့် အိန္ဒိယငါးဖမ်းသင်္ဘောတို့ဝင်တိုက်ခဲ့ပြီးနောက် အိန္ဒိယရေလုပ်သားတစ်ဦးသေဆုံး၍ တစ်ဦးပျောက်ဆုံးနေကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သင်္ဘောနှစ်စီးဝင်တိုက်မှုဖြစ်စဉ်သည် သီရိလင်္ကာနှင့် အိန္ဒိယတို့ကြား ပိုင်ဆိုင်ခွင့်ပြဿနာရှိနေသည့် ကတ်ချာဟီဗူအမည်ရှိ ကျွန်းတစ်ကျွန်း၏မြောက်ဘက် ရေပိုင်ငါးပိုင်ခန့်အကွာတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကတ်ချာဟီဗူ ကျွန်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ က သီရိလင်္ကာနိုင်ငံသို့ အိန္ဒိယနိုင်ငံက လွှဲပြောင်းပေးအပ်ထားသည့်ကျွန်းဖြစ်သည်။

သို့ရာတွင် ပိုင်ဆိုင်ခွင့်အငြင်းပွားမှုရှိနေဆဲဖြစ်ကာ ၎င်းကျွန်းဝန်းကျင်၌ အိန္ဒိယရေလုပ်သားများဝင်ရောက်ငါးဖမ်းမှုကို သီရိလင်္ကာနိုင်ငံက ပိတ်ပင်ထားကြောင်း သိရသည်။

အဆိုပါကျွန်းအနီး သီရိလင်္ကာရေတပ်သင်္ဘောနှင့်ဝင်တိုက်ခဲ့သော အိန္ဒိယ ငါးဖမ်းသင်္ဘောပေါ်တွင် ရေလုပ်သားလေးဦး လိုက်ပါလာကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## လှိုင်းလတ်ကြိမ်နှုန်းသုံး ရေဒီယိုအင်တင်နာများကို တရုတ်သိပ္ပံပညာရှင်များက တောင်အာဖရိကနိုင်ငံသို့ ရေကြောင်းခရီးဖြင့် တင်ပို့ခဲ့



**ပေကျင်း ဩဂုတ် ၁**

SKA အမည်ရှိ ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီစကုပ်ကွန်ရက်အတွက် တည်ဆောက်ပေးထားသည့် လှိုင်းလတ်ကြိမ်နှုန်းသုံး ရေဒီယို အင်တင်နာများကို တရုတ်သိပ္ပံပညာရှင်များက တောင်အာဖရိကနိုင်ငံသို့ ဇူလိုင် ၃၁ ရက်တွင် ရေကြောင်းခရီးဖြင့် တင်ပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေဒီယိုအင်တင်နာများကို ဟီပေပြည်နယ်ရှိ ကျားကျောင်းမြို့မှတစ်ဆင့် တောင်အာဖရိကနိုင်ငံသို့ တရုတ်သိပ္ပံပညာရှင်များက ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SKA မြေပြင်အခြေစိုက် ရေဒီယို တယ်လီစကုပ်ကွန်ရက်ကို တရုတ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၀ နိုင်ငံတို့ ပူးပေါင်းတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဒီယိုတယ်လီစကုပ်ကွန်ရက်တွင် ရေဒီယိုအင်တင်နာအရေအတွက် ထောင်နှင့်ချီပါဝင်မည်ဖြစ်ပြီး ဩစတြေးလျနှင့် အာဖရိကတိုက်တို့၌နေရာခွဲ၍ တပ်ဆင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် SKA ရေဒီယိုတယ်လီစကုပ်ကွန်ရက် အင်တင်နာ ၆၃ ခုအတွက်ဒီဇိုင်းပုံစံ၊ ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ ပေါင်းစပ်တပ်ဆင်ရေးနှင့် လုပ်ငန်းလည်ပတ်ရေးတာဝန်များ ရယူထားကြောင်း သိရသည်။

SKA ရေဒီယိုတယ်လီစကုပ်ကွန်ရက် တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ကာဗွန်ဓာတ်ငွေ့ သိုလှောင်ထားနိုင်မှုနှုန်းမြင့်မားသည့် သစ်ထည်အသစ်တစ်မျိုးကို သိပ္ပံပညာရှင်များက သဘာဝသစ်တောများအတွင်း ရှာဖွေတွေ့ရှိ

**လန်ဒန် ဩဂုတ် ၁**

ကာဗွန်ဓာတ်ငွေ့ သိုလှောင်ထားနိုင်မှုနှုန်း မြင့်မားသည့် သစ်ထည်အသစ်တစ်မျိုးကို သိပ္ပံပညာရှင်များက သဘာဝသစ်တောများအတွင်း ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

ကျူးလစ်ပင် (Tulip Trees) ခေါ် အဆိုပါသစ်ပင်သည် အခြား သစ်မာပင်၊ သစ်ပျော့ပင်များနှင့်မတူဘဲ ထူးဆန်းသည့် သစ်ပင်တစ်မျိုးဖြစ်သည်ဟု ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

စံကားပင်များနှင့်မျိုးချင်းနွယ်သော ကျူးလစ်ပင်များသည် ကာဗွန် သိုလှောင်ထားနိုင်မှုနှုန်းလွန်စွာမြင့်မားသည့် အပင်များဖြစ်ကြကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



ဗြိတိန်သိပ္ပံပညာရှင်များသည် Cryo-SEM အမည်ရှိ အီလက်ထရွန် မိုက်ခရိုစကုပ်ကိုသုံး၍ ကျူးလစ်ပင်များ၏ ဆဲလ်အဆင့်ဖွဲ့စည်းပုံကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကျူးလစ်သစ်ပင်များသည် အခြားမည်သည့် သစ်မာပင်မျိုးထက်မဆို Macro-fibrils ခေါ် အမျှင်တန်းများပါဝင်မှု ပို၍မြင့်မားသည်ကို တွေ့ရှိရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကျူးလစ်ပင်များသည် Lirio-dendron ခေါ် ရှေးဟောင်းရုက္ခမျိုးစုဝင် ရှေးဟောင်းအပင်များမှ ဆင်းသက်လာသော အပင်များဖြစ်ကြကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာ လွှတ်တင်ထားသောတက်ဒ်ဂြိုဟ်တုက TOI-1408 ကြယ်ကို ဗဟိုပြုလှည့်ပတ်နေသည့် ဒုတိယမြောက်ဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိခဲ့

**ဝါရှင်တန် ဩဂုတ် ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော တက်ဒ်ဂြိုဟ်တုသည် TOI-1408 ကြယ်ကို ဗဟိုပြုလှည့်ပတ်နေသည့် ဒုတိယမြောက်ဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

တက်ဒ်ဂြိုဟ်တုက ရှာဖွေတွေ့ရှိထားသော အဆိုပါဂြိုဟ်ကို TOI-1408 c ဟူ၍ နာဆာသိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

TOI-1408 c ဂြိုဟ်သည် ကမ္ဘာမြေထက် အရွယ်အစားအားဖြင့် နှစ်ဆခန့် ပိုကြီးမားကြောင်း နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

TOI-1408 ကြယ်သည် ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၄၅၃ နှစ် အကွာတွင်တည်ရှိပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၂ ဒသမ ၇ ဘီလီယံထိ ရှိကြောင်း သိရသည်။

အဆိုပါ ကြယ်ကိုဗဟိုပြုလှည့်ပတ်နေသည့် ပထမဆုံးဂြိုဟ်ကို တက်ဒ်ဂြိုဟ်တုကပင် ၂၀၂၃ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး TOI-1408 b ဟူ၍ အမည်ပေးထားကြောင်း သိရသည်။

အသစ် ထပ်မံတွေ့ရှိထားရသည့် TOI-1408 c ဂြိုဟ်သည် မိခင်ကြယ်ကို ကမ္ဘာမြေရက်အားဖြင့် ၄ ဒသမ ၄၂ ရက်လျှင် တစ်ကြိမ်ကျ လှည့်ပတ်နေကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## အူမကြီးကင်ဆာ ဖော်ထုတ်ပေးနိုင်မည့် သွေးစစ်နည်းတစ်မျိုးကို အသုံးပြုခွင့်ပေးရန် အမေရိကန် FDA က သဘောတူခဲ့

**နယူးယောက် ဩဂုတ် ၁**

အူမကြီး ကင်ဆာရောဂါကို ဖော်ထုတ်ပေးနိုင်မည့် သွေးစစ်နည်းပုံစံသစ်တစ်မျိုးကို လက်တွေ့အသုံးပြုခွင့်ပေးရန် အမေရိကန်အစားအစာနှင့်ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) က ဇူလိုင် ၂၉ ရက်တွင် သဘောတူခဲ့ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

အဆိုပါအူမကြီးကင်ဆာ သွေးစစ်နည်းကို အမေရိကန်နိုင်ငံအခြေစိုက် Guardant Health ကုမ္ပဏီက ဖန်တီးထားခြင်းဖြစ်သည်။

Shield အမည်ရှိ အဆိုပါ သွေးစစ်နည်းသည် အူမကြီးကင်ဆာဖြစ်နိုင်ခြေ မြင့်မားသူများအတွက် အဆိုးထက် အကျိုးပိုများသည်ဟု FDA အကြံပေးဘုတ်အဖွဲ့က ယခုနှစ်မေလတွင် အတည်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် Shield သွေးစစ်နည်းကို အူမကြီးကင်ဆာဖြစ်နိုင်ခြေ မြင့်မားသူများအတွက် အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း FDA က သတင်းထုတ်ပြန်ထားသည်။

Shield သွေးစစ်နည်းသည် အူမကြီးကင်ဆာရောဂါစစ်ဆေးရာတွင် အသုံးပြုခွင့်ရထားသောဒုတိယမြောက် သွေးစစ်နည်းဖြစ်ကြောင်း သိရသည်။

FDA သည် ၂၀၁၆ ခုနှစ်တွင် Epigenomics ကုမ္ပဏီ၏ Epi Procolon အမည်ရှိ အူမကြီးကင်ဆာသွေးစစ်နည်းကို အသုံးပြုခွင့်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## သွေးစစ်ဆေးနည်းတစ်မျိုးက ဗက်တီးရီးယားကူးစက်မှုကြောင့် Sepsis ကုသရေးအတွက် ရယူရမည့်အချိန်ကိုလျှော့ချပေးနိုင်

**ဆိုးလ် ဩဂုတ် ၁**

သွေးစစ်ဆေးနည်း ပုံစံသစ်တစ်မျိုးသည် ဗက်တီးရီးယားကူးစက်မှုကြောင့် သွေးအဆိပ်သင့်မှုပြဿနာ(Sepsis) ကုသရေးအတွက် ရယူရမည့်အချိန်ကာလကို လျှော့ချပေးနိုင်ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

တောင်ကိုရီးယား ဆေးပညာရှင်များ လက်ရှိစမ်းသပ်နေသည့် အဆိုပါသွေးစစ်နည်းပုံစံသစ်သည် Sepsis ၏ အဓိကလက်သည် ဗက်တီးရီးယားကို လျင်မြန်စွာဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

လက်ရှိအသုံးပြုနေသော Sepsis ရောဂါ စစ်ဆေးနည်းများမှာ တရားခံ ဗက်တီးရီးယားကို ဖော်ထုတ်ရေးအတွက် ရက်အနည်းငယ်မျှ အချိန်ယူရသည်။

လက်ရှိ Sepsis ရောဂါစစ်ဆေးနည်းများမှာ အဖြေပေါ်ရန် နာရီ ၃၀ မှ ၄၀ ထိ ကြာမြင့်သော်လည်း မိမိတို့၏သွေးစစ်နည်းမှာ ၁၂ နာရီအတွင်း အဖြေထုတ်ပေးနိုင်ကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ သွေးစစ်ဆေးနည်းပုံစံသစ်ကို လာမည့်သုံးနှစ်အတွင်း လက်တွေ့အသုံးချနိုင်ရန် တောင်ကိုရီးယား သုတေသနပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

Sepsis ရောဂါသည် နှစ်စဉ် ကမ္ဘာတစ်ဝန်း လူပေါင်း သန်း ၄၀ ကျော် ရင်ဆိုင်နေရသည့် ကျန်းမာရေးပြဿနာဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အေစီမီလန်အသင်းက ပါဗလိုဗစ်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်

မီလန် ဩဂုတ် ၁

အေစီမီလန်အသင်းသည် ဆဲလ်ဘတ်အသင်းမှ ခံစစ်ကစားသမား ပါဗလိုဗစ်ကို ပြောင်းရွှေ့ကြေး ယူရို ၁၈သန်းဖြင့်ခေါ်ယူ၍ ၂၀၂၈ ခုနှစ်ထိ သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အေစီမီလန် အသင်းသည် ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက ပါဗလိုဗစ်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး ကစားသမားအနေဖြင့် တနင်္လာနေ့က မီလန်မြို့သို့ ရောက်ရှိခဲ့ကာ ဆေးစစ်မှုပြုလုပ်ခဲ့ပြီးနောက် ယနေ့တွင် အပြီးသတ်စာချုပ် ချုပ်ဆို၍ စာချုပ်တွင် တစ်နှစ်သက်တမ်းတိုးခွင့်လည်းပါရှိခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ဆာဘီးယားခံစစ်ကစားသမားသည် ပါတီဇန်အသင်း လူငယ်အကယ်ဒမီတွင် ကစားသမားဘဝစတင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အသင်းကြီးတွင် ပထမဆုံးပွဲထွက်ကစားခွင့်ရရှိခဲ့ကာ အသင်းနှင့်အတူဘောလုံးရာသီနှစ်ရာသီတွင် ပြိုင်ပွဲစုံ ၅၇ ပွဲပါဝင်ခဲ့ပြီး သွင်းဂိုး နှစ်ဂိုးယူ၍ ဆုဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် ပါဗလိုဗစ်သည် မိုနာကိုအသင်း၊ ကလပ်ဘရူဂျက်အသင်း၊ ဘေဆယ်အသင်းတို့တွင် ကစားခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဩစတြီးယားကလပ် ဆဲလ်ဘတ်အသင်းသို့ပြောင်းရွှေ့ခဲ့ကာ ပြိုင်ပွဲစုံ ၇၁ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ခြောက်ဂိုးသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် အသင်းနှင့်အတူ အမှတ်ပေးချန်ပီယံဆုဖလားတစ်ကြိမ်ရယူနိုင်ခဲ့သည်။

လက်ရှိတွင် အေစီမီလန်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းမှ ဂျင်မီနက်ဇ်၊ အေတီကိုအသင်းမှ မိုရာတာနှင့် ခံစစ်ကစားသမား ပါဗလိုဗစ်တို့ကို ခေါ်ယူနိုင်ခဲ့ပြီး ပါဗလိုဗစ်သည် ကျောနံပါတ် ၃၁ ကိုဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ❑ စပါအသင်းက ဝုဗ်အသင်းကွင်းလယ်ကစားသမား ပက်ထရိုနက်တိုကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရယူနိုင်ခဲ့ကြောင်း သိရသည်။
- ❑ ရီးရဲလ်မက်ဒရစ်အသင်းသည် ဂိုးသမား လူနင်နှင့် ဂိုးသမား ကီပါကို အလဲအထပ်ပြုလုပ်ရန် ချဲလ်ဆီးအသင်းနှင့် ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိရန်နီးစပ်နေကြောင်း သိရသည်။
- ❑ မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီနှစ်ရာသီက ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ချမှတ်ထားသည့် စည်းမျဉ်းများကို ၂၂ ကြိမ်ချိုးဖောက်ခဲ့မှုကြောင့် ဒဏ်ငွေ စတာလင်ပေါင် နှစ်သန်းပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။
- ❑ ၂၀၂၄ ကိုပါအမေရိကဖလားအကောင်းဆုံးအသင်းလူစာရင်းတွင် တိုက်စစ်မှူးမက်ဆီပါဝင်ခဲ့ကြောင်း သိရသည်။
- ❑ ကွင်းလယ်ကစားသမား ဂယ်လာဟာကို စတာလင်ပေါင် ၃၃ သန်းဖြင့်ရောင်းချရန် ချဲလ်ဆီးအသင်းနှင့် အေတီကိုအသင်းတို့ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ **ML**

# အိုလံပစ်ပြိုင်ပွဲတွင် ကနေဒါအမျိုးသမီးအသင်း ရမှတ်လျှော့ပြစ်ဒဏ်ကျခံရသော်လည်း ကွာတားဖိုင်နယ်တက်ရောက်



ပဲရစ် ဩဂုတ် ၁

ကနေဒါ အမျိုးသမီးအသင်းသည် နယူးဇီလန်အသင်းလေ့ကျင့်ရေးအစီအစဉ်ကိုဒရုန်းဖြင့် ထောက်လှမ်းခဲ့သည့်အတွက် ရမှတ်ခြောက်မှတ်လျှော့ပြစ်ဒဏ် ကျခံခဲ့ရသော်လည်း အုပ်စုပွဲစဉ် သုံးပွဲစလုံးနိုင်ပွဲရရှိခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိ အိုလံပစ်ချန်ပီယံ ကနေဒါအသင်းသည် နယူးဇီလန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်အပြီးတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ရမှတ်ခြောက်မှတ်လျှော့ပြစ်ဒဏ် ချမှတ်ခဲ့သောကြောင့် အုပ်စုမှကျော်ဖြတ်နိုင်ရန် အခက်တွေ့ခဲ့ပြီး အုပ်စုဒုတိယပွဲစဉ်တွင် ပြင်သစ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ရမှတ်ခြောက်မှတ်လျှော့ပြစ်ဒဏ်ကြောင့် ရမှတ်မရရှိသေးသော်လည်း အုပ်စုမှတက်ရောက်နိုင်ရန် အခွင့်အရေးရှိလာခဲ့ပြီး ယခုပွဲစဉ်တွင် ကိုလံဘီယာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် အုပ်စုပွဲစဉ်အပြီးတွင် ရမှတ်သုံးမှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အုပ်စုပွဲစဉ်အပြီးတွင် အိမ်ရှင်ပြင်သစ်အသင်းက ရမှတ်ခြောက်မှတ်ဖြင့် အဆင့်(၁)၊ ကနေဒါအသင်းက ရမှတ် သုံးမှတ်ဖြင့် အဆင့်(၂)၊ ကိုလံဘီယာအသင်းက ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်(၃)၊ နယူးဇီလန်အသင်းက ရမှတ်မရှိဘဲ အဆင့်(၄)တွင် ရပ်တည်ခဲ့ပြီး ပြင်သစ်၊ ကနေဒါ၊ ကိုလံဘီယာအသင်းတို့ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့သည်။

ကနေဒါအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် အုပ်စု(B)မှ အုပ်စုဒုတိယနေရာဖြင့်တက်ရောက်လာသည့် ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်ပြီး ဩဂုတ် ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ပဲရစ်အိုလံပစ်တင်းနစ်ပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်နှင့် အယ်ကာရက်ဇ်တို့အတွဲ ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရ

ပဲရစ် ဩဂုတ် ၁

ပဲရစ်အိုလံပစ်အားကစားပွဲတော် နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဖြစ် စပိန်ကိုယ်စားပြု ရာဖေးလ်နာဒယ်နှင့် အယ်ကာရက်ဇ်တို့အတွဲနှင့် အမေရိကန်ကိုယ်စားပြု အတွဲဖြစ်သည့် ကရာဂျီဆက်ခ်နှင့် ရာဂျစ်ဖ်တို့အတွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ရာဖေးလ်နာဒယ်နှင့် အယ်ကာရက်ဇ်တို့အတွဲက (၆-၂၊ ၆-၄)ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အိုလံပစ် အားကစားပွဲတော်၌ အောင်မြင်မှုမျှော်လင့်ထားသည့် ရာဖေးလ်နာဒယ်သည် ကွာတားဖိုင်နယ်အဆင့်တွင် ရှုံးနိမ့်ခဲ့ရပြီးပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် စိတ်ဓာတ်ကျဆင်းခဲ့ပြီး ကစားသမားဘဝမှ အနားယူတော့မည်ဆိုသည့် စကားကိုလည်း အရိပ်အမြွက်ပြောကြားခဲ့ကြောင်း သိရသည်။

ရာဖေးလ်နာဒယ်က "အိုလံပစ်အားကစားပွဲတော်ကနေထွက်ခွာခဲ့ရတာနဲ့ပတ်သက်ပြီး စိတ်ပျက်မိပါတယ်။ယခုနှစ်မှာ ပါဝင်ယှဉ်ပြိုင်တဲ့ပြိုင်ပွဲတွေမှာ စိတ်တိုင်းမကျခဲ့ပါဘူး။ ကျွန်တော့်အနာဂတ်နဲ့ပတ်သက်ပြီး သတင်းတွေတော့ အမျိုးမျိုးထွက်နေပါတယ်။ ကျွန်တော်ပြောနိုင်တာကတော့ အနာဂတ်မှာဘာတွေဖြစ်လာမလဲဆိုတာ ဘာမှမပြောနိုင်သေးပါဘူး။ ကျွန်တော်သာ လက်ရှိအသက်ထက် ၁၀ နှစ်လောက် ငယ်မယ်ဆိုရင်တော့ တင်းနစ်လောကမှာ နောက်ထပ်ကာလရှည်ကျင်လည်လို့ရနိုင်ပါသေးတယ်။ ဒါပေမဲ့ လက်ရှိ အသက်အရွယ်အနေအထားနဲ့ကျတော့ ဘာမှရေရေရာရာပြောလို့မရနိုင်သေးတဲ့အခြေအနေဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# မန်ယူအသင်းနည်းပြအဖွဲ့မှ နုတ်ထွက်ခဲ့သည့် မက်ကလင်း ဂျမေကာအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခံရ

ပဲရစ် ဩဂုတ် ၁

မန်ယူအသင်း နည်းပြအဖွဲ့မှ နုတ်ထွက်ခဲ့သည့် နည်းပြမက်ကလင်းသည် ဂျမေကာအသင်း နည်းပြအဖြစ် ခန့်အပ်ခံခဲ့ရကြောင်း သိရသည်။

ဂျမေကာအသင်းသည် ၂၀၂၄ ကိုပါအမေရိကဖလားအုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြရက်ဂျ်ဂေးကို ရာထူးမှထုတ်ပယ်ခဲ့ပြီး နည်းပြသစ်ရှာဖွေလျက်ရှိရာ မန်ယူအသင်းနည်းပြအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် မက်ကလင်းကိုခေါ်ယူရန် ကြိုးပမ်းခဲ့သဖြင့် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြမက်ကလင်းသည် နည်းပြတန်ဟတ်၏ အမေရိကခရီးစဉ်ကို ခြေဖဝါးဒဏ်ရာ ခွဲစိတ်ကုသမှုပြုလုပ်ထားသဖြင့် လိုက်ပါနိုင်ခြင်းမရှိခဲ့ဘဲ မန်ချက်စတာတွင် ကျန်ရှိခဲ့ချိန်တွင် ဂျမေကာဘောလုံးအဖွဲ့ချုပ်က အသင်းကိုကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်အောင် စွမ်းဆောင်ပေးနိုင်မည့် နည်းပြမက်ကလင်းကို ၂၀၂၆ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။

အသက် ၆၃ နှစ်ရှိ နည်းပြမက်ကလင်းက "ဂျမေကာဘောလုံးအဖွဲ့ချုပ်က ကမ်းလှမ်းလာချိန်မှာမဆိုင်းမတွဘဲ နည်းပြတာဝန်ထမ်းဆောင်ဖို့လက်ခံလိုက်တာပါ။ ကျွန်တော့်နည်းပြဘဝမှာ ဒီရာထူးဟာ ကျွန်တော်နဲ့သင့်တော်တယ်လို့ခံစားမိပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျမေကာအသင်းသည်လာမည့် ၂၀၂၆ ခုနှစ်တွင် ပုံစံပြောင်းလဲကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းအရေအတွက် ၄၈ သင်းထိ တိုးလာခဲ့သောကြောင့် ခြေစစ်ပွဲ



အောင်မြင်ရန် ပစ်မှတ်ထားနေပြီး ကွန်ကာကပ်ဖုန်မှ တိုက်ရိုက်သုံးသင်း ဝင်ရောက်ခွင့်ရှိနေသဖြင့် လာမည့်ကျူးဘားအသင်း၊ ဟွန်ဒူးရပ်စ်အသင်းတို့နှင့် ကစားမည့် နေးရှင်းလိဂ်ပြိုင်ပွဲများ၌ နိုင်ပွဲရယူ၍ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ပွဲစဉ်သုံးပွဲစလုံး သရေရလဒ်ထွက်ပေါ်





**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲစလုံးသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် ရှမ်းယူနိုက်တက်ယူ-၂၀ အသင်းနှင့် ဟံသာဝတီယူနိုက်တက်ယူ-၂၀ အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ကောင်းမြတ်အောင်ကသွင်းယူပေးနိုင်ခဲ့ပြီး ရှမ်းယူနိုက်တက်ယူ-၂၀ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် ကောင်းခန့်ဟိန်းက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ကစားခဲ့သည့် ရခိုင်ယူနိုက်တက်ယူ-၂၀ အသင်းနှင့် ISPEယူ-၂၀ အသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကာ ရခိုင်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၃၀ တွင် သော်ဇင်နိုင်၊ ပွဲချိန် ၅၅ မိနစ်တွင် ထွဋ်အောင်ကျော်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ISPEယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် မျိုးမြတ်ကျော်နှင့် ပွဲချိန် ၇၉ မိနစ်တွင် ရှိုင်းကိုကိုဇော်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ဗဟန်းအားကစားကွင်းတွင်ကစားခဲ့သည့် မဟာယူနိုက်တက်ယူ-၂၀ အသင်းနှင့် မြဝတီအက်ဖ်စီယူ-၂၀ အသင်းတို့ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များအဖြစ် ဩဂုတ် ၂ ရက် ညနေ ၃ နာရီခွဲတွင် ဗဟန်းအားကစားကွင်း၌ ရတနာပုံ အက်ဖ်စီယူ-၂၀ အသင်းနှင့်ဒဂုံပေါ့ ယူ-၂၀ အသင်း၊ ပဒုမ္မာအားကစားကွင်း၌ ရွှေဝတီယူနိုက်တက်ယူ-၂၀ အသင်းနှင့် Junior Lions အသင်း၊ သစ္စာအားမာန်ယူ-၂၀ အသင်းနှင့် ဒဂုံစတားယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ယခုနှစ်အတွင်းကျင်းပမည့် ဖူဆယ်ပြိုင်ပွဲများကို ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီ ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ယခုနှစ်အတွင်းကျင်းပမည့် ဖူဆယ်ပြိုင်ပွဲများကို ယနေ့တွင် အတည်ပြု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ယခုနှစ်တွင် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲကို ပထမဆုံးစတင်ကျင်းပခဲ့ပြီး နောက်ထပ်ပြိုင်ပွဲ ငါးခုကိုထပ်မံကျင်းပသွားမည်ဖြစ်ကာ Max Energy Futsal Amateur Cup 2024ပြိုင်ပွဲတွင် RPG FCအသင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ယခုနှစ်တွင်ကျင်းပမည့် ဖူဆယ်ပြိုင်ပွဲများအဖြစ် AYA Pay Futsal Championshipပြိုင်ပွဲကိုလာမည့် ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

AYA Pay Futsal Championshipပြိုင်ပွဲတွင် မြန်မာဖူဆယ်လိဂ်-၁ ပြိုင်ပွဲမှ ကလပ်အသင်း ကိုးသင်း၊ မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲမှ ကလပ်အသင်း ၁၀ သင်း၊ Max Energy Futsal Amateur Cup 2024ပြိုင်ပွဲမှ ၁၁ သင်း၊မန္တလာလိဂ်ပြိုင်ပွဲမှ ကလပ်အသင်း နှစ်သင်း စုစုပေါင်း ၃၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အလားတူ မြန်မာအမျိုးသမီး ဖူဆယ်လိဂ်ပြိုင်ပွဲကို စက်တင်ဘာ ဒုတိယပတ်တွင် ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့်လည်းကောင်း၊Royal-D U-19 Futsal Championship ပြိုင်ပွဲကို အောက်တိုဘာ ဒုတိယပတ်တွင် ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့်လည်းကောင်း၊ မြန်မာဖူဆယ်လိဂ်-၁ ပြိုင်ပွဲကို ယခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် မတ်လထိ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့်လည်းကောင်း၊မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲကိုလည်း ယခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် မတ်လထိပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ပြင်သစ်ရေကူးသမား လီယွန်မာချန့် ပဲရစ်အိုလံပစ်အားကစားပွဲတော် ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု နှစ်ဆုဆွတ်ခူး



**ပဲရစ် ဩဂုတ် ၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပဲရစ်အိုလံပစ် အားကစားပွဲတော်အမျိုးသားရေကူး ပြိုင်ပွဲတွင် ပြင်သစ်ရေကူးသမား လီယွန်မာချန့်က ရွှေတံဆိပ် နှစ်ဆုဆွတ်ခူးနိုင်ခဲ့ပြီး ပြင်သစ်နိုင်ငံအတွက် သမိုင်းဝင်အောင်မြင်မှု ရယူနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လီယွန်မာချန့်သည် မီတာ ၂၀၀ အလွတ်တန်းရေကူးပြိုင်ပွဲနှင့် မီတာ ၂၀၀ လိပ်ပြာကူးတွင် ရွှေတံဆိပ်ဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၂ နှစ်ရှိ လီယွန်မာချန့်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက်ပထမဆုံးရွှေတံဆိပ်ဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ပြင်သစ်အိုလံပစ် အားကစားလောကတွင်လည်း တစ်ဦးတည်းရွှေတံဆိပ် နှစ်ဆုဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

လီယွန်မာချန့်က "ပြင်သစ်နိုင်ငံကိုယ်စားပြုပြီးတော့ ပြင်သစ်နိုင်ငံအတွက် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့လို့ဂုဏ်ယူပါတယ်။တစ်ဦးတည်း ရွှေတံဆိပ်ဆုနှစ်ဆုဆွတ်ခူးနိုင်ခဲ့တဲ့ အတွက်လဲ ဂုဏ်ယူမိပါတယ်။ ကျွန်တော့်ဘဝအတွက် ကြီးမားတဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး ပြင်သစ်နိုင်ငံအတွက်လည်း အရေးကြီးတဲ့ အောင်မြင်မှုဖြစ်ပါတယ်။ ပြိုင်ပွဲနှစ်ရပ်မှာ ရွှေတံဆိပ်ဆုကိုဆွတ်ခူးနိုင်ဖို့အတွက် ကျွန်တော်အများကြီး ပြင်ဆင်ခဲ့ရတယ်။ ပြိုင်ပွဲနှစ်ရပ်မှာ အောင်မြင်မှုရဖို့အတွက်အဆင့်ဆင့် ဖြတ်သန်းခဲ့ရတယ်။ နောက်ဆုံးဖိုင်နယ်အဆင့်ကိုရောက်ဖို့အတွက် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတယ်။ ပြင်သစ်နိုင်ငံအတွက် နောက်ထပ် အောင်မြင်မှုတွေရယူပေးသွားချင်ပါတယ်။နောက်ထပ် အောင်မြင်မှုတွေရယူနိုင်ဖို့ ဒီထက်ပိုပြီးတော့ စွမ်းဆောင်နိုင်အောင် ကြိုးစားသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၁**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်ဘောလုံး ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့ညနေ ၃နာရီ၌ ပေါင်းလောင်း အားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)တို့တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်ဘောလုံး ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များ အဖြစ် ယနေ့ညနေ ၃ နာရီက ပေါင်းလောင်းအားကစားကွင်းတွင် ကယားပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)တွင် မကွေးတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ဂိုး တစ်ဂိုး ဖြင့်အနိုင်ရရှိခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်ဘောလုံး ပြိုင်ပွဲ အုပ်စု(ဂ)တွင် မွန်ပြည်နယ် အသင်းက အုပ်စုပထမ၊ ကယားပြည်နယ်အသင်းက အုပ်စု ဒုတိယ၊ အုပ်စု(ဃ)တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက အုပ်စု ပထမနှင့် မကွေးတိုင်းဒေသကြီး အသင်းက အုပ်စု ဒုတိယတို့ဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**STA**



# အာဆင်နယ်အသင်းက မာရင်နိုကို ယူရို သန်း ၃၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၁**

အာဆင်နယ် အသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ဆိုစီဒက်အသင်း ကွင်းလယ်ကစားသမား မာရင်နိုကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ယူရိုသန်း ၃၀ ဖြင့် ခေါ်ယူရန် အကြိုသဘောတူညီမှု ရရှိခဲ့သည်။

နည်းပြအာတီတာသည် ခံစစ်ကစားသမား ကာလာဖီအိုရီကိုခေါ်ယူခဲ့ပြီးနောက် ဒုတိယမြောက်ကစားသမားခေါ်ယူမှုအဖြစ် မာရင်နိုကို အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ကမ်းလှမ်းခဲ့ရာ ကလပ်အသင်းနှစ်ခုကြား အကြိုသဘောတူညီမှု ရရှိခဲ့ပြီး လာမည့်ရက်ပိုင်းအတွင် အပြီးသတ်လက်မှတ်ရေးထိုးရန် စီစဉ်လျက်ရှိသည်။

လက်ရှိတွင် ဆိုစီဒက်အသင်းက မာရင်နို၏နေရာတွင် အစားထိုးရန် ပီအက်စ်ဂျီအသင်းတွင် ပွဲကစားခွင့်ပျောက်ဆုံးနေသည့် ဗလင်စီယာ အသင်းကစားသမားဟောင်းဆိုလာကိုခေါ်ယူရန် ဆက်လက်ဆွေးနွေးခဲ့သည်။

မကြာသေးမီက စပိန်အသင်းနှင့် ယူရိုချန်ပီယံဆုဖလားရယူခဲ့သည့် မာရင်နိုသည် ဆိုစီဒက်အသင်းနှင့်စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသော်လည်း အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ပြီး ၎င်းသည် ကွင်းလယ်ပိုင်းတွင် ဒီကလန်ရိုက်၊ အိုဒီဂတ်တို့နှင့်တွဲဖက်ကစားနိုင်သည့် ကစားသမားဖြစ်သကဲ့သို့ အိုဒီဂတ်နှင့်လည်း လူငယ်ကစားသမားဘဝတွင် လက်တွဲခဲ့ဖူးသည့်အတွက် အာဆင်နယ်အသင်းအတွက် အကျိုးရှိသည့်ခေါ်ယူမှုဖြစ်ကြောင်း သိရသည်။

ထို့ပြင် မာရင်နိုသည် ဥရောပထိပ်သီးကလပ် ငါးခုတွင် ကွင်းလယ်ပိုင်းတွင် ပြိုင်ဘက်တိုက်စစ်ကိုတားဆီးနိုင်သည့်အပြင် ဘောလုံးယှဉ်လုရာတွင် ကျွမ်းကျင်မှုရှိသည့် ကစားသမား တစ်ဦးဖြစ်သဖြင့် နည်းပြအာတီတာ မျှော်လင့်ထားသည့် အသင်းကစားကွက်ပိုင်းကို ပုံဖော်ပေးနိုင်သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

ခရီးသွားဆောင်းပါး

# မြို့ကြီးတောရကျောင်းနှင့် ဆင်ခေါင်းတောင်

ဒီတစ်ခေါက် ကျောင်းသုံးရက်ဆက်တိုက်ပိတ်တဲ့ နေ့တွေမှာ ခရီးထွက်ခွာလာခဲ့တာက ငယ်သူငယ်ချင်း ရှိတဲ့ ရွာခိုင်ကြီးရွာကိုပါ။ ရွာခိုင်ကြီးပတ်ဝန်းကျင်မှာ တောရွာ၊ တောင်တွေ၊ မြစ်တွေ၊ ချောင်းတွေ၊ ဘုရား စေတီတွေ ပေါများစွာတည်ရှိနေတဲ့အတွက်ကြောင့်လဲ သွားလာလည်ပတ်လေ့လာရတာ အဆင်ပြေနေတယ်။ ခရီးစဉ်အနေအထားအရ ရောက်ရောက်ချင်းဖြစ်တဲ့ ပထမနေ့မှာ သူငယ်ချင်းမိသားစုတွေနဲ့ ပျော်ပျော် ပါးပါးချက်ပြုတ်စားသောက်စကားပြောကြရင်း ဘယ် ကိုမှမသွားကြတော့ဘဲ နားနားနေနေ အေးအေးဆေး ဆေးနေလိုက်ကြတယ်။ နောက်တစ်နေ့ မနက်အိပ်ရာ စောစောထ၊ စားသောက်ပြီးကြတာနဲ့ ပုံ့သကူဆိုတဲ့ တောင်ကို စတင်သွားရောက်ကြမှာပါ။

စီစဉ်ထားတဲ့အတိုင်း နောက်တစ်နေ့ဖြစ်တဲ့ ဝါဆို လပြည့်နေ့မှာ မနက်စောစောကတည်းက အိပ်ရာထ ခဲ့ကြရတယ်။ အခါကြီးရက်ကြီး လပြည့်နေ့လဲဖြစ်၊ မနက် စောစောလဲ အိပ်ရာထဖြစ်တာကြောင့် ဘုရားရှိခိုး ကန်တော့တဲ့ကုသိုလ်ကို ဦးစွာပထမယူထားလိုက်တယ်။ ပြီးတော့မှ အိမ်ရှင်သူငယ်ချင်းမိသားစုက ကျွေးမွေး ညှဉ့်ခံတဲ့ အကြော်စုံကောက်ညှင်းပေါင်းပူပူ၊ လက်ဖက် ရည်ပူပူတွေကို မနက်စာအဖြစ် စားသောက်ကြတယ်။ ပုံ့သကူတောင်ကို တက်ရောက်ကြဖို့အတွက် အစာခံ နိုင်တဲ့ ကောက်ညှင်းပေါင်းနဲ့အကြော်ကို စားထားရ တာ အဆင်ပြေပါတယ်။ မိမိနဲ့အတူ သူငယ်ချင်း မိသားစုဝင်တွေအားလုံး စားသောက်ပြင်ဆင်ပြီးတဲ့ အချိန်မှာ ပုံ့သကူတောင်ရှိရာကို စတင်ထွက်ခွာလာ ခဲ့ကြတယ်။ ခရီးပြုတဲ့ကားက မိမိရဲ့ခွေးဘီလူးကားလေး ပါ။ ပြင်ဦးလွင်မြို့ကနေ ထွက်လာကတည်းက သူငယ် ချင်းမိသားစုတွေအားလုံး လိုက်ပါစီးနင်းနိုင်တဲ့ ခွေးဘီလူး ကားကို မောင်းနှင်လာခဲ့တယ်။

ပုံ့သကူတောင်ကို သွားရောက်ဖို့အတွက် ရွာခိုင် ကြီးကနေ ခရိုင်ချင်းဆက်လမ်းအတိုင်း သံရွာရှိရာဘက် ကို လာခဲ့ကြရတယ်။ သံရွာဆိုတာက ဟန်မြင့်မိုရ်-ရှောင် လမ်းဘေးမှာရှိနေတဲ့ ရွာကြီးတစ်ရွာပါ။ ဟန်မြင့်မိုရ်ရွာ နဲ့ မဝေးကွာသလို ရွာခိုင်ကြီးနဲ့လဲ အလှမ်းမဝေးပါ ဘူး။ ပုံ့သကူတောင်က သံရွာအနီးမှာတည်ရှိနေတယ်။ ရွာခိုင်ကြီးရွာကနေ ထွက်ခွာလာခဲ့ပြီး ရွာလေးတွေကို တစ်ရွာပြီးတစ်ရွာဖြတ်၊ ဆည်ရေသောက်ချောင်းတွေ၊ မြောင်းတွေကို တစ်ချောင်းပြီးတစ်ချောင်း၊ တစ်မြောင်း ပြီးတစ်မြောင်း ဖြတ်သန်းခဲ့ပြီး မကြာခင်မှာ ပုံ့သကူ တောင်ကြီးကို လှမ်းမျှော်မြင်တွေ့လာရတယ်။ တွေ့မြင် နေရတဲ့တောင်ပုံစံက စက်ဝိုင်းခြမ်းပုံသဏ္ဍာန်လုံးလုံး ဝန်းဝန်းပါ။ တောင်ထိပ်ပေါ်မှာ စေတီပုထိုးတွေ၊ တောင်တက်စောင်းတန်းလှေကားတွေလဲရှိနေတယ်။ အမြင့်ပေအနေနဲ့ ပေ ၄၀၀ ကျော်လောက်ခန့်မှန်း ခြေရှိမယ်ထင်ပါတယ်။ တောင်ပတ်လည်မှာလဲ သစ်ပင်၊သစ်တောတွေ စိမ်းစိမ်းစိုစို အုပ်အုပ်ဆိုင်းဆိုင်း ရှိနေတာကြောင့် တောင်ပေါ်ကိုတက်ရောက်ကြတဲ့ အခါမှာလဲ မပင်ပန်းဘဲ၊ နေအပူဒဏ်ကို မခံကြရဘဲ အေးအေးသက်သာရှိနေနိုင်မဲ့အနေအထားမျိုးတွေကို တွေ့မြင်နေရတယ်။

ဒါပေမဲ့ တောင်ခြေကိုလဲရောက်ရော တောင်ပေါ် ကိုတက်ဖို့ အဆင်မပြေတာကြောင့် တက်ခွင့်မရခဲ့ပါဘူး။ ဒီနေ့ခရီးစဉ်ကို စီစဉ်ထားခဲ့ကြတာက ပုံ့သကူတောင် ကိုတက်ကြမယ်။ ပြီးရင် ငပြောင်ဆည်မှာ ရေဆော့ ကစားကြရင်း နေ့လယ်စာထမင်းစားသောက်ကြမယ် စသဖြင့် စီစဉ်ထားခဲ့ကြတာပါ။ အခုလို ပုံ့သကူတောင် ကို တက်ခွင့်မရတော့တာကြောင့် ခရီးအစီအစဉ်ကို ပြောင်းလဲရေးဆွဲကြရတော့တယ်။ မနက်စောစောစီးစီး အချိန်မှာ ငပြောင်ဆည်ကို သွားရောက်ပြီး ရေဆော့ ကစားဖို့က အဆင်မပြေနိုင်သေးပါဘူး။ ဒါကြောင့် လမ်းကြောင်းလဲသင့်၊ သူငယ်ချင်းဖြစ်သူရဲ့ မိသားစု တွေလဲ မရောက်ဖူးသေးတဲ့ မြို့ကြီးတောရကျောင်းကို သွားရောက်ကြဖို့ စဉ်းစားဆုံးဖြတ်လိုက်ရတယ်။ မြို့ကြီး တောရကျောင်းက ဟန်မြင့်မိုရ်-ရှောင်သွားလမ်းဘေး အတွင်းဘက်မှာရှိနေပြီး အေးချမ်းသာယာသလို ရှုမျှော်ခင်းတွေကလဲ လှပကြတယ်။ မြို့ကြီးတောရခရီး စဉ်ကို မိမိအနေနဲ့ လွန်ခဲ့တဲ့နှစ်ကတည်းက ရောက်ရှိ လေ့လာခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတုန်းက သူငယ်ချင်းဖြစ် သူ ကိုသိန်းဝင်းနဲ့ သူရဲ့ဆွေမျိုးတွေရှိတဲ့ ကျောက်ဆည် မြို့နယ်၊ အရှေ့သာဂရရွာကို သွားရောက်ကြတဲ့ခရီးမှာ တစ်ဆက်တစ်စပ်တည်း သွားရောက်လည်ပတ်ခဲ့ကြ တယ်။ အခုလဲ အခြေအနေအရ မြို့ကြီးတောရကျောင်း ကို ထပ်မံရောက်ရှိရပါအုံးမယ်။

မြို့ကြီးတောရကျောင်းကို သွားရောက်ကြဖို့အတွက် ပုံ့သကူတောင်ခြေ ခရိုင်ချင်းဆက်လမ်းကနေ ဟန်မြင့် မိုရ်-ရှောင်လမ်းပေါ်က သံရွာကို ဦးစွာပထမလာခဲ့ကြ ရတယ်။ သံရွာကိုရောက်မှ ရှောင်လမ်းအတိုင်း မြို့ကြီး ရွာကို ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ မြို့ကြီးတောရ ကျောင်းက ရှောင်လမ်းဘေးအတွင်းဘက် တစ်နေရာမှာ



မြို့ကြီးတောရကျောင်းသွားသည့်လမ်းကို တွေ့ရစဉ်။

ပါ။ လမ်းညွှန်ဆိုင်းဘုတ်ကနေ အတွင်းဘက်ကို ဝင်ရောက်သွားကတည်းက သနပ်ခါးပင်တွေ စီစီရီရီရှိ တဲ့ခြံကြီးတွေကို ဖြတ်သန်းသွားရတယ်။ သနပ်ခါးပင် တွေ၊ သနပ်ခါးခြံကြီးတွေအပြင် အနီးပတ်ဝန်းကျင်မှာ ရှိတဲ့ သစ်ပင်တောတန်း၊ တောအုပ်တွေကို ဘေးမဲ့ တောအဖြစ်သတ်မှတ်ထားတာကြောင့် စိမ်းစိမ်းစိုစို အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေတဲ့အပြင် တောတစ်တောလုံး၊ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေကြ တယ်။ တောရကျောင်းရှိရာကို ရောက်ရှိလာတဲ့အခါ မှာလဲ အရင်တစ်ခေါက်က မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်း တွေအတိုင်း အေးချမ်းသာယာတိတ်ဆိတ်လှတဲ့ကျောင်း ဆောင်တွေ၊ ဘုရားစေတီတော်တွေနဲ့အတူ တစ်ပင် နဲ့တစ်ပင်၊ တစ်ကိုင်းနဲ့တစ်ကိုင်း၊ အပေါ်နဲ့အောက် တက်လိုက်ဆင်းလိုက်၊ ကူးချည်သန်းချည်လုပ်နေကြ တဲ့ အမြီးရှည်ရှည်၊ အမွေးထူထူ၊ အနက်ရောင်မျောက် တွေကို တွေ့မြင်နေရတယ်။

နေ့ရက်အချိန်က ဝါဆိုလပြည့်နေ့ မနက် ၈ နာရီ လောက်ဖြစ်နေတာကြောင့် မြို့ကြီးတောရကျောင်းမှာ ဥပုသ်သီလယူသူတွေ၊ ဆွမ်းပို့သူတွေ၊ ဘုရားဖူးသူတွေ၊ လေ့လာလည်ပတ်သူတွေနဲ့ စည်ကားနေတယ်။ မိမိ တို့အဖွဲ့က တောရကျောင်းကို လာရောက်ကြဖို့စီစဉ် ရည်ရွယ်မထားဘဲ အခြေအနေအရ ခရီးစဉ်ပြောင်းပြီး ရောက်ရှိလာကြတာဖြစ်လို့ လှူဖွယ်ပစ္စည်းတွေလဲမပါ။ ဥပုသ်သီလဆောက်တည်ကြမဲ့သူလဲ မရှိတာကြောင့် ကျောင်းဆောင်တွေ၊ ဓမ္မာရုံတွေရှိရာကို မသွားကြ တော့ဘဲ တောင်ပေါ်ကိုတက်လာခဲ့ကြတယ်။ ဒီနေရာ မှာ ခရီးစဉ်ပြောင်းလဲလိုက်တာကြောင့် မိမိနဲ့အတူ မြို့ကြီး တောရကျောင်းကို လိုက်ပါလာခဲ့ကြတဲ့ သူငယ်ချင်း ကိုလှမြင့်နဲ့မိသားစုဝင်တွေအားလုံးက မြို့ကြီးတောရ ကျောင်းဆိုတာကို ကြားသာကြားဖူးနေပြီး တစ်ခေါက် တစ်ခါမှ ရောက်ဖူးလေ့လာလည်ပတ်ဖူးခြင်းမရှိကြ သေးတာပါ။ နယ်မြေဒေသချင်းထိစပ်နီးကပ်နေပြီး တစ်ခါမှ မရောက်ဖူးကြသေးဘူးဆိုလို့ မိမိအနေနဲ့ အံ့ဩသွားခဲ့ရသလို သူတို့တစ်တွေအနေနဲ့လဲ ဒီလို နေရာမှာ ဒီလိုကျောင်းမျိုး၊ ဒီလိုတောမျိုးရှိနေတာလား ဆိုပြီး ပိုမိုအံ့ဩနေကြရတယ်။

တောင်ပေါ်ကိုတက်ရောက်လာကြတဲ့အခါ အရင် အခေါက်ကအတိုင်း အုတ်လှေကားထစ်ကလေးတွေ၊ စတီးလက်ကိုင်တန်းကလေးတွေ၊ ဘေး၊ ဝဲယာက သစ်ပင် တောတန်းတောင်ကမ်းပါးယံကလေးတွေနဲ့ တက်ရောက် လာခဲ့ကြရတယ်။ တောင်ထိပ်ပေါ်ကို ရောက်လာကြ တဲ့အခါ သာယာလှပတဲ့ရှုခင်းတွေကြောင့် သူငယ်ချင်း မိသားစုတွေက ဝမ်းသာပျော်ရွှင်နေကြတယ်။ မိမိ အတွက်ကတော့ မရောက်ဖူးသေးတဲ့သူတွေကို လိုက်လံ ပို့ဆောင်ပေးရလို့ ကုသိုလ်ရတဲ့အပြင် ဒီတစ်ခေါက် မြင်တွေ့ရတဲ့ ရှုခင်းတွေက အရင်တစ်ခေါက်ကထက် ပိုမိုကြည်လင်ပြတ်သားနေတာကြောင့် အကျိုးထူးသွား တယ်လို့ပြောရမှာပါ။ အရင်တစ်ခေါက်က မြူအနည်း ငယ်ရှိနေတာကြောင့် မှုန်ရီမှုန်ဝါး၊ မပီမပြင်၊ မသဲမကွဲ ရှုခင်းတွေကို အခုအခေါက်မှာ ကြည်ကြည်လင်လင် ထင်ထင်ရှားရှားမြင်တွေ့နေရတယ်။ အဝေးတစ်နေရာ မှာရှိနေကြတဲ့ မြို့ကြီးဆည်နဲ့ ဆည်ရေပြင်ကျယ်၊ ရေ လွှတ်မြောင်းမကြီး၊ ရှောင်လမ်း၊ ကျေးရွာလေးတွေ၊ စိုက်ခင်းလေးတွေကိုပါ။

မြို့ကြီးတောရကျောင်းကိုလာရောက်ကြတဲ့ ဘုရား ဖူးညှိ့သည်တွေကို နေ့လယ်စာကျွေးမွေးကြောင်းနဲ့ မိမိကိုယ်တိုင်လဲ စားသောက်ခဲ့ဖူးပေမဲ့ ဒီအခေါက်မှာ အခြေအနေနဲ့အချိန်အခါအရ နေ့လယ်စာစားတဲ့ အချိန်ထိ မစောင့်ဆိုင်း၊ မစားမသောက်ကြတော့ဘဲ တောင်ပေါ်ကနေဆင်းလာပြီးကြတာနဲ့ ရှေ့ခရီးကို ဆက်ခဲ့ကြတော့တယ်။ ဆက်လက်ရောက်ရှိလာတဲ့ နေရာက နာမည်ကျော် ဆင်ခေါင်းတောင်ပါ။ ဆင်ခေါင်းတောင်ကလဲ ဟန်မြင့်မိုရ်-ရှောင်သွားလမ်း ဘေးမှာရှိနေတယ်။ မြို့ကြီးတောရကျောင်းကို အသွား ခရီးကတည်းက သူငယ်ချင်းရဲ့မိသားစုတွေက အပြန်ကျ ရင် ဆင်ခေါင်းတောင်ကို ဝင်ရအောင်ဆိုပြီး ပြောဆို ထားတာကြောင့်လဲ မဖြစ်မနေဝင်ခဲ့ရပြန်တယ်။ ဒါပေမဲ့ ဝါဆိုလပြည့်နေ့လို အခါကြီးရက်ကြီးဖြစ်နေတာကြောင့် ဆင်ခေါင်းတောင်လိုနေရာမျိုးကို ဝင်ရောက်ရတာ မလွယ်ကူပါဘူး။ လမ်းတစ်လျှောက်လုံး ကားရပ်စရာ နေရာမရှိရလောက်အောင် စည်ကားပြည့်ကျပ်နေတယ်။

ဆင်ခေါင်းတောင်ဆိုပြီး နာမည်ကျော်ကြားလူသိ များနေပေမဲ့ အမှန်တကယ်က တောင်ပေါ်ကိုတက် ရောက်ရတာမျိုးမဟုတ်ဘဲ တောင်ခြေမှာရှိနေတဲ့ မြို့ကြီးဆည်ရေလွှတ်မြောင်းအတွင်း ရေတွေထဲမှာ ရေချိုးရေကစားရေဆော့ရင်း ပျော်မြူးနေကြရတာပါ။ ဒီတစ်ခေါက်ရောက်လာခဲ့ကြရတာက ဝါဆိုလပြည့်နေ့ ဖြစ်လို့ လူတွေများပြားစည်ကားနေတဲ့အပြင် ရေလွှတ် မြောင်းစပ်မှာလဲ စားပွဲဝိုင်းထိုင်ခုံတစ်နေရာစာရဖို့ အတွက် ရှာဖွေစောင့်ဆိုင်းကြရပြန်တယ်။ စားပွဲဝိုင်း နေရာတစ်နေရာက ကားရပ်စရာနေရာထက်ပိုပြီး ရှားပါးခက်ခဲနေသေးတယ်။ စားပွဲဝိုင်းနေရာရပြန် တော့လဲ တစ်နေရာကို တစ်နာရီငှားခ ငွေကျပ် ၃၀၀၀၀ ဆိုတာကြောင့် စဉ်းစားရပြန်တယ်။ တစ်နာရီ ငှားရမ်းခငွေကျပ် ၃၀၀၀၀ ဆိုတာက ဘာစားစရာ၊ သောက်စရာမှမပါဘဲ စားပွဲနေရာမှာ ထိုင်ခသက်သက် ပေးဆောင်ရတာပါ။ စားသောက်စရာတွေ မှာယူစား သောက်ကြတဲ့အခါ အစားအသောက်ဖိုးတွေကို ထပ်မံ ပေးဆောင်ကြရအုံးမှာဖြစ်ပါတယ်။ ဆင်ခေါင်းတောင် လိုနေရာမျိုးမှာ စားပွဲဝိုင်းနေရာမယူရင်လဲ ရေချိုးရေ ဆော့ကြရတာ၊ စားရသောက်ကြရတာ အဆင်မပြေ တာကြောင့် စားပွဲဝိုင်းနေရာ တစ်နေရာကိုတစ်ချိန် အတွက် ငွေကျပ် ၃၀၀၀၀ ပေးပြီး ငှားရမ်းလိုက်ရ တော့တယ်။

ဆင်ခေါင်းတောင်က ရေအနည်းငယ်နက်ပြီး ရေ စီးသန်တာကြောင့် ရေမကူးတတ်သူတွေ၊ အပျော်လွန် ကျူးသူတွေ၊ အရက်ဘီယာသောက်စားထားသူတွေ အတွက် အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် သတိထား ပြီး ဆော့ကစားကြရတယ်။ ဒါပေမဲ့ ဘယ်လောက် ရေစီးသန်သန်၊ ဘယ်လောက်ရေနက်နက် ရေလွှတ် မြောင်းတစ်ခုလုံး ဟိုဘက်သွားလိုက်၊ ဒီဘက်သွားလိုက်၊ အပေါ်နဲ့အောက်ရေစုန်ရေဆန်ကို ကူးချည်သန်းချည် လုပ်နေကြသူတွေကိုလဲ တွေ့မြင်နေရတယ်။ ရေကူး၊ ရေငုပ်ကျွမ်းကျင်ကြသူတွေဖြစ်မယ်ထင်ပါတယ်။ ဒီ တစ်ခေါက် ဆင်ခေါင်းတောင်မှာ မတွေ့မမြင်ရတာက ငှားရမ်းစီးလို့ရတဲ့ စက်လှေတွေကိုပါ။ အရင်တစ်ခေါက် တုန်းက စက်လှေတွေနဲ့ ပျော်ပျော်ပါးပါး စီးနေကြသူ တွေကို တွေ့မြင်ခဲ့ရတယ်။

ရေလွှတ်မြောင်းအတွင်းကို တက်လိုက်ဆင်းလိုက် ရေဆော့ကစားနေကြတဲ့သူတွေအတွက် တစ်နာရီဆို တဲ့အချိန်က ဘာမှမကြာလိုက်သလို အချိန်တစ်နာရီ ပြည့်သွားပြီဖြစ်ကြောင်း ဆိုင်ရှင်ကလာရောက်ပြောဆို သတိပေးရင်း နောက်ထပ်အချိန်ထပ်ယူအုံးမလားဆို ပြီး မေးမြန်းပါတယ်။ ရေထဲကလူတွေကိုကြည့်လိုက် တော့လဲ ချမ်းတုန်နေပြီး အချိန်တစ်နာရီဆိုတဲ့အတိုင်း အတာနဲ့ ကျေနပ်အောင်ဆော့ကစားကြပြီးဖြစ်တာ ကြောင့် နောက်ထပ်အချိန်ထပ်မယူကြတော့ဘဲ အိမ် ကိုပြန်ကြဖို့ ပြင်ဆင်ခဲ့ကြတယ်။ ဒါပေမဲ့ သူငယ်ချင်းရဲ့ မိသားစုဝင်တွေထဲမှာ ပျော်ပါးဆော့ကစားတတ်တဲ့ ကလေးတွေပါဝင်နေလို့ သူတို့တစ်တွေက ရေကစား ရတာမဝကြသေးကြောင်း၊ ဆင်ခေါင်းတောင်ထက် ပိုမို ကောင်းမွန် ရေဆော့ကစားလို့ရတဲ့နေရာရှိနေသေး ကြောင်း၊ အခကြေးငွေလဲမပေးရကြောင်း စသဖြင့် ပြောဆိုကြပြီး လိုက်လံပို့ဆောင်ပေးဖို့ ပူဆာနေကြတာ ကြောင့် သူတို့ပြောတဲ့နောက်ထပ်တစ်နေရာကို ခရီး ဆက်ကြဖို့ ပြင်ဆင်ကြရပြန်တယ်။

ကလေးတွေပြောပြတဲ့နေရာက ငပြောင်ဆည်ကို သိလိုက်ရပြီး သူငယ်ချင်းဖြစ်သူကို မေးမြန်းကြည့်တော့ လဲ အနီးတစ်ဝိုက်သံရွာနားမှာရှိနေကြောင်း ထပ်မံသိရှိ လိုက်ရလို့ ငပြောင်ဆည်ရှိရာ ဆက်လက်မောင်းနှင် လာခဲ့ရတယ်။ အခုခရီးစဉ်မှာ မထင်မှတ်ဘဲရောက်ရှိ ခဲ့ကြရတဲ့ မြို့ကြီးတောရကျောင်းနဲ့ ဆင်ခေါင်းတောင် တွေကတော့ နောက်မှာကျန်ရစ်ခဲ့ကြပါပြီ။

သက်နိုင်(ပြင်ဦးလွင်)

# မြန်မာနိုင်ငံဂီတအစည်းအရုံးဝင် ဂီတလောကသားများကို ဆန်နှင့် စားသုံးဆီ ပံ့ပိုးပေးအပ်



**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အစီအစဉ်ဖြင့် မြန်မာနိုင်ငံဂီတအစည်းအရုံးဝင် ဂီတလောကသားများအား ဆန်နှင့် စားသုံးဆီ ပံ့ပိုးပေးဝေခြင်းကို ဇူလိုင် ၃၁ ရက်မှစတင်ကာ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတွင် ဂီတအလွှာအလိုက် ပံ့ပိုးပေးလျက်ရှိကြောင်း အဆိုပါအစည်းအရုံး (ဗဟို)ဒုတိယဥက္ကဋ္ဌ စောင်း ဦးသက်ဝေက ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ဆန်နှင့်စားသုံးဆီ ပံ့ပိုးပေးဝေရာတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှ ဂီတပညာရှင်များကို မဟာဂီတအလွှာ၊ ကာလပေါ်ဂီတအလွှာ၊ စတီရီယိုအလွှာ၊ စက်မှုနှင့်ထုတ်လုပ်အလွှာများအဖြစ် သတ်မှတ်ထားပြီး အဆိုပါအလွှာအသီးသီးမှ တေးရေး၊ တေးဆို၊ တီးခတ်၊ အသံသွင်း၊ စက်မှုဆိုင်ရာ အစည်းအရုံးဝင်များကို ပံ့ပိုးပေးနေခြင်းဖြစ်ကြောင်း သိရသည်။

“ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ပံ့ပိုးမှုနဲ့ အခက်အခဲရှိနေတဲ့ ဂီတလောကသားတွေကို မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင် ဂီတလောကသားတွေကို တတ်နိုင်သလောက် ပံ့ပိုးပေးလျက်ရှိပါတယ်။ အခုအချိန်မှာတော့ အလွှာမခွဲတော့ဘဲ ဘယ်အလွှာလွှာကဖြစ်ဖြစ် ခက်ခဲနေတဲ့ ဂီတလောသားတွေကို ဆန်လေးပြည်နဲ့ ဆီ ငါးဆယ်သား ပံ့ပိုးပေးနေပါတယ်”ဟု မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဒုတိယဥက္ကဋ္ဌ စောင်း ဦးသက်ဝေက ပြောပြသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင် ဂီတလောကသားများအား ဆန်နှင့် စားသုံးဆီ ပံ့ပိုးပေးဝေမှုကို ဇူလိုင် ၃၁ ရက်မှစတင်ကာ ဩဂုတ် ၁၀ ရက်ထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဂီတလောကသားများအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်များ ပံ့ပိုးပေးအပ်ခြင်းသည် ခုနစ်ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ ASH

# Superman ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ပြီးဆုံး

**နယူးယောက် ဩဂုတ် ၁**

ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီ၏ Superman ဇာတ်ကားသစ်ရိုက်ကူး ထုတ်လုပ်ရေးလုပ်ငန်း ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

Superman ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း အပြီးသတ်မှုကို ဒါရိုက်တာဂျိမ်းဂန်း ကိုယ်တိုင်က လူမှုကွန်ရက် မီဒီယာပေါ်တွင် အတည်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

Superman ဇာတ်ကားတွင် မင်းသား ဒေးဗစ်ကိုရန်စဝပ်၊ မင်းသား နီကိုလပ်ဟော့နှင့် မင်းသမီး ရာချယ်ဘရော့စနန်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Superman ဇာတ်ကားကို နော်ဝေနိုင်ငံ ဆဗယ်ဘာ့မြို့၌ အပြီးသတ်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် အဓိကဇာတ်ကောင်ဖြစ်သည့် Superman နေရာတွင် မင်းသား ဒေးဗစ်ကိုရန်စဝပ်က ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Superman ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးမည့် သို့ ရင်နှင့်အမျှချစ်ရပါသော ဇာတ်လမ်းတွဲ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည် ရိုက်ကူးသွားမည်

**ရန်ကုန် ဩဂုတ် ၁**

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် သို့ ရင်နှင့်အမျှ ချစ်ရပါသော အမည်ရှိ ဇာတ်လမ်းတွဲကို ဩဂုတ်လအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်မည့် သရုပ်ဆောင် တိုင်ရွှန်းက ပြောပြ၍ သိရသည်။

သို့ ရင်နှင့်အမျှ ချစ်ရပါသော အမည်ရှိ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို သက်ဦးမောင်က ရေးသားထားကာ ဇာတ်ညွှန်းကို Skyword Art Team က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ အိကတာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။



“သို့ ရင်နှင့်အမျှ ချစ်ရပါသော ဇာတ်လမ်းတွဲက အချစ်ဒရာမာ ဇာတ်လမ်းတွဲလေး ဖြစ်ပါတယ်။ ဇူလိုင် ၃၀ ရက်လောက်စပြီးတော့ ဇာတ်ညွှန်းဖတ်နေကြပါတယ်။ ရိုက်ကူးရေးတွေလဲ ဒီဩဂုတ်လထဲမှာ စတင်ရိုက်ကူးမှာဖြစ်ပါတယ်” ဟု သရုပ်ဆောင် တိုင်ရွှန်းက ပြောပြသည်။

သို့ ရင်နှင့်အမျှ ချစ်ရပါသော ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်း ၊ ဘုန်းမင်းနေလ၊ အောင်ရဲထိုက်၊ ဆန်းမင်းဟိန်းထွဋ်၊ ညီနန္ဒ၊ သီရိစိုး၊ စနိုးကြည်ဖြူ၊ ဟန်နာ၊ သုရွှေဦး၊ စိုးမိုးကြည် စသည့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# Deadpool and Wolverine ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာသန်း ၅၀၀ ခန့်ရရှိ

**နယူးယောက် ဩဂုတ် ၁**

မာဗယ်စတူဒီယို၏ Deadpool and Wolverine ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်ထိ ရှိလာပြီဖြစ်ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

Deadpool and Wolverine ဇာတ်ကားသည် ဇူလိုင် ၂၉ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၉၆ ဒသမ ၃ သန်းထိရှိလာကြောင်း သိရသည်။

Deadpool and Wolverine ဇာတ်ကားကို ဇူလိုင် ၂၆ ရက်တွင် မာဗယ်စတူဒီယိုက စတင်ရုံတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဇူလိုင် ၂၉ ရက်ထိ နိုင်ငံတကာဈေးကွက်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၆၀ ဒသမ ၅ သန်း၊ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၃၅ ဒသမ ၈ သန်းထိ ရရှိထားကြောင်း သိရသည်။

Deadpool and Wolverine ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ ရှောင်လီဗိုင်းက တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ရိုင်ယန်ရေးနိုး၊ ဟက်ဂျက်မင်း၊ မင်းသမီး အမ်မာကော်ရင်နှင့် မိုရီကာဘက်ကာရင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# မြိတ်မြို့နယ် ကန်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**မြိတ် ဩဂုတ် ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကန်သာယာကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကန်သာယာကျေးရွာရှိ ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်ရေး၊ အခြားလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကန်သာယာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စီမံကိန်းနှင့်အကျုံးဝင်သည့် လုပ်ငန်းများတွင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုညီ

# Kanbalu District finishes cultivation of sugarcane as monsoon crop



Preparations being made for growing sugarcane as a monsoon crop.

**Kanbalu August 1**

A total of 880 acres of sugarcane plantations have been grown in Kanbalu District of Sagaing Region, according to the statistics of Kanbalu District Agriculture Department.

In 2024-25 monsoon, the district earmarked 7,976 acres of sugarcane plantations. Local farmers started cultivation of sugarcane plants in May this year on 829 acres in Kanbalu Township and 51 acres in Kyunhla Township, totalling 880 acres.

"This monsoon, the district earmarked more than 7,000 acres of sugarcane plantations. So far, local farmers have planted over 800 acres of sugarcane plantations. Local farmers grow sugarcane as usual," said Daw Mar Mar Win, the staff officer of District Agriculture Department.

Farmers need to cost K600,000 to K700,000 per acre of sugarcane plantation, which yields some 30 tons of sugarcane per acre. Local farmers in Sagaing Region prefer to use K-95/84, Nawade-4, Phawmoza and Hsinshweli strains.

Sugarcane is planted in Kawlain, Shwebo, Kanbalu and Katha districts, Katha and Kanbalu districts of which grow the most vast acreage of sugarcane. 206

# Iran to seek revenge for Hamas chief's death in "well-managed" way: expert

**Tehran August 1**

Iran would seek revenge for the alleged Israeli assassination of Hamas Politburo Chief Ismail Haniyeh in a "well-managed" way without escalating the regional crisis, an Iranian expert said on Wednesday.

"We would witness an escalation of tension in the region, but in a managed way. I highly consider it is unlikely that a comprehensive war would erupt," Hassan Beheshtipour, a Tehran-based international affairs analyst, told Xinhua.

Beheshtipour emphasized that intensifying the crisis is not in Iran's interest nor in that of the resistance groups. He noted Iran's past actions, such as its measured response to the deadly Israeli attack on the Iranian consulate in Syria in early April, as examples of Iran's strategic approach.

Haniyeh, who was invited to attend the swearing-in ceremony of Iranian President Masoud Pezeshkian on Tuesday, was killed along with his bodyguard early Wednesday when their residence in Tehran was hit, according to Iran's Islamic Revolution Guards Corps, which accused Israel of carrying out the "terrorist attack" and vowed "a harsh and painful response."

Meanwhile, Iran's Supreme Leader Ali Khamenei said Israel had prepared the ground for a "harsh punishment" for itself. Xinhua

# Farmers plant monsoon paddy on more than 800 acres of farmlands

**Budalin August 1**

A total of 802 acres of monsoon paddy has been grown as monsoon crops in Budalin Township of Sagaing Region, according to the statistics of Budalin Township Agriculture Department.

In 2024-25 monsoon season, the township earmarked 35,000 acres of monsoon paddy but local farmers could grow 802 acres of monsoon paddy so far.

"We planned to grow more than 30,000 acres of monsoon paddy in Budalin Township. So far, local farmers planted 802 acres and they are trying hard to meet the target cultivation. Our department helps local farmers use agricultural techniques and quality strains of paddy," said U Phyo Wai, Head of Budalin Township Agriculture Department.

This year, relevant township agriculture department cooperates with local farmers in growing monsoon paddy without any difficulties.

Agricultural staff members help local farmers with agricultural techniques and post-harvest technology, prevent pests and keep paddy under shelter.

Staff of the township department make field trips to the farmlands of local farmers to choose quality strains of paddy seeds, prevent pests, weed the farmlands and systematically use fertilizers. 206



A monsoon paddy plantation.

# Update: U.S. Fed keeps interest rates unchanged at 5.25-5.5 pct, hints at September cut

**Washington August 1**

The U.S. Federal Reserve on Wednesday left interest rates unchanged at a 22-year high of 5.25 percent to 5.5 percent, as inflation continues to be cooling, hinting that a rate cut might come as soon as September.

"Inflation has eased over the past year but remains somewhat elevated. In recent months, there has been some further progress toward the Committee's 2 percent inflation objective," the Federal Open Market Committee (FOMC), the Fed's policy-setting body, said in a statement after a two-day policy meeting.

Regarding the Fed's statement, the language reflected an improvement compared to the June meeting. Previously, the policy statement mentioned only "modest further progress" in reducing price pressures.

The committee reiterated that it does not expect it will be appropriate to reduce the target range until it has gained greater confidence that inflation is moving sustainably toward 2 percent.

In addition, the committee will continue reducing its holdings of Treasury securities and agency debt and agency mortgage-backed securities, the statement said.

When asked whether a September rate cut is a reasonable expectation, U.S. Federal Reserve Chair Jerome Powell told reporters at a press conference Wednesday afternoon that "we have made no decisions about future meetings. That includes the September meeting."

The Fed chair, however, noted that "the broad sense of the committee is that the economy is moving closer to the point at which it will be appropriate to reduce our policy rate."

Xinhua

# Some 500 acres of corns planted in Mawlaik District in monsoon

**Mawlaik August 1**

Statistics of Mawlaik District Agriculture Department indicated that a total of 495 acres of croplands have been placed under corn plantations in Mawlaik District of Sagaing Region.

The district earmarked 575 acres of corns this monsoon, but local farmers could grow 495 acres of corns, starting from this June. So far, Mawlaik Township has planted 187 acres of corns and Phaungpyin Township 308 acres, totalling 495 acres.

"This year, local farmers grew 495 acres of corns against the target of 575 acres earmarked this year. We educate local farmers to thrive corns and prevent pests," said Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department.

In 2024-25 monsoon, Mawlaik Township earmarked 232 acres and Phaungpyin Township, 343 acres, totalling 575 acres.

Relevant agriculture departments conduct training courses for enhancement of capacity of local farmers and agricultural staff to grow corns, field demonstrations, prevention of FAW and use of pesticides.

Corn plantations in Mawlaik District yield 15,000 pieces of corn per acre, and local farmers cost more than K500,000 per acre.

206

# Local and foreign travellers wish to take boats in Taungthaman Lake


Local and foreign tourists are seen riding boats in Taungthaman Lake.

**Mandalay August 1**

As now is time of rising water level at Taungthaman Lake, number of local and foreign travellers wishing to take boats in the lake is on the rise, said U Soe Win, Secretary of the Taungthaman Bridge maintenance committee.

Taungthaman Lake and bridge are very attractive to local and foreign travellers in Mandalay. So, number of travellers to the lake is increasing day by day. Those travellers visit the lake and bridge to enjoy sunset scene from the boats.

"At present, the water level of the lake is rising. So, travellers enjoy sunset scene with the beauty of the bridge from the boat. On the office holidays and gazette holidays, number of travellers surges much," said U Soe Win.

More than 100 local and foreign travellers visited the bridge per day. Starting from the third week of July, the number of travellers has been scoring more than 300 per day. Travellers can cost K15,000 per the whole boat for hiring. Regularly, each boat can give seat s to four passenger, charging K20,000.

Taungthaman Bridge was built of 1,086 posts. More than 50 boats are serving travellers for enjoying sunset scene from the lake.

184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 13,000 acres of monsoon sesame thriving in Shwebo District

**Shwebo August 1**

Shwebo District Agriculture Department mentioned that a total of13,999 acres of monsoon sesame has been grown in Shwebo District of Sagaing Region.

In 2024-25 monsoon crop cultivation season, the district earmarked 16,075 acres of monsoon sesame. Starting from May 2024, local farmers planted 449 acres of monsoon sesame in Shwebo Township, 13,550 acres in Wetlet Township, totalling 13,999.

"We plan to grow more than 16,000 acres of monsoon sesame in Shwebo District this year. Local farmers have planted 13,999 acres of monsoon sesame so far exceeding the target cultivation. Our staff help local farmers expand sown acreage of monsoon sesame, increase of per-acre yield, use of GAP system," said Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department.

Staff members of relevant agriculture departments raise farmer awareness of growing quality strains of crops, boosting production, use of GSP systems in Shwebo District.


A sesame plantation.

The crops produced in GAP system can fetch higher prices in the market and gain better quality. Hence, local farmers can enjoy higher socioeconomic life.

206

# More than 900 acres of groundnut grown in Monywa Township

**Monywa August 1**

The statistics of Monywa Township Agriculture Department stated that a total of 905 acres of croplands have been placed under groundnut plants in Monywa Township of Sagaing Region.

In 2024-25 monsoon crop cultivation season, Monywa Township earmarked 1,230 acres of groundnut. So, local farmers started cultivation of groundnut on 905 acres of croplands starting from May this year.

U Soe Thet Aung, Head of Monywa Township Agriculture Department said, "This year, we planned to grow 1,230 acres of groundnut in Monywa Township. So far, local farmers have planted more than 905 acres of groundnut. The groundnut plants are thriving. Local farmers expand their sown acreage year by year. But, they prefer to grow groundnut in winter rather than monsoon."

It is necessary to use 1.5 baskets of groundnut seeds per acre in Monywa Township, and they have to spend more than K200,000 per acre for labbour charge, fertilizers and pests. But, each acre of groundnut yields more than 50 baskets per acre.

Staff of Township Agriculture Department make field trips to check thriving groundnut plants, prevention of pests and weeding for boosting production of crops.

206


A groundnut plantation.

# Kalay District has planted more than 3,000 acres of pigeon pea this monsoon

**Kalay August 1**

The agricultural statistics of Kalay District Agriculture Department stated that a total of 3,244 acres of croplands has been placed under pigeon pea in Kalay District of Sagaing Region this monsoon.

In 2024-25 monsoon season, Kalay District earmarked 3,400 acres of pigeon pea but local farmers have planted 3,244 acres of pigeon pea so far.

"This year, local farmers have planted 3,244 acres of pigeon pea against the target of 3,400 acres. Our department helped local farmers boost per-acre yield of crops. Local farmers grow pigeon as single or mixed cropping," said U Aung, Head of Kalay District Agriculture Department.

This year, Kalay Township grew 934 acres of pigeon pea, Kalewa Township 35 acres and Mingin Township 2,275 acres, totalling 3,244.

In 2024-25, Kalay Township earmarked 1,097 acres of pigeon pea, Kalewa Township 35 acres and Mingin Township 2,268 acres, totalling 3,400 acres.

Relevant Township Agriculture Departments helped local farmers choose quality strains of crops, apply good agricultural techniques, prevent pests and boost per-acre yield.

206

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယနိုင်ငံက လေကြောင်းရန်ကာကွယ်ရေးပခုံးထမ်းဒုံးကျည်အသစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့



အိန္ဒိယနိုင်ငံသည် လေကြောင်းရန် ကာကွယ်ရေး ပခုံးထမ်းဒုံးကျည်သစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ဇူလိုင် ၂၆ ရက်တွင် အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO)က ကြေညာခဲ့သည်ဟု **Army Recognition** သတင်းဌာနက ဇူလိုင် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကာကွယ်ရေးဝန်ကြီး **Sanjay Seth** ၏ ပြောကြားချက်အရ ဤစနစ်သစ်သည် အမေရိကန်ထုတ် နာမည်ကြီး **FIM-92 Stinger** ဒုံးကျည်၏ စွမ်းဆောင်ရည်နှင့် တူညီကြောင်း သိရသည်။

အနီးကပ်လေကြောင်းရန် ကာကွယ်ရေးအတွက် တာနီးလေကြောင်းကာကွယ်ရေးဒုံးစနစ် (**VSHORADS**) အမျိုးအစား လေကြောင်းရန်ကာကွယ်ရေး ပခုံးထမ်းဒုံးကျည်သည် ၎င်းထက် အရွယ်အစားပိုမိုကြီးမားသော ပြိုင်ဘက်အမျိုးအစားတူ လက်နက်စနစ်များအတွက် တီထွင်ထုတ်လုပ်ထားသည့် နည်းပညာဆိုင်ရာ အဆင့်မြင့်မားလာမှုများနှင့် စနစ်ခွဲများထံမှ အကျိုးအမြတ်တစ်စုံတစ်ရာ ရရှိနိုင်လိမ့်မည်ဖြစ်သည်။ လက်ရှိတွင် **VSHORADS** ဒုံးကျည်သည် သုံးချောင်းထောက် (**Tripod**) လိုအပ်သော စတုတ္ထမျိုးဆက်စနစ်ဖြစ်သည်။

ဒုံးကျည်သစ်၏ အကောင်းဆုံးအင်္ဂါရပ်မှာ ၎င်း၏ပုံရိပ်ဖော် အနီအောက်ရောင်ခြည် (**IIR**)လမ်းညွှန်စနစ်ဖြစ်ပြီး ထိရောက်အကွာအဝေး ခြောက်ကီလိုမီတာအတွင်း ပစ်မှတ်များနှင့်ပစ်မှတ်တု(လှည့်စားမှုများ)ကို တိကျစွာခွဲခြားနိုင်သည့် စွမ်းဆောင်ရည်ဖြစ်သည်။ ဤအဆင့်မြင့်အာရုံခံနည်းပညာသည် ဆန်းပြားသောအီလက်ထရွန်နစ် တန်ပြန်လုပ်ဆောင်မှုအခြေအနေများအောက်တွင်ပင် ပစ်မှတ်များကို ထောက်လှမ်းခြင်းနှင့်ခြေရာခံခြင်းကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ရွေ့လျားစစ်ကစားနိုင်မှုအရ အိန္ဒိယထုတ် ပခုံးထမ်းဒုံးကျည်တွင် လေခွင်းမျက်နှာပြင် (**Aerodynamic Surfaces**) နှင့် တုံ့ပြန်မှုရှိသောတွန်းအားပေးစနစ် (**Reactive Thrust Vectoring**)တို့အသုံးပြုထားသည့်အတွက် မမျှော်မှန်းနိုင်သောလှုပ်ရှားပျံသန်းမှုများကို ပြုလုပ်နိုင်စေမည်ဖြစ်သည်။ ထို့ပြင် ၎င်း၏ပျံသန်းမှုလမ်းကြောင်းတစ်လျှောက် အကောင်းဆုံးအရှိန်အဟုန်ရရှိစေရန်အတွက် ပင့်တင်အားပြောင်းလွယ်ပြင်လွယ် ပြုလုပ်နိုင်မည့် **Dual-Pulse** အင်ဂျင်အမျိုးအစားကို အသုံးပြုထားသည်။

မည်သို့ပင်ဖြစ်စေကာမူ ထိုသို့သော အဆင့်မြင့် ဝိသေသလက္ခဏာရပ်များ ပိုင်ဆိုင်ထားသော်လည်း **DRDO** သည် ဒုံးကျည်ကိုပခုံးထမ်း၍ ပစ်လွှတ်နိုင်ရန် အရွယ်အစားနှင့် အလေးချိန်ကို လျှော့ချသည့်နေရာတွင် စိန်ခေါ်မှုများဖြင့်ရင်ဆိုင်နေရသည်။ **VSHORADS** ဒုံးကျည်၏ လက်ရှိအတိုင်းအတာမှာ အလျား နှစ်မီတာနှင့် အလေးချိန် ၂၁ ကီလိုဂရမ်ရှိပြီး သယ်ဆောင်ရလွယ်ကူစေရန်အတွက် ယခုထက်ပိုမိုပေါ့ပါးကျစ်လျစ်ရန် လိုအပ်သည်။

ခြုံငုံသုံးသပ်ရလျှင် နည်းပညာနှင့် စွမ်းရည်များတိုးတက်လာမှုနှင့်အတူ **DRDO** ၏ ပခုံးထမ်းဒုံးကျည်အသစ်သည် အိန္ဒိယ၏ လေကြောင်းရန် ကာကွယ်ရေးအတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်လာနိုင်ရုံမျှမက အကျိုးအမြတ်များသည့် ပို့ကုန်ထုတ်ကုန်တစ်ခုဖြစ်လာနိုင်ပြီး ခေတ်သစ်စစ်ပွဲများနှင့် နိုင်ငံ့ကာကွယ်ရေးတွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုကို ကိုယ်စားပြုနေသည်။

အိန္ဒိယ၏ပခုံးထမ်းဒုံးကျည်စနစ်သစ်များတီထွင်မှုသည် အထူးသဖြင့် တရုတ်နှင့် ပါကစ္စတန်နယ်စပ်တစ်လျှောက် ဖြန့်ကြက်ချထားမည့် လေကြောင်းရန်ကာကွယ်ရေးအင်အားများတွင် ကွက်လပ်ဖြည့်ရန် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်တစ်ရပ်လည်းဖြစ်သည်။ ဤလုပ်ဆောင်မှုသည် အိန္ဒိယအစိုးရ၏ စစ်လက်နက်ပစ္စည်းများကိုခေတ်မီစေရန်နှင့် နိုင်ငံခြားစနစ်များအပေါ် မှီခိုအားထားမှုကိုလျှော့ချရန် အထူးသဖြင့် ရုရှားနိုင်ငံမှ **Igla-1M** နေရာတွင် အစားထိုးအသုံးပြုနိုင်စေခြင်းဖြင့် ပိုမိုကျယ်ပြန့်သောစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

စုပေါင်းအားဖြင့် ရူပီးကုဋေ ၆၈၀၀ (အမေရိကန်ဒေါ်လာ သန်း ၈၄၀ ခန့်) တန်ဖိုးရှိသော အဆိုပါစီမံကိန်းများတွင် **Very Short Range Air Defense Systems (VSHORADS)** ဖွံ့ဖြိုးတိုးတက်ရေးပါဝင်သည်။ ဒေသတွင်းတင်းမာမှုများ အထူးသဖြင့် တရုတ်၊ ပါကစ္စတန်တို့နှင့် ထိလွယ်ရှလွယ် နယ်နိမိတ်များတစ်လျှောက် ဝေဟင်ခြိမ်းခြောက်မှုများ မြင့်တက်လာခြင်းကြောင့် **VSHORADS** ပခုံးထမ်းဒုံးကျည်များသည် အလွန်အရေးကြီးသည်ဟု အိန္ဒိယနိုင်ငံက ယူဆထားကြောင်း သိရသည်။

**India Develops New Man-Portable Air Defense Missile ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံက ဘယ်လ်ဂျီယံသို့ Small Diameter Bomb -Increment II (SDB-II) ဗုံးများရောင်းချရန် ခွင့်ပြု

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အဆင့်မြှင့်တင်ထားသော **Small Diameter Bomb-Increment II (SDB-II)** ဗုံးများကို ဘယ်လ်ဂျီယံသို့ ရောင်းချရန် သဘောတူခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း **The Defense Post** သတင်းဌာနက ဇူလိုင် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စုစုပေါင်း **SDB-II** ဗုံး ၁၉၆ လုံးအတွက် လေ့ကျင့်ရေး၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုများအပါအဝင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၁၅ သန်းဖြင့် ဘယ်လ်ဂျီယံသို့ ရောင်းချခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ဘယ်လ်ဂျီယံနိုင်ငံက ယခုကဲ့သို့ **SDB-II** ဗုံးများ ဝယ်ယူခြင်းသည် ၎င်း၏ အသစ်ထပ်မံဝယ်ယူထားသော **F-35** တိုက်လေယာဉ် ၃၄ စင်းတွင် တပ်ဆင်အသုံးပြုရန် ရည်ရွယ်ထားပြီး နိုင်ငံ၏ လေကြောင်းဟန့်တားမှုစွမ်းရည်ကို အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံထံမှ အဆိုပြုထားသော ဝယ်ယူရေးလုပ်ဆောင်မှုတွင် နိုင်ငံလေတပ်ရှိ **F-35** တိုက်လေယာဉ်အုပ်ကို တိုက်ပွဲဝင်အသင့်အနေအထားဖြစ်စေရန်၊ ဒေသတွင်း ခြိမ်းခြောက်မှုများကို ယုံကြည်စိတ်ချရသော အဟန့်အတားဖြစ်စေခြင်းဖြင့် လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန် ဘယ်လ်ဂျီယံလေတပ်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ကာကွယ်ရေးနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လူသိများသော **SDB-II** ဗုံးများသည် ဝေဟင်မှမြေပြင်သို့ ပစ်လွှတ်တိုက်ခိုက်နိုင်သော လေဟုန်စီးလက်နက်တစ်မျိုးဖြစ်သည်။ မိလီမီတာလှိုင်းနှုန်းရေဒါ၊ **Imaging Infrared** (အနီအောက်ရောင်ခြည် ပုံရိပ်ဖော်)နှင့် **Semi-Active Laser** (လေဆာအာရုံခံကိရိယာ)ဟူ၍ အာရုံခံနည်းလမ်းသုံးခုပါရှိပြီး ရာသီဥတုဆိုးရွားနေသည့်ကြားမှပင် တည်ငြိမ်နှင့်ရွေ့လျားပစ်မှတ် နှစ်ခုစလုံးကို တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။



မိလီမီတာလှိုင်းနှုန်းရေဒါသည် ဆိုးရွားသောရာသီဥတုဖြစ်လင့်ကစား ပစ်မှတ်များကို ခြေရာခံနိုင်ပြီး အနီအောက်ရောင်ခြည်ဖြင့် ပုံရိပ်ဖော်ခြင်းဖြင့် ပစ်မှတ်ခွဲခြားမှုကို ပိုမိုကောင်းမွန်စေနိုင်သည်ဟု အမေရိကန်နိုင်ငံ အခြေစိုက် **Raytheon RTX Corporation** ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။ **Semi-Active Laser** သည် ဗုံးကို လေကြောင်းချီဖြစ်စေ၊ မြေပြင်မှ ဖြစ်စေ **Laser Designator** များကို ခြေရာခံနိုင်စေမည်ဖြစ်သည်ဟု သိရသည်။

၎င်းတွင် ၁၀၅ ပေါင် (၄၇ ဒသမ ၆ ကီလိုဂရမ်) အလေးချိန်ရှိ ဘက်စုံသုံးပုံသွင်းခဲယမ်းများ၊ ပြန့်ကျဲဖောက်ခွဲယမ်းများ ပါဝင်ဖွဲ့စည်းထားပြီး ပစ်မှတ်များကို အလိုအလျောက် ဦးစားပေးတိုက်ပွဲဝင်နိုင်ကြောင်း သိရသည်။

**SDB-II** ဗုံးများသည်ပစ်မှတ်ဆီသို့ အလိုအလျောက် ထိန်းကျောင်းတိုက်ပွဲဝင်နိုင်ရန် **Global Positioning/Inertial Navigation System** လမ်းကြောင်းပြစနစ်ကိုအသုံးပြုခြင်းဖြစ်ပြီး အကွာအဝေး ၄၅ မိုင် (၇၂ ကီလိုမီတာ)ထိ တိုက်ခိုက်နိုင်မည်ဖြစ်သည်။ **F-35C Lightning II** တိုက်လေယာဉ်တွင် သယ်ဆောင်၍ စမ်းသပ်ပစ်လွှတ်မှုအတွင်း ပစ်မှတ် ၁၄ ခုလုံးကို တိုက်ခိုက်ဖျက်ဆီးချေမှုန်းနိုင်ခဲ့သည့်အတွက် တိုက်ပွဲဝင် အောင်မြင်မှုရာနှုန်းပြည့်ရရှိထားသည့် ဗုံးများလည်းဖြစ်ကြောင်း သိရသည်။

**US Approves Small Diameter Bomb Sale to Belgium ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၀၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၀၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ပဲတီစိမ်း ၂၂၂၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၀၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၅၀၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့အသိပညာပေးတာတွေ လုပ်ဆောင်နေပါတယ်”ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲတီစိမ်းသီးနှံ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်း ပညာပေးတာတွေကို တောင်သူများနှင့် ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း လယ်ကဏန်းပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း လယ်ကဏန်း ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက် ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း လယ်ကဏန်းပိဿာချိန် ၆၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၀ ရက်ထိ လယ်ကဏန်းပိဿာ ချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ လယ်ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

“ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေတဲ့ လယ်ကဏန်းတွေက လယ်ကွင်းထဲကဖမ်းယူရရှိတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို လယ်ကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကိုပါ အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လထဲမှာ လယ်ကဏန်း ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဖျာပုံမြို့နယ်ကနေထွက်တဲ့ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လယ်ကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့ သိရပါတယ်”ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။



ဖျာပုံမြို့နယ်မှ လယ်ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် လယ်ကဏန်း ၁၀ ပိဿာလျှင်ငွေကျပ် ၆၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါလယ်ကဏန်းများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပင်လောင်းမြို့နယ် နောင်ပီ(နောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ပင်လောင်း ဩဂုတ် ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက နောင်ပီ(နောက်)ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက နောင်ပီ(နောက်) ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော နောင်ပီ (နောက်) ကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် နောင်ပီ (နောက်) ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရှိုသန်းညွန့်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁-၈-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၈၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ်၏ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တီဟီရန်မြို့၌ ဇူလိုင် ၃၀ ရက်တွင်ကျင်းပခဲ့သည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ် မစ္စတာမာဆော့ပါဇက်ရှ်ကီရမ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် အီရန်နိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။**

# သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်လှစ်





**နေပြည်တော် ဩဂုတ် ၁**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးငွေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်းသင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ပြည်လုံးကျွတ်အဆင့် ကောက်ယူမည်ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူရန် ရက်အားဖြင့် ၆၁ ရက်သာလိုတော့ပါကြောင်း၊ သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို လွန်ခဲ့သည့် သုံးနှစ်မှစတင်၍ စီမံချက်ရေးဆွဲကာ အချိန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူရန် စီမံဆောင်ရွက်သည့်လုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စာရင်းစစ်၊ စာရင်းကောက်များ ခန့်ထားခြင်း၊ သန်းခေါင်စာရင်းသင်တန်းအဆင့်ဆင့် အချိန်ကိုက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ခြင်းတို့အပြင် ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုသင်တန်းသားများသည် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နည်းပြတာဝန်ထမ်းဆောင်ကြရမည် ဖြစ်သည့်အတွက် ယခုသင်တန်းမှ လေ့ကျင့်သင်ကြားပေးမှုအပေါ် သေသေချာချာလေ့လာမှတ်သားပြီး နည်းပြအဖြစ်ပြန်လည်သင်ကြားပို့ချသည့်အခါ မခွင်းမချန် ထိထိရောက်ရောက် ပြန်လည်အသုံးချလေ့ကျင့်သင်ကြားပေးကြရန်လိုအပ်ပါကြောင်း၊ ယခုဗဟိုအဆင့်နည်းပြသင်တန်းကို သင်တန်းကာလ ၁၀ ရက်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နည်းပြသင်တန်း၊ ခရိုင်အဆင့်နည်းပြသင်တန်းနှင့် မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို သတ်မှတ်အချိန်အတိုင်းအောင်အောင်မြင်မြင်ဖွင့်လှစ်နိုင်ရေးသက်ဆိုင်ရာ နေပြည်တော်၊တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်က ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသားများက နယ်မြေဒေသအခြေအနေများကို တစ်ဦးချင်းရှင်းလင်းတင်ပြကြသည်။

ယခုဖွင့်လှစ်သည့် သန်းခေါင်စာရင်းဆိုင်ရာ ဗဟိုအဆင့်နည်းပြသင်တန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဦးစီးဌာနမှူးရုံးများနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များအပါအဝင် အရာထမ်း ၅၅ ဦးဖြင့် သင်တန်းကာလ ၁၀ ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး ယခုနည်းပြသင်တန်းပြီးဆုံးပါက တိုင်းဒေသကြီး၊ ပြည်နယ်၊ခရိုင်အဆင့် နည်းပြသင်တန်းများနှင့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ စီမံချက်များအတိုင်းဆက်လက်ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတွဲဖက် အထက်တန်းကျောင်း ၈၅ ကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၂၂၄၄ ဦး ပညာသင်ယူလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

၂၀၂၄-၂၀၂၅ပညာသင်နှစ်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတွဲဖက် အထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်ခဲ့ပြီး စိုက်ပျိုးရေးဘာသာရပ်ကို KG+10 ကျောင်းသား၊ ကျောင်းသူ ၁၃၂၄ ဦးနှင့် KG+11 ကျောင်းသား၊ ကျောင်းသူ ဦးရေ ၉၂၀ စုစုပေါင်း ၂၂၄၄ ဦး သင်ယူလျက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းသည် ဇူလိုင် ၃၁ ရက် ညနေပိုင်းတွင်လယ်ဝေးမြို့နယ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတွဲဖက်အထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံကာ စိုက်ပျိုးမွေးမြူရေးဘာသာရပ်နှင့် ပတ်သက်၍ အားလုံးကျက်မှတ်ဖြေဆိုရန် မလိုအပ်ဘဲ အခြေခံအနေဖြင့် လက်တွေ့လေ့လာပြီး ဖြေဆိုနိုင်ရမည်ဖြစ်ကြောင်း၊ ကျောင်းတွင် စာတွေ့လက်တွေ့ လေ့လာသင်ယူခဲ့မှုများကို မိဘလက်ငုတ် လယ်ယာလုပ်ငန်း၌ အသုံးချဆောင်ရွက်ခြင်း၊ ကိုယ်ပိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်ပြီး လယ်ယာစီးပွားလုပ်ငန်းရှင်များအဖြစ်ဆောင်ရွက်ခြင်း၊ အစိုးရဌာနများ စိုက်ပျိုးရေးကုမ္ပဏီများ မျိုးစေ့ကုမ္ပဏီများတွင် ပညာရှင်ဝန်ထမ်းများအဖြစ် ဆောင်ရွက်ခြင်းစသည်ဖြင့် နယ်ပယ်စုံကဏ္ဍစုံတွင် အောင်မြင်စွာရပ်တည်နိုင်ကြစေရန် ရည်ရွယ်သင်ကြားပေးခြင်းဖြစ်သကဲ့သို့ ထူးချွန်မှုအလိုက် သိပ္ပံကျောင်းများနှင့် ဘွဲ့ကြိုဘွဲ့လွန်ပါရဂူတန်းထိပေါက်မြောက်အောင်မြင်အောင် ဆက်လက်ကြိုးပမ်းနိုင်ကြသည့် အခွင့်အလမ်းကောင်းများစွာရှိနေခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဇံနှင့်အတူ စာသင်ခန်းများ၊ လက်တွေ့ဆောင်များ၊ လက်တွေ့စိုက်ကွင်းများကို ကြည့်ရှုအားပေးကြပြီး လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် တပ်နယ် အားကစားရုံ၌ သွားရောက်တွေ့ဆုံ အားပေးသည်။



**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၃) ရပ်ကွက် လသာအောက်လမ်း အမှတ်(၆၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့ရှေ့ဆောင်ပါတီ(People's Pioneer Party)**သည် ယင်းပါတီ၏တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ **ပြည်သူ့ရှေ့ဆောင်ပါတီ(People's Pioneer Party)**က ပြောင်းလဲအသုံးပြုမည့် ဖော်ပြပါပါတီတံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့ရှေ့ဆောင်ပါတီ(People's Pioneer Party)၏ တံဆိပ်ပုံစံ**

PPP
ပြည်သူ့ရှေ့ဆောင်ပါတီ
PEOPLE'S PIONEER PARTY

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရေဘေးကြိုတင်ရွှေ့ပြောင်းသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်



**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း ရေဘေးကြိုတင်ရွှေ့ပြောင်းသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**

**နေပြည်တော် ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက် ပြည်လုံးချမ်းသာ ဘုရားဝင်းအတွင်းတွင် ရေဘေးအန္တရာယ်ရှိသည့်နေရာများမှ ကြိုတင်ပြောင်းရွှေ့ရောက်ရှိလာသည့် အိမ်ထောင်စုများကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဦးစွာ တိုင်းမှူးက ရေဘေးကြိုတင်ရွှေ့ပြောင်းသည့် ပြည်သူများကို အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒက္ခိဏာရာမရွှေကျောင်ပရိယတ္တိစာသင်တိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး အတွင်း မိုးများ အဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် ဝဝန်မြစ်ရေမှာ မြင့်တက်လာခဲ့ပြီး ကျောင်းကုန်းမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ အတွင်း၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ အဆိုပါနေရာများသို့ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက သွားရောက်၍ ရေဘေးသင့် အိမ်ထောင်စုများကို ရေဘေးလွတ်ရာသို့ပြောင်းရွှေ့နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

□ **ခွဲစိတ်ကုသမှုအောင်မြင်မှုအဆက်**

ဆောင်ရွက်ပေးခဲ့ရာ မေ ၁၆ ရက် နံနက် ၄ နာရီခွဲတွင် အောင်မြင်စွာပြီးစီးခဲ့သည်။

မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လူနာရောက်ရှိလာသည်နှင့် တစ်ပြိုင်တည်း အရေးပေါ်ကုသမှုဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ပြုစုကုသမှုပြုလုပ်ပြီး လိုအပ်သော စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ပေးခဲ့သည်။ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဌာနမှူး ဒေါက်တာစည်သူ၊ အထူးကုဆရာဝန်ကြီး (လက်ပိုင်းဆိုင်ရာခွဲစိတ်) ဒေါက်တာဒယ်နီရယ်ကိုလေးနှင့် အထူးကုဆရာဝန်ကြီး (လက်ပိုင်းဆိုင်ရာခွဲစိတ်) ဒေါက်တာဖြိုးဆွေဝင်းတင်တို့၏ ကြီးကြပ်မှုဖြင့် ဆေးလက်တွေ့ပါရဂူ လက်ပိုင်းဆိုင်ရာ(ခွဲစိတ်)၊ ပထမနှစ်သင်တန်းသား ဒေါက်တာဇင်ကိုကိုဦး၊ လက်ထောက်ဆရာဝန်(အရိုး) ဦးဆောင်သော ခွဲစိတ်အဖွဲ့၊ ပါမောက္ခ၊ ဌာနမှူး(မေ့ဆေး) ဒေါက်တာအေးအေး၊ အထူးကုဆရာဝန်(မေ့ဆေး) ဒေါက်တာခိုင်မျိုးသွယ်တို့ ဦးဆောင်သည့် မေ့ဆေးအထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် သူနာပြုဆရာမကြီး ဒေါ်လွင်မာသူတို့ ပါဝင်သောအဖွဲ့များပူးပေါင်း၍ ပြတ်တောက်သွားသော ညာဘက်လက်ညှိုးကို ပြန်လည်ဆက်ပေးသည့်ခွဲစိတ်ကုသမှု(**Replantation of index finger**) ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

လူနာ၏လက်မှာ ခွဲစိတ်ပြီးချိန်မှစတင်၍ သွေးကြောများ ဖြည်းဖြည်းချင်းပြန်လည်လှည့်ပတ်စီးလာပြီး လက်အခြေအနေမှာ ကောင်းမွန်သဖြင့် ဇွန် ၂၄ ရက်တွင် ဆေးရုံက ဆင်းခွင့်ပြုခဲ့သည်။

အဆိုပါလက်ပြတ်သွားသည့် လူနာကဲ့သို့ ပြတ်တောက်သွားသည့်လက်ကို ခွဲစိတ်ကုသမှု ဆောင်ရွက်ရန်အတွက် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့မည်ဆိုပါက ပြတ်တောက်သွားသောလက်ကို ရေသန့်သန့် သို့မဟုတ် အကြောဆေးရည် (**Normal Saline or Ringer Lactate**)ဖြင့် ဆေးပြီး အကြောဆေးရည်ဖြင့် စိုစွတ်အောင်စိမ်ထားသော ခွဲစိတ်ခန်းသုံးအဝတ်စ(**Gauze**)ဖြင့်ပတ်၍ သန့်ရှင်းသော ပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ထည့်၍လည်းကောင်း၊ အကြောဆေးရည်ထည့်ထားသော သန့်ရှင်းသော ပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ ထည့်၍လည်းကောင်း၊ လုံခြုံစွာပိတ်ပြီး ရေခဲထည့်ထားသော ရေခဲပုံးအတွင်းထည့်၍ ခြောက်နာရီအတွင်း လွှဲပြောင်းပေးပို့နိုင်ပါက လူနာအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ




**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်း ဒိုင်းဆုရရှိသောအသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။**

**နေပြည်တော် ဩဂုတ် ၁**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ရှစ်သင်း၊ အမျိုးသမီးအသင်း ခုနစ်သင်းတို့ဖြင့် ဇူလိုင် ၂၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ကျန်းမာရေးဝန်ကြီးဌာန
## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အားပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရပ်ဟန်းရှင်လှူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

**နေပြည်တော် ဩဂုတ် ၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေးဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်းကန်ဆယ်မည်ဖြစ်ပါသဖြင့် ရပ်ဟန်းရှင်လှူပြည်သူများအနေဖြင့် တတ်စွမ်းသမျှလှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ကိုယ်စားပြုဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ပုဗ္ဗသီရိမြို့နယ် တောင်သူများပူးပေါင်းပါဝင်သော သက်လျှင်အထွက်ကောင်းစပါးမျိုးများ ရွေးချယ်

**နေပြည်တော် ဩဂုတ် ၁**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ မျိုးမွေးမြူရေးပညာရှင်များသည် ယနေ့ နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ၌ စိုက်ပျိုးရေး ဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ထားသည့် တောင်သူများ ကိုယ်တိုင်ပါဝင်သော မိဘမျိုး နှစ်မျိုးနှင့်အထက် မျိုးကူးစပ်ထားသည့် စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသန စမ်းသပ်ကွက်တွင် အထွက်ကောင်းသက်လျှင် စပါးမျိုးသားဆက်လိုင်းများရွေးချယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ဆွေစဉ်မျိုးဆက်လုပ်ကိုင်ခဲ့ကြသည့် တောင်သူဦးကြီးများ၏ အတွေးအမြင် အတွေ့အကြုံများကို ဆွေးနွေးဖော်ထုတ်ပြီး နည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊ လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့မှသာတောင်သူလက်တွေ့ဘဝအခက်အခဲကို ထိရောက်စွာကူညီဖြေရှင်းပေးနိုင်ကြမည်ဖြစ်ပြီး မိမိတို့မျှော်မှန်းဆောင်ရွက်နေကြသည့် စားရေရိက္ခာဖူလုံမှုနှင့် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ခြင်းကို အောင်မြင်စွာ ဖော်ဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ယခုကဲ့သို့ သက်လျှင်အထွက်ကောင်းစပါးမျိုးများ မျိုးစပ်ခြင်းဆိုင်ရာ အခြေခံမျိုးဗီဇပညာရပ်နှင့် သားဆက်လိုင်းရွေးချယ်ခြင်းဆိုင်ရာ နည်းပညာများကို တောင်သူများ လက်တွေ့လေ့လာဆောင်ရွက်နိုင်ကြစေရန်၊ စိုက်ပျိုးရေးပညာရှင်များ သုတေသီများနှင့် နီးနီးကပ်ကပ်တွေ့ဆုံ၍ စပါးမျိုးများ မျိုးစပ်မွေးမြူခြင်းဆိုင်ရာ နည်းပညာများ မျှဝေဖလှယ်နိုင်စေရန် နေပြည်တော်ကောင်စီ နယ်မြေအတွင်း ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်၍ တောင်သူဦးကြီးများက စိတ်တူဆန္ဒတူ ပူးပေါင်းပေးကြရန် တိုက်တွန်းပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များ၊ ဇေယျာသီရိမြို့နယ်မှ တောင်သူများသည် စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက်တွင် စိုက်ပျိုးထားသည့် သက်လျှင်အထွက်ကောင်း စပါးမျိုးများကို ကွင်းဆင်းရွေးချယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ ပိုင်ရှင်က စွန့်လွှတ်ကြောင်းတင်ပြလာသည့် လူသုံးကုန်နှင့် အလှကုန်ပစ္စည်း၁၄၀၇ ကီလိုဂရမ်၊ **Tea Pot** ၅၂၄ ဒသမ ၃ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း ၁၆၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၉၀၀၄၇ ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ပိုင်ရှင်က စွန့်လွှတ်ကြောင်းတင်ပြလာသည့် တရုတ်နိုင်ငံထုတ် **Sanitary Ware** ၇၄၅ ခု၊ လျှပ်စစ်အပိုပစ္စည်း ၉၈၅ ဒသမ ၉ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၇၅၃၂၃၆ ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် **Roadone** ကားတာယာ ၉၆လုံး၊ ထိုင်းနိုင်ငံထုတ် **Knorr** ကြက်သားမှုန့် အထုပ် ၄၈၀၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၁၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် **Hino Profia Turck** တစ်စီးနှင့် **Yutong Bus** တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၃၅၃၂၈၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဂျင်းဘောင်းဘီရှည် အထည် ၄၇၀၊ ဆွယ်တာအင်္ကျီ ငါးထည် အပါအဝင် ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၂၂၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် **Toyota Hilux Surf** တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၄၂၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လမ်းမတော်မြို့နယ် မော်တင်ယာယီဈေးရပ်ကွက် လမ်းသစ်လမ်း(တို) ဂိုဒေါင်အမှတ်(B-4)၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်စားအုန်းဆီ ငါးလီတာပါ ဘူး ၇၈၀၊ ပုစွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါ ၃၅ ပုံး အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီ တစ်လီတာပါ ဘူး ၄၈၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၀၀၀၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် **Mitsubishi Canter Truck** နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ နှင့် ညောင်ခါးရှည် **X-Ray** စက် စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် **Uncle Barns Tempura Flour** အိတ် ၆၀၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၀၀၀၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် **Zhong Tong Bus** တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်သစ်မာ ၂ ဒသမ ၈၉၈ တန်၊ အခြားသစ် ၁ ဒသမ ၅၀၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၃၀၂၄ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၉၇၃၀၂၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

























ထို့အတူ ဇူလိုင် ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်သည့် **Honda Fit** သုံးစီး၊ **Toyota Crown** တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၂၈၈၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀၀ ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ခန္တီးမြို့နယ်၌ လိုင်စင်မဲ့ **Kenbo 125** မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၁၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ ဇူလိုင် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၂၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၈၄၈၅၀၇ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေး အဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ဝေဠုဝန်ကျောင်းတိုက် ဝင်းအတွင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဝေဠုဝန်ကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖ၀၁)

# လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် အားသွင်းစက်များ တင်သွင်းရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Arr Thit Man Motor Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW BESTUNE NAT E05 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ AungGabar Motor Services Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX ALPHA S နှင့် ARCFOX အမျိုးအစား လျှပ်စစ်သုံးယာဉ် အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# နောင်ချိုမြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**

နောင်ချိုမြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၉ ရက် မွန်းတည့် ၁၂ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာရှိ ယန်ဆန်၏ နေအိမ်ခြံဝင်းကို သတင်းအရရှာဖွေရာ သံပီပါအလုံး ၂၇၀ အတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide ကီလို ၁၃၅၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ယန်ဆန် ၃၉ နှစ်နှင့် ယန်အင်ချီ ၄၁ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ငပလီမြို့ ဂျိတ္တောရပ်ကွက်အတွင်းသို့ တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ် သုံးဦးအပါအဝင် ခြောက်ဦး သေဆုံးခဲ့ဟု လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေ




**နေပြည်တော် ဩဂုတ် ၁**

ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီမြို့ ဂျိတ္တောရပ်ကွက်ကို ပြီးခဲ့သည့် ဇူလိုင် ၂၈ ရက်တွင် တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ် သုံးဦးအပါအဝင် ဒေသခံပြည်သူ ခြောက်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ငပလီမြို့နယ်မှ တာဝန်ရှိသူများထံ မေးမြန်းစုံစမ်းမှုများအရ မှန်ကန်မှုမရှိကြောင်းသိရှိရပြီး အကြမ်းဖက်သမားများကို အားပေးအားမြှောက်ပြုနေသည့် ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်၊ ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင် လုပ်ကြံရေးသားကာ မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(ဖ၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များက တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ko Thein Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက်နေ သိန်းဝင်းအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ “နွေရတီဦး” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မုံပုလဲကျေးရွာနေ နုနုဝေအား ညနေ ၃ နာရီခွဲတွင် လည်းကောင်း၊ “@sawyannaung326” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်နေ စောနောင်အား ည ၇ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ “Chaw Chaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကယားပြည်နယ် ဖရူဆိုမြို့နယ် ဒီးဒါးကူးရပ်ကွက်နေ ရီတာ(ခ) ချောချောအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(ဖ၀၁)

# ဘူလ်ဂေးရီးယားနိုင်ငံ တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရန်ခက်ခဲသည့်အဆင့်တွင် ရှိနေဆဲဖြစ်



**ဆိုဖီယာ သြဂုတ် ၁**

ဘူလ်ဂေးရီးယားနိုင်ငံ မာလီရှီဖိုတောင်အနီးတွင် တောမီးလောင်ကျွမ်းမှုသည် ဇူလိုင် ၁၉ ရက်က တည်းကစတင်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုကို ဥရောပသမဂ္ဂအဖွဲ့အဝင်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများက ကူညီငြိမ်းသတ်ပေးလျက်ရှိသော်လည်း ရာသီဥတုအခြေအနေကြောင့် တောမီးလောင်ကျွမ်းမှုမှာ ဇူလိုင် ၃၁ ရက်ထိ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေဆဲဖြစ်ကြောင်း ဘူလ်ဂေးရီးယားအာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၁၄၈၂ ဧက၊ စိုက်ခင်း ၁၂၄၁ ဧက ပျက်စီးနေပြီဖြစ်ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းမှ တောမီးငြိမ်းသတ်မှုများ ပြုလုပ်ပေးလျက်ရှိနေသကဲ့သို့ ရဟတ်ယာဉ်များဖြင့်လည်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက အဓိက နေရာများကို တောမီးငြိမ်းသတ်ပေးနိုင်ရေးအတွက် လေကြောင်းမှတစ်ဆင့် ညွှန်ကြားမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုကိုထိန်းချုပ်နိုင်ခြင်းမရှိသေးပါဘူး။ အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ထားဆဲဖြစ်ပါတယ်။ မာလီရှီဖိုတောင်အနီးတစ်ဝိုက်ကဒေသတွေကိုတောမီးကူးစက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ မဟာမိတ်နိုင်ငံတွေလဲ တောမီးထိန်းချုပ်ဖို့အတွက် ကူညီပေးနေပါတယ်။ တပ်မတော်သားတွေကလဲ တောမီးငြိမ်းသတ်ပေးရာမှာကူညီပေးနေပါတယ်။ အခြေအနေကတော့ ထိန်းချုပ်ရခက်တဲ့အဆင့်ဖြစ်တဲ့အတွက် ပျက်စီးဆုံးရှုံးမှုတွေ ပိုဆိုးလာနိုင်တယ်။ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးရာမှာလဲ ကယ်ဆယ်ရေးဝန်ထမ်းတွေ ကူညီပေးနေပါတယ်။ လူနေအိမ်တွေဆီကိုမကူးစက်ဖို့ပဲ ဦးစားပေးပြီးတော့ တောမီးကို ငြိမ်းသတ်ပေးနေပါတယ်"ဟု ဘူလ်ဂေးရီးယား အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# အိန္ဒိယနိုင်ငံ Kerala ပြည်နယ်တွင် မြေပြိုမှုကြောင့် သေဆုံးသူ ၁၆၆ ဦးထိမြင့်တက်လာ

**နယူးဒေလီ သြဂုတ် ၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း Kerala ပြည်နယ် Wayanad ရှိ တောင်ကုန်းများတွင် မြေပြိုမှုများကြောင့် သေဆုံးသူ ၁၆၆ ဦးထိ မြင့်တက်လာပြီး လူဦးရေ ၂၀၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကယ်ဆယ်ရေးသမားများက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Kerala ပြည်နယ်သည် လက်ဖက်စိုက်ပျိုးရာတောင်ကုန်းဒေသဖြစ်ပြီး ဇူလိုင် ၃၀ ရက်ညပိုင်းက စတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများ နှစ်ကြိမ်ဆက်တိုက် ဖြစ်ပွားခဲ့ပြီးနောက် တောင်စောင်းများ ပြိုကျကာ ရွှံ့များနှင့် ကျောက်တုံးများ လူနေအိမ်များပေါ် ပြိုကျမှုဖြစ်ပွားခဲ့သည့်အပြင် ရာနှင့်ချီသော လူနေအိမ်များ ရွှံ့များနှင့် မျောပါပျက်စီးခဲ့ကြောင်း၊ မတ်စောက်ပြီး တောင်ကုန်းထူထပ်သည့် Kerala ပြည်နယ်တွင် ပုံမှန်မိုးရွာသွန်းမှုထက် ငါးဆခန့် ပိုမိုရွာသွန်းခဲ့ကြောင်း၊ ပြည်နယ်ရှိ အချို့နေရာများတွင် ၂၄ နာရီအတွင်း မိုးရေချိန်သည် တစ်ပေကျော် ရွာသွန်းပြီးနောက် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိုးရွာသွန်းမှုများပြားသဖြင့် Eru-vazhanji မြစ်အနီးရှိ ရွာများ မြစ်ရေလျှံမှုဖြစ်ပွားကာ နစ်မြုပ်သွားခဲ့ရကြောင်း သိရသည်။



ရာနှင့်ချီသော ကယ်ဆယ်ရေးဝန်ထမ်းများသည် ရွှံ့များနှင့် အပျက်အစီးများကြားထဲမှ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေလျက်ရှိပြီး ဆိုးရွားသောရာသီဥတုအခြေအနေကြောင့် လမ်းနှင့်တံတားများပါ ပျက်စီးခဲ့သဖြင့် သွားလာရေးအခက်အခဲများရှိနေမှုကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါဒေသတွင် ပိတ်မိနေသောလူဦးရေ ၅၅၀၀ ကျော်ကို အိန္ဒိယတပ်မတော်က ကယ်ဆယ်ခဲ့ပြီး ရာနှင့်ချီသောသူများကို ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KZ**

# ကာဇက်စတန်နိုင်ငံက ၂၀၂၄ ခုနှစ် နှစ်ဝက်အတွင်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ပျက်စီးဆုံးရှုံးမှုစာရင်း ထုတ်ပြန်

**အက်စ်တာနာ သြဂုတ် ၁**

ကာဇက်စတန်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များဖြင့် မကြာခဏရင်ဆိုင်နေရသည့် နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး ကာဇက်စတန်အာဏာပိုင်အဖွဲ့အစည်းက ၂၀၂၄ ခုနှစ် နှစ်ဝက်အတွင်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ပျက်စီးဆုံးရှုံးမှုစာရင်းကို ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကာဇက်စတန် အာဏာပိုင်အဖွဲ့အစည်းသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန်လကုန်ပိုင်းထိရင်ဆိုင်ခဲ့ရသော သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ရင်ဆိုင်ကြုံတွေ့ခဲ့ရသောပျက်စီးဆုံးရှုံးမှုများကို ဇူလိုင် ၃၁ ရက်က တရားဝင် ထုတ်ပြန်ကြေညာသွားခဲ့ခြင်းဖြစ်ကြောင်း၊ ထုတ်ပြန်ချက်များအရ ၂၀၂၄ ခုနှစ် နှစ်ဝက်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံ ဦးရေ ၁၂၀၀၀၀ ခန့်ထိရှိခဲ့ပြီး ၎င်းအနက် ဦးရေ ၅၅၀၀၀ ခန့်ကို အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ခဲ့ရခြင်းဖြစ်ကြောင်း ကာဇက်စတန်အာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်သွားခဲ့သည်။

"၂၀၂၄ ခုနှစ် နှစ်ဝက်ကာလအတွင်း ရင်ဆိုင်ခဲ့ရတဲ့ အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်ကြောင့် ဒေသခံ ၁၂၀၀၀၀ ကျော်ထိ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ လူနေအိမ် ၁၁၀၀၀ ကျော်ထိ ရေလွှမ်းခဲ့တယ်။ လမ်းပိုင်း ၁၅၀ ကျော်ထိ ရေလွှမ်းခဲ့တယ်။ တံတား ၁၁ စင်းထိ ပျက်စီးခဲ့တယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေထဲမှာ အရွယ်မရောက်သေးတဲ့သူ ၄၅၀၀၀ ကျော်ထိ ပါဝင်နေပါတယ်"ဟု ကာဇက်စတန်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ခြောက်လတာကာလအတွင်း မုန်တိုင်းအန္တရာယ်သတိပေးချက်ကို အကြိမ်ရေ ၄၅၀၀ ခန့်ထိထုတ်ပြန်ခဲ့ရကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသောနယ်မြေပေါင်း ၁၂ ခုထိရှိခဲ့ကြောင်း ကာဇက်စတန်အာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်သွားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ဇင်ဘာဘွေနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသည့် ကလေးငယ် ငါးသန်းခန့်ထိ ရှိနေ

**ဟာရာရီ သြဂုတ် ၁**

ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ကာလရှည်ရင်ဆိုင်နေရပြီး မိုးခေါင်မှုပြဿနာ၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် အဘက်ဘက်မှပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသည့် အရွယ်မရောက်သေးသည့်ကလေးငယ် ငါးသန်းခန့်ထိရှိနေကြောင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့ အခြေစိုက် UNICEF က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဇင်ဘာဘွေသမ္မတ အမ်မာဆင်က ဇင်ဘာဘွေနိုင်ငံကို သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် တရားဝင်ထုတ်ပြန်ကြေညာထားပြီး နိုင်ငံတကာမှ အကူအညီရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အဆင့်သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်လိုက်သည့်အတွက် ကုလသမဂ္ဂအဖွဲ့အစည်းကလည်း ဇင်ဘာဘွေနိုင်ငံကို ကူညီပံ့ပိုးရေးဆောင်ရွက်လျက်ရှိပြီး အင်အားကြီးနိုင်ငံများကိုလည်း အကူအညီတောင်းခံပေးလျက်ရှိကြောင်း သိရသည်။

"ဇင်ဘာဘွေနိုင်ငံမှာအယ်နီညိုရာသီဥတုရဲ့နောက်ဆက်တွဲပြဿနာကြောင့် ရာသီဥတုလွန်ကဲမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ရာသီဥတုလွန်ကဲမှုတွေကြောင့် အငတ်ဘေးဒုက္ခတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အငတ်ဘေးဒုက္ခနဲ့ ရင်ဆိုင်နေရတဲ့ ဒုက္ခသည်တွေအနက် အရွယ်မရောက်သေးသူ ငါးသန်းကျော်ရှိနေပါတယ်။ ကလေးငယ်တွေကိုတော့ ဦးစားပေးအနေနဲ့ စားနပ်ရိက္ခာရရှိရေးအတွက် ဆောင်ရွက်ပေးသွားမယ်"ဟု အာဖရိကတောင်ဘက်ပိုင်းဆိုင်ရာUNICEF ကိုယ်စားလှယ်ဖြစ်သူ အက်လီဇာက ပြောကြားသွားခဲ့သည်။

မိုးခေါင်ရေရှားမှု ပြဿနာကြောင့် အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသည့်ပြည်သူများကို ပံ့ပိုးပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၃ ဘီလီယံထိ ရရှိနိုင်ရေး နိုင်ငံတကာကို အကူအညီတောင်းခံထားကြောင်းလည်း ဇင်ဘာဘွေသမ္မတ အမ်မာဆင်က ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ပြင်သစ်နိုင်ငံတွင် အိုလံပစ်ပြိုင်ပွဲကျင်းပနေစဉ် အပူချိန်ပြင်းထန်စွာ မြင့်တက်နေ

**ပဲရစ် သြဂုတ် ၁**

ပြင်သစ်နိုင်ငံတွင် အိုလံပစ်ပြိုင်ပွဲ ကျင်းပနေစဉ် အပူချိန်ပြင်းထန်စွာ မြင့်တက်နေပြီး အပူချိန်က အိုလံပစ်ပြိုင်ပွဲဝင်အားကစားသမားများနှင့် လာရောက်ကြည့်ရှုသူပရိသတ်များကို အနှောင့်အယှက်များဖြစ်ပေါ်စေကြောင်း ယနေ့သတင်းများအရ သိရသည်။

ယခုကဲ့သို့ အပူချိန်များမြင့်တက်မှုသည် ရုပ်ကြွင်းလောင်စာသုံးရာသီဥတုအကျပ်အတည်းကြောင့်ဖြစ်ပြီး နိုင်ငံများ၏အပူချိန်သည် ပုံမှန်အပူချိန်ထက် ၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို မဖြတ်တောက်ပါက ပြင်သစ်နိုင်ငံတွင်ဖြစ်ပေါ်နေသောအပူလွန်ကဲမှုပြဿနာများသည် မကြာခဏဖြစ်လာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

"ရာသီဥတုဖောက်ပြန်မှုကြောင့်ဖြစ်ပေါ်လာတဲ့ အပူလွန်ကဲမှုဒဏ်ကို အားကစားသမားတွေအလူးအလဲ ခံစားနေကြရပါတယ်။ ၃၅ ဒီဂရီစင်တီဂရိတ်မြင့်တဲ့ အပူချိန်မှာ ချွေးထွက်များတဲ့ အားကစားပြိုင်ပွဲတွေ ယှဉ်ပြိုင်ရတာက အားကစားသမားတွေရဲ့ကျန်းမာရေးကို ထိခိုက်စေပါတယ်" ဟု Imperial College London မှ ရာသီဥတုဆိုင်ရာ ပညာရှင် ဒေါက်တာ Friederike Otto က ပြောကြားခဲ့သည်။

ထို့ပြင် အပူချိန်ပြင်းလွန်းသည့်အတွက် အီဖယ်မျှော်စင်အနီးရှိ ကမ်းခြေဘော်လီဘောပွဲကို လာရောက်ကြည့်ရှုသည့် ပရိသတ်များ အပူဒဏ်သက်သာစေရန် ရေပိုက်များဖြင့် ရေဖျန်းစနစ်များ တပ်ဆင်ပေးခဲ့ပြီး အားကစားပွဲများကျင်းပရာနေရာများတွင် ရေသန့်ပုလင်း သန်းပေါင်းများစွာကို ပေးဝေခဲ့ကြောင်း၊ ဇူလိုင်လအတွင်း အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# မျိုးဖျက်တဲ့ပိုး

မောင်မြိုင့်



ဝါလကင်းလွတ် သီတင်းကျွတ်ခဲ့ပြီ။ မြန်မာပြည်အနှံ့ စိုးမိုးမင်းမူ ဘုရင်တစ်ဆူလုပ်နေခဲ့သော မုတ်သုံလေတို့ ဆုတ်ခွာသွားပြီ။ မိုးအလွန်ဆောင်းအကူးကာလပေမို့ ကောင်းကင်တစ်ခွင်တစ်ပြင်လုံးကြည်စင်၍နေလေသည်။ တိမ်ခြေ၊ မင်းလွင်မြူခိုးစင်စ ခါသမယမို့ အပြာနုရောင်မိုးသားပြင်သည် ကြယ်အပေါင်းတို့ဝန်းရံလျက် တင့်တယ်စွာထွန်းပနေသော လမင်းကြီးနှင့် ပနံသင့်လှလေ၏။

ဝိုင်းဝိုင်းစက်စက်လမင်းကြီးသည် ဖြူဝါဝါရောင်ခြည်များ သွန်းချလျက်ရှိသောကြောင့် ဖိုးနီတို့ ဇက္ကနိရွာကလေးသည် လရောင်အောက်တွင် လှပသာယာလျက်ရှိတော့၏။ မိုးတွင်းကာလတစ်လျှောက်လုံး တအုန်းအုန်းတဗျင်းဗျင်း ညည်းချင်တိုင်းညည်းခဲ့သော မုတ်သုံမိုးတို့ လက်လျှော့ထွက်ခွာဆုတ်ပြေးကြလေပြီ။ အနေအထိုင်ကျဉ်းကျပ်၍ ခြေခင်းလက်ခင်းမသာဖြစ်ခဲ့ကြရာမှ ရွာလမ်းတစ်လျှောက် သာယာခဲ့လေပြီ။ ရွှံ့ညွန်ဗွက်အိုင်တို့ သောသောထူခဲ့သော အိမ်ရှေ့၊ အိမ်နောက်တို့တွင်လည်း ရေတို့ခန်းခြောက်၍လျှောက်လှမ်းနိုင်ကြပြီဖြစ်တော့၏။

မြူးထူးရွှင်ပျကစားချင်လှသော ကလေးငယ်တို့သည် အဝတ်အစားအသစ်ကလေးများဝတ်ဆင်ကာ လက်ထဲတွင် မီးပန်းကလေးများ၊ မီးပုံးငယ်ကလေးများကိုင်ကာ ရွာလမ်းမတစ်လျှောက် ခုန်ပေါက်ပြေးလွှားဆော့ကစားနေကြသည်မှာ စီစီညံနေလေတော့၏။

ဖိုးနီသည် ရွာလမ်းမကြီးတစ်လျှောက် ပြေးလွှားဆော့ကစားနေကြသော ကလေးငယ်တို့ကိုကြည့်ရင်း သူပါရောယောင်ပြေးလွှားချင်စိတ်များပင် ပေါ်ပေါက်လာကာ စိတ်ရွှင်ပျလျက်ရှိ၏။ ရွာကလေး၏အိမ်တိုင်းတွင် ဆီစိမ်စက္ကူဖြင့်ပြုလုပ်ထားသော ဝါနီပြာစိမ်းရောင်စုံမီးပုံးကလေးများ ရောင်စုံပြိုးပြက်ကာ လှပသာယာလျက်ရှိတော့၏။ ထွန်းညှိချိတ်ဆွဲထားကြသဖြင့်-

“ဩော်. . . အိမ်ကလူနှယ် ကလေးမဟုတ်၊ သူငယ်မဟုတ် လမ်းမကြီးမှာထိုင်လို့ ပြေးလာတဲ့ကလေးတွေဝင်တိုက်မိမှ ဟုတ်ပေ့ဖြစ်နေအုံးမယ်”

ရွာထိပ်ရှိ ကုန်စုံဆိုင်မှပြန်လာသော မကျင်ငွေက သူ့ယောကျ်ားကိုပြောတော့မှ ဖိုးနီ လှည့်ကြည့်ဖြစ်တော့သည်။

မကျင်ငွေ၏လက်ထဲတွင် ဆီပုလင်း၊ ငံပြာရည်ပုလင်း၊ ဆေးပေါ့လိပ်စည်း၊ ငရုတ်သီးခြောက်၊ ကြက်သွန် စသည့်ပစ္စည်းများကိုမြင်တော့မှ ဩော်. . . သူသည်ကနေ့ည ပိုက်ဆွဲဆင်းရတော့မှာပါလားဟု သတိဝင်မိတော့၏။

ယနေ့ပိုက်ဆွဲဆင်းရမည်မှာ ခါတိုင်းပုစွန်ပိုက်ဆွဲသွားသလိုနေ့ချင်းပြန်မဟုတ်။ နှစ်လ၊ သုံးလကြာအောင်သွားမည်ဖြစ်သော အဝေးခရီးဖြစ်လေတော့၏။

သူတို့ဓလေ့အရ အဝေးထွက်သည်ဟု ခေါ်ကြ၏။ နေ့ချင်းပြန်ခရီးမဟုတ်ဘဲ အနည်းဆုံး တစ်ရေ ဆယ်ရက်ခန့်သွား၍ငါးရှာကြသည်ကို အဝေးထွက်သည်ဟု ခေါ်ကြခြင်းပင်ဖြစ်၏။

တစ်မိုးတွင်းလုံး ညဘက် ငါး၊ ပုစွန်သွားရှာကြ၊ မိုးမလင်းမီပြန်လာကြ၊ ရသမျှရောင်းချစားလိုက်ကြနှင့် အဖတ်တင်သည်မရှိခဲ့ကြပါ။ ယခုနှစ် မိုးကာလတစ်လျှောက် ငါး၊ ပုစွန်ရှာဖွေရခက်လှ၏။ သူသူကိုယ်ကိုယ်ခြေရာချင်းထပ်၊ ပိုက်ချက်ချင်းထပ်အောင် ရှာဖွေနေကြသဖြင့် မြစ်ကမ်းချောင်းတိမ်တို့တွင် ငါးပုစွန်တို့ရှားပါးစပြုလာလေပြီ။

တော်ပါသေး၏။ မကျင်ငွေ အမွေရခဲ့သည့် လမ်းသမိုင်ဘက်မှ လယ်ကလေး ငါးကေခန့်ကို အစ်မဖြစ်သူကပင် ဦးစီးလုပ်ကိုင်ပေးပြီး ဝမ်းစာစပါးကလေးရှိထားပေလို့သာ ဖိုးနီတို့ ဟန်မပျက်နေနိုင်ခဲ့ခြင်းဖြစ်ပေ၏။

သူတို့လို ရေလုပ်သားတံငါများအတွက် ဆန်သာအရေးကြီးပါ၏။ ငါးပိ၊ ငါးခြောက်ဆိုတာက လက်ဖြစ်မဟုတ်လား။ မိုးအခါတွင် ရွာနောက်ဘက် လယ်ကွင်းတွေထဲ ဆင်းဆင်း၊ ရွာအရှေ့ရှိ ချောင်းထဲမှာပဲ ရှာရှာ၊ မိသားစုဟင်းစားအတွက်ကတော့ မပူပင်ရပေ။

ငါးဖျင်းသလက်လေးများ၊ ငါးစင်စပ်ကလေးများနှင့် ငါးစင်ရိုင်းကလေးများကိုအပုပ်ခံကာ ဆားကူး၍ ထမနဲကျိုထိုးကာ ဆယ်ဝင်အိုး၊ အစိတ်ဝင်အိုးတို့တွင် သိပ်ထားသဖြင့် ကျိုလိုက်လျှင် မွှေးကြိုင်နေသော ငါးပိရေကျိုကလေးကလည်း အဆင်သင့်ပင်။

လယ်ကွင်းထဲတွင် ဖားပေါင်ပင်ကလေးများ၊ လယ်ပတူပင်များ၊ ကညွတ်ပင်များကလည်း အတို့အမြှုပ်အဖြစ် အသုံးတော်ခံနေသည်ဖြစ်၍ ဆန်သာရှိလျှင် အားလုံးပြည့်စုံတော့သည်သာ။

ယခုလိုဆောင်းဦးကာလမှစ၍ မိုးကျစထိအချိန်များသည် သူတို့ငွေစရှင်သော နေ့ရက်များလည်းဖြစ်လေသည်။ သီတင်းကျွတ်လဆန်းမှစ၍ သူတို့တစ်တွေ ငါးမြွေထိုးဖမ်းထွက်ကြသည်မှာ တန်ခူးလဆန်းအထိပင်ဖြစ်တော့၏။

မိုးတွင်းကာလ ပုစွန်ပိုက်ဆွဲစဉ်ကာလများသည် အိမ်နားရှိ မြစ်များ၊ ချောင်းလက်တက်များတွင်သာ ရှာဖွေခဲ့ကြသည်မို့ နေ့ချင်းပြန်ခရီးများသာဖြစ်ပါ၏။ ယခု ငါးမြွေထိုးပိုက်ဆွဲဆင်းမည်မှာ ရပ်ဝေးခရီးဖြစ်သည်မို့ အိမ်ရှိမိသားစုများ စားရေးသောက်ရေးအတွက် စီစဉ်ပေးခဲ့ကြရသည်မှာ ထုံးစံဖြစ်နေပါ၏။ အိမ်တွင် မကျင်ငွေနှင့် သားနှစ်ယောက်၊ သမီးတစ်ယောက် ကျန်ခဲ့မည်။ စားစရာဆန်အသင့်၊ ငါးပိအသင့်ဖြစ်၍ ဖိုးနီစိတ်အေးရပါသည်။

ငါးမြွေထိုးပိုက်ဆွဲရာတွင် နေ့ချင်းပြန်သွား၍ မရဘူးလားဟု မေးစရာရှိပါ၏။ သပြေချောင်း၊ မှန်ကူ၊ ဘုရားစု၊ ကျုံလတာ စသောဝါးခယ်မမြို့ကလေးနှင့် နီးစပ်ရာ ချောင်းများတွင်သွား၍ပိုက်ဆွဲလျှင် ရပါ၏။

သို့သော် မိမိကဲ့သို့ ရှာဖွေစားသောက်နေကြသော ပိုက်သမားများပေါလှရာ ငါးရှာ၍ သိပ်မရချင်။

ရှာဖွေ၍ရလာလျှင်လည်း စုဆောင်းမိသည်မရှိ။ သို့ဖြစ်၍ အိမ်နားတွင်သာ ရှာဖွေစားသောက်ရသည်မှာ ပင်ပန်းရကျိုးမနပ်ဟု ဆိုနိုင်ပါ၏။ သားကလေးရှင်ပြုရန်၊ သမီးကလေးနားသရန်၊ အိုးအိမ်ပြုပြင်ဆောက်လုပ်ရန် ရည်ရွယ်သူများက အဝေးခရီးဖြစ်သည့် မြင်းကကုန်းမြို့နှင့်နီးစပ်ရာ သဲအိမ်၊ သံလိုက်၊ ခုလန်၊ သုမထိုက်၊ ခနောင်စသည့်ချောင်းများ၊ မော်ကျွန်းမြို့နှင့်နီးသည့် နွားရေကျော်၊ ပျားမွှတ်၊ မှန်ကူ၊ ကနစိုချောင်း၊ အလယ်စု စသည့်ချောင်းများတွင် သွားရောက်ရှာဖွေကြကာ ရလာသော ငါးမြွေထိုးများကို နီးစပ်ရာမြို့ရှိဒိုင်များတွင်ရောင်းချကာ တစ်လတန်သည်၊ နှစ်လတန်သည်ကြာမှ ငွေအတော်အတန်စုမိတော့မှ ပြန်လာလေ့ရှိကြပါ၏။

ပို၍စွန့်စွန့်စားစားဝေးဝေးလံလံသွား၍ ရှာဖွေသူများကမူ ကျုံမငေးမြစ်မကြီးအတိုင်းအောက်ဘက်သို့ စုံဆင်းသွားလျှင် တွေ့ရမည်ဖြစ်သော ပြိတ္တာကြီး၊ ပြိတ္တာကလေး၊ ရွှေကုံး၊ ဘေးပေါက်၊ ကကရဲ၊ မြို့ချောင်း၊ ဖိုးခွေးလေး၊ ဖိုးခွေးကြီး၊ ကွကွကြီး၊ ကွကွလေး စသောအောက်ဘက်ဒေသများထိ သွားရောက်ပိုက်ဆွဲကြကာ အနည်းဆုံးနှစ်လ၊ သုံးလ၊ လေးလခန့်ထိကြာအောင်နေပြီးမှ ပြန်လာလေ့ရှိကြပါ၏။

ယခုလည်း ဖိုးနီတို့ပိုက်သမားတစ်စု အဝေးခရီးထွက်ကြပါတော့မည်။ မိမိ၏အရပ်ဒေသနှင့် ဝေးလံသောနေရာတွင်သွား၍ စီးပွားရှာရမည်ဖြစ်၍ မိမိပိုက်လှေတစ်စင်းတည်းမဖြစ်၊ အဖော်လိုပါ၏။ သို့ဖြစ်၍ အသောက်အစားမရှိသူ၊ လောင်းကစားကင်းသူ၊ ဆိုဆုံးမ၍လွယ်သူ၊ စိတ်တူသဘောတူဖြစ်သူ၊ အရေးဟဲ့ဆိုလျှင် ကျောချင်းကပ်၍ ကာကွယ်မည့်သူတွေသာ ရွေးရတော့သည်။ အဖော်စပ်ရတော့သည်။

ထိုအခါ တပေါင်းလတွင် ရှင်ပြုချင်သူ၊ နားသချင်သူ၊ အိမ်ဆောက်မည့်သူ၊ တစ်မိုးတွင်းစာ ဝမ်းစာစပါးလှောင်ထားချင်သူ စသည့်ရည်ရွယ်ချက်များရှိသူတို့နှင့် ဆွေးနွေးတိုင်ပင်ကြရပါတော့၏။

ဖိုးနီနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူ ကိုရွှေဖောင်က ပိုက်လှေတစ်စင်း၊ ကိုတင်အုံး၊ ကိုညိုနှင့် ကိုခွေးကြီးတို့က တစ်စင်းစီ စုစုပေါင်း ဖိုးနီနှင့်ပါဆိုလျှင် ပိုက်လှေငါးစင်း သဘောတူညီကြပါပြီ။ လှေတစ်စင်းလျှင် လူနှစ်ယောက်ကျပါသည်မို့ ယောကျ်ားသားချည်း ဆယ်ယောက်ဖြစ်သဖြင့် လုံလောက်ပေပြီ။ အားငယ်စရာမရှိတော့။

ထိုအုပ်စုတွင် ဖိုးနီက ဦးဆောင်ဦးရွက်ဖြစ်လေ၏။ အတန်းပညာလည်း အားလုံးထက်သာသူ၊ စာဖတ်၍လည်း ဗဟုသုတစုံသူဖြစ်လေရာ ငါးပိဿာချိန်တွက်ချက်ရာ၌ဖြစ်စေ၊ ငါးဒိုင်နှင့် ဈေးနှုန်းတွက်ချက်ညှိနှိုင်းရာတွင်ဖြစ်စေ၊ အင်းသူကြီးများ၊ ရပ်ရွာလူကြီးများနှင့် စေ့စပ်ပြောဆိုရာမှာဖြစ်စေ အားကိုးရသည်မဟုတ်လား။ ယခုပင် မကျင်ငွေတစ်ယောက်ခရီးဝေးသွားမည့်ယောကျ်ားဖြစ်သူ ဖိုးနီအတွက် လိုအပ်မည်ဖြစ်သောချက်ပြုတ်စားသောက်စရာများ၊ ကုန်စုံဆိုင်တွင် ဈေးဝယ်ပြီး ပြန်ခဲ့ခြင်းဖြစ်ပါ၏။

ဖိုးနီသည် အိမ်ရှေ့ခန်းရှိ ဘုရားစင်တွင် မီးပူဇော်ကာ ဘုရားရှိခိုးပြီးနောက်-

“အခုသီတင်းကျွတ်မှာ အဖေနဲ့အစ်မကို မကန်တော့ရသေးဘူး၊ အဝေးကပြန်လာမှပဲ ကန်တော့မယ်လို့ မင်းသွားပြောထားနော်၊ နေထိုင်မကောင်းဖြစ်ရင်လဲ ပြုစုလိုက်ပါကွာ၊ ကလေးတွေကိုလဲ ဂရုစိုက်ဟေ့၊ အစစအရာရာ စိတ်ချပါရစေကွာ”ဟု မကျင်ငွေကို တတွတ်တွတ်မှာလေ၏။

“အထူးအဆန်းလုပ်လို့ ကိုဖိုးနီရယ်၊ စိတ်အေးအေးထားပြီးသာ သွားစမ်းပါ။ ကျုပ်တို့က ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်ရပ်ရွာမှာ နေခဲ့ရတာပါ။ အဖေနဲ့အစ်မတို့လဲ စိတ်ချသွားပါ။ ကျုပ်က မိစုံဖစုံမရှိတော့ ကျုပ်ရဲ့ မိရင်းဖရင်းလို သဘောထားပြုစုမှာပါ။ တော့်ကိုသာ ကျုပ်က ပူရတာ”

“အမယ် ဘာအတွက် မင်းကပူတာတုံး။ ပေါင်းလာတာဖြင့် အိမ်ထောင်သက် နှစ်ဆယ်ပြည့်တော့မယ်၊ မယုံသေးဘူးလား”

“တော့်ကိုမယုံလို့မဟုတ်ပါဘူးတော်၊ သူများရပ်ရွာမှာ ငွေနဲ့ကြေးနဲ့ဆိုတော့ ရန်သူမျိုးငါးပါးကို စိတ်မချရဘူးတော့။ ပြီးတော့ ကိုခွေးကြီးရဲ့တစ်ပုံသမားအောင်ရှိန်းကို ကျုပ်မကြိုက်ဘူးတော်၊ လူကသာဆင်းရဲတာ၊ အရက်ကလေးက တမြမြ၊ လောင်းကစားကလဲ ပါလိုက်ချင်သေးတာ၊ တော်က စိတ်ကတိုပါဘိနဲ့၊ တော်ကြာ ပြဿနာဖြစ်မှာစိုးလို့ပါ”

“မပူပါနဲ့ကွာ၊ ငခွေးကြီးက လူအလူရိုးကြီးပါ။ သူ့လူကို သူနိုင်အောင်ထိန်းမှာပေါ့။ အေး ခြောက်ပြစ်ကင်းသဲလဲစင်လူစုရမှ သွားရမယ်ဆိုရင်တော့ မလွယ်ဘူးဟေ့။ စောစောကတည်းက စည်းဝေးပြီး မှာထားခဲ့တာပဲ။ ပြောစကားနားမထောင်ဘဲ ကိုယ်ထင်ရာကိုယ်စိုင်းရင်တော့ မောင်းထုတ်မှာဗျ”

“ကျုပ်က သတိထားရအောင်ပြောတာပါတော့။ ဘာပဲဖြစ်ဖြစ် ကိုယ့်ရွာသားချင်းတွေသင့်သင့်မြတ်မြတ်နဲ့ စီးပွားဖြစ်လာရင်တော့ အကောင်းဆုံးပေါ့တော်”

မိကျင်ငွေက စကားလည်းပြောရင်း လိုအပ်မည့်ပစ္စည်းများကျန်မနေရအောင် ထည့်သိုနေတော့၏။

ထိုစဉ်မှာပင်-

“ကျုပ်တို့လာပြီအစ်မရေ၊ ဘာတွေကူညီလုပ်ပေးရအုံးမလဲ”

ပြောရင်းနှင့် စိန်ကုလားတို့လင်မယား အိမ်ပေါ်တက်လာကြလေရာ-

“ပိုက်နဲ့မှိန်းတွေ လှေထဲအရင်ချတော့ဟေ့၊ လှော်တက်နဲ့ ခမောက်တွေက အိမ်ရှေ့ပိန္နဲပင်အောက်မှာ”

စာမျက်နှာ ၂၅ သို့ ➤

# ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၁၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က လျှော်ဖြူစိုက်ခင်းကို တွေ့ရစဉ်

**ကန့်ဘလူ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၁၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၂၀၀ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် ၆၀၉ ကေ၊ ကျွန်းလှမြို့နယ်တွင် ၅၈၄ ကေ စုစုပေါင်း ၁၁၉၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ လျှော်ဖြူ ၁၂၀၀ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၁၉၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျှော်ဖြူက ရေငတ်ဒဏ်ကိုခံနိုင်တယ်။ မြေအမျိုးအစား မရွေးပေါက်ရောက်တယ်။ အပူပိုင်းဒေသသစ်ပင်မျိုးလဲဖြစ်တယ်။ မိုးရေချိန်နည်းပါးတဲ့ ကျောက်ဆစ်ကုန်းလိုဒေသတွေမှာ လျှော်ဖြူကို တိုးချဲ့စိုက်လို့ရပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၆၁၇ ကေ၊ ကျွန်းလှမြို့နယ်တွင် ၅၈၄ ကေ စုစုပေါင်း ၁၂၀၀ ကေဖြစ်ကြောင်း သိရသည်။

လျှော်ဖြူစိုက် တောင်သူများအနေဖြင့် လျှော်ဖြူစိုက်ပျိုးရာတွင် ဓာတုကင်းစင်သည့် GAP စနစ်ဖြင့်စိုက်ပျိုးသည့် စိုက်ခင်းမှထွက်ရှိလာသောလျှော်ဖြူကို GAP စနစ်ဖြင့်စိုက်သည့်လက်မှတ် ထုတ်ပေးမည်ဖြစ်ကာ ဓာတုကင်းစင်သည့် လျှော်ဖြူဖြစ်သလို GAP စနစ်ဖြင့် စိုက်ပျိုးခြင်းအားဖြင့် အခြားသောလျှော်ဖြူထက် ဈေးကွက်ပိုမိုခိုင်မာလာနိုင်ကြောင်း သိရသည်။

ထို့ပြင် လျှော်ဖြူအထွက်နှုန်းတိုးပွားရေးနှင့် လျှော်ဖြူဈေးကွက်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကုန်သည်ကြီးများ အသင်းနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မအူပင် ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေးအိမ်စုကျေးရွာတွင် ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးအရင်းများ သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထား ဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လေးအိမ်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၇၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီးထံမှ သိရသည်။

**ကိုလှိုင်**

## တကယ်ဖြစ်ချင် တကယ်လုပ်

- ကြုံပါစေ အခက်ခဲ
အပွဲပွဲနဲ့ ရှေ့ဆက်အစဉ်၊
ယုံကြည်ရာ ခရီးလမ်း
စိတ်မနွမ်းဆင်၊
ဘဝက ခက်မှာပင်
လဲကျရင် ပြန်ထသွား၊
မောပန်းနေ အရှုံးမတွက်နဲ့
ပြုံးလျက်အားထား။

- ဘယ်လိုပင် ရှိစေသား
လိုင်းကြီးလား လူသားရယ်၊
လိုင်းကြီးရင် လှေအောက်ကွဲ
ရောက်ကြရတယ်၊
ထိုစကား အမှန်တကယ်
ယုံကြကွယ် အားမာန်တင်း၊
စိတ်ဓာတ်သည် အဓိက
ရှိကြပါမင်း။

- ရှေ့မှာလေ ပျော်ရွှင်ခြင်း
အောင်မြင်မကင်း လမ်းစတွေ၊
အခွင့်ရေးကို အသုံးချမှ
အကျိုးကရှိနေ၊
မတုံ့ဆိုင်းနဲ့ လျှောက်ကာလေ
ရောက်မှာပေ အမှန်တွေ၊
တကယ်ဖြစ်ချင် တကယ်လုပ်
အဟုတ်ဖြစ်မယ်လေး။ ။

**မြင့်မိုရ်လင်း(ချောင်းဆုံ)**

➤ စာမျက်နှာ ၂၄ မှအဆက်

မကျင်ငွေကပြောရင်း ဖိုးနီ ခရီးသွားရင်းဝတ်ဆင်ရန် ရှပ်အင်္ကျီလက်ရှည်အဟောင်းတစ်ထည်ကို ယူ၍ပေးသည်။

"ဟေ့ . . ဖိုးနီ၊ မပြီးသေးဘူးလားဟ၊ ငါတို့လူစုံတက်စုံအဆင်သင့်ဖြစ်နေပြီ။ ဘာလဲ မိန်းမနားက မခွာနိုင်ဖြစ်နေတာလား"

အိမ်ရှေ့ချောင်းစပ်မှ ကိုရွှေဖောင်တို့ ပိုက်လှေလေးစင်းက လှမ်း၍ အော်ရင်း ဖိုးနီတို့အိမ် ရေဆင်းတံတားသို့ ဝင်၍ကပ်ကြသည်။

"ပြီးပြီဟေ့ . . လာပြီလာပြီ"ဟုပြောရင်း သံဖာပုံးတစ်လုံးကို ပိုက်၍ ဖိုးနီ ဆင်းလာသည်။ သူ့နောက်မှ မကျင်ငွေနှင့် စိန်ကုလားမိန်းမဖြစ်သူ ခင်တုတ်တို့က ထမင်းအိုး၊ ဟင်းအိုး မီးဖိုချောင်သုံးပစ္စည်းများ ထည့်ထားသောတောင်းကိုယူ၍ လိုက်လာရင်း-

"အသံပြကြီးနဲ့အော်မနေလေနဲ့ ကိုရွှေဖောင်ရဲ့၊ တော်တို့လိုမှတ်လို့လား" မကျင်ငွေက ရန်ထောင်လေ၏။

"မသိပါဘူးဟာ ခရီးသွားခါနီး အလွမ်းသယ်နေကြသလားလို့ပါ"ဟု ကိုရွှေဖောင်က ပြောအပြီး-

"ဖိုးနီက မိန်းမရှိုး သွားမကျိုးလုပ်နေသလားလို့ပါဟာ။ သည်နေ့က သီတင်းကျွတ်လပြည့်နေ့ညမဟုတ်လား"

ကိုတင်အုံးက ဝင်ပြောလေရာ အားလုံးက ဝိုင်း၍ရယ်လိုက်ကြ၏။

"သေနာကြီး၊ မဟုတ်တာတွေ တော်တော်ပြော"ဟုဆိုရင်း ဆောင့်အောင့်၍ အိမ်ပေါ်ပြန်တက်သွားတော့၏။

ဖိုးနီတို့ပိုက်လှေငါးစင်း ဇက္ကနီချောင်းကလေးထဲက ထွက်လာတော့ ကောင်းကင်တွင် လမင်းကြီးက ထိန်ထိန်သာလျက်ရှိ၏။ လမင်းဆိုသည်မှာ ကောင်းကင်မှာသာ သာနေမြဲဖြစ်ပေမဲ့ တငြိမ့်ငြိမ့်ကလေးစီးဆင်းနေသော သရွတ်သွတ်မြစ်ရေပြင်တွင်လည်း လမင်းတစ်စင်းက သာလျက်ရှိတော့၏။ ကောင်းကင်တွင် ထိန်ထိန်သာနေသည့်ကြားက ပျင်းရှာ၍ထင့်။ တဖျတ်ဖျတ်ခုန်ပေါက်လျက် လှိုင်းကြက်ခွပ်ကလေးများရှိရာ မြစ်ရေပြင်တွင် ရေဆင်းကူးလျက်ရှိနေသည်။

လှိုင်းကလေးများရိုက်ပုတ်လိုက်သဖြင့် ဝိုင်းဝိုင်းစက်စက်လမင်းကြီးသည် တွန့်တွန့်လိမ်လိမ်ဖြစ်သွားလိုက်၊ ပြန်၍ဝိုင်းစက်လာလိုက်နှင့် ဖိုးနီတို့လှေကလေးရှေ့က ပြေး၍ပြေး၍ လမ်းပြနေလေတော့သည်။ ဖိုးနီတို့ ဇက္ကနီရွာကလေးမှ ထွန်းညှိထားသော ရောင်စုံမီးပုံးကလေးတို့က ခပ်ဝေးဝေးမှာ ပုပုကလေးသာမြင်ရတော့၏။ ရေကလည်းအစုန်၊ လေအဟုန်ကလေးကလည်း ကျောဘက်မှ တသုန်သုန်တိုက်ခတ်ပေးနေလေရာ ဖိုးနီတို့ လက်လှော်တံငါလှေကလေးငါးစင်းသည် သရွတ်သွတ်မြစ်မကြီးမှ တစ်ဆင့် ကျုံပင်းမြစ်မကြီးအတွင်းသို့ လရောင်အောင်၌ တရိပ်ရိပ်ပြေး၍ နေတော့သည်။ သူတို့လှေကလေးများ၏နောက်တွင် လှိုင်းဂယက်ကလေးများ ဖွေး၍ ဖွေး၍ ကျန်ရစ်တော့သည်။

မော်ကျွန်းမြို့အနားရှိ အင်းချောင်းတစ်ခုကို တစ်ဆောင်းနှင့်တစ်နွေစာ ပိုက်ဆွဲခွင့် သူတို့စကားပြောပြီးကြပြီ။ သဘောတူပြီးကြပြီ။ အင်းသူကြီးနှင့်ပြောဆိုပြီး၍ နောက်တစ်နေ့မှာပင် သူတို့လုပ်ငန်းစကြလေသည်။ ရေသေရက်ဖြစ်သဖြင့် ချောင်းရေသည် ကွမ်းသီးလိမ့်ကလေးသာ စီးဆင်းနေရကား ငါးမြွေထိုးပိုက်ဆွဲသူတို့အကြိုက်ပင် ဖြစ်တော့၏။

ရေထရက် ရေစီးကြမ်းလျှင် ငါးမြွေထိုးပိုက်ဆွဲ၍ မရတော့၊ သို့ဖြစ်၍ ရေသေရက်များတွင် ကြိုးစားရှာကြရပြီး ရေထရက်များတွင် ခဏနားကြရပါသည်။ မနှစ်က ငါးမြွေထိုးပိုက်သမားများ လာရောက်ဖမ်းဆီးခြင်းမရှိခဲ့၍ ယခုနှစ် ဖိုးနီတို့ ငါးအရများလှတော့၏။ ကိုခွေးကြီးကမူ-

"ငါ့ကိုအဖော်လာစပ်တဲ့ ဖိုးနီကိုတော့ကျေးဇူးတင်တယ်ဟေ့၊ တပေါင်းလကျရင်တော့ သားကိုလဲ ရှင်ပြုရမယ်၊ သမီးကလေးကိုလဲ နားကပ်ကလေး လုပ်ပေးနိုင်တော့မယ်"ဟု ခဏခဏပြောနေတော့၏။

ကိုညိုတို့၊ ကိုတင်အုံးတို့ကမူ-

"မိုးမကျမီ အိမ်ကလေးပြန်ပြင်ရ၊ မိုးရကာရမဲ့စရိတ်နဲ့ တစ်မိုးစာ စပါးကလေးဝယ်ထားနိုင်ရင် တော်ပါပြီကွာ"ဟုပြောကာ ကျေနပ်နေကြတော့၏။

ယခုနှစ် ငါးဈေးက ကောင်းလှ၏။ မြို့မှ ပွဲထောင်စက်လှေကလေးက နေ့စဉ်လာရောက်၍ ငါးသိမ်းလေ့ရှိ၏။ တစ်ရေထက်တစ်ရေ ငါးအထိများလာသောအခါ ဖိုးနီတို့ပိုက်ဆွဲရာ အင်းချောင်းအဝကမ်းပါးတွင် တဲကြီးတစ်လုံးထိုးကာ ဒိုင်ဖွင့်၍ကိုယ်စားလှယ်တစ်ယောက်ထားကာ အမြဲတမ်းနေထိုင်ဝယ်လေတော့၏။

ထိုငါးဒိုင်တဲကြီးတွင် ဖိုးနီတို့သာမက အခြားနီးစပ်ရာအင်းချောင်းများမှ ငါးဖမ်းသူများကလည်း လာရောက်ရောင်းချကြသဖြင့် လူသူစည်ကားလျက်ရှိလေတော့၏။ ဖိုးနီတို့လှေငါးစင်း၊ လူဆယ်ယောက်သည် ထိုတဲကြီးမှာပင် ညအိပ်၊ ချက်ပြုတ်စားသောက်ကာ နေ့စဉ် မြို့မှငါးလာသယ်သော ပွဲထောင်ဖြင့် လိုအပ်သော ဆန်၊ ဆီ၊ ဆားမှစ၍ ဆေးလိပ်အဆုံး ဝယ်ယူသုံးစွဲနေရသဖြင့် အဆင်ပြေလှတော့၏။

ထိုတဲကြီးတွင် မြို့က ငါးဒိုင်သူဌေး၏ ကိုယ်စားလှယ်လင်မယားနှစ်ယောက်က အမြဲနေထိုင်ကာ ဖိုးနီတို့ရှာဖွေရလာသောငါးများ ချိန်တွယ်ခြင်း၊ စာရင်းမှတ်ခြင်း၊ ကြိုတင်ငွေယူလိုပါကထုတ်ပေးခြင်း၊ မြို့မှလာသောပွဲထောင်နှင့် ငါးပုစွန်များတင်ပို့ပေးခြင်းတို့ကို နေ့စဉ်လုပ်ကိုင်နေရတော့၏။

ထိုငါးအဝယ်ဒိုင်သို့ ရောင်းချသူများမှာ ဖိုးနီတို့အုပ်စုတစ်ခုတည်းမဟုတ်။ အခြားနီးစပ်ရာ အင်းချောင်းများတွင် ရှာဖွေဖမ်းဆီးနေသူများလည်း လာရောက်ရောင်းချနေကြသဖြင့် နေ့စဉ် လူပြတ်သည်ဟူ၍မရှိ။ အင်းသူကြီးများ၊ အင်းသားများ၊ ကွန်သမားများ၊ ပိုက်သမားများ၊ ချူသမားများ လူပေါင်းစုံလင်လှတော့၏။ ထိုနေ့က ရေထရက်ဖြစ်လေရာ ဖိုးနီတို့ပိုက်ဆွဲနားသောနေ့ဖြစ်၏။ ဖိုးနီတစ်ယောက် စာရင်းစာအုပ်ကိုင်ကာ ငါးဒိုင်ကိုယ်စားလှယ်နှင့် နေ့စဉ်ပေးသွင်းနေခဲ့သော ငါးပိဿာချိန်စာရင်း၊ ကြိုတင်၍စားစရိတ်ထုတ်ယူထားသောစာရင်းများကို တိုက်ဆိုင်စစ်ဆေးလျက်ရှိပါ၏။

နေ့စဉ်ရရှိသော ငါးပိဿာချိန်အတိုင်း နေ့စဉ်ငွေရှင်းယူခြင်းကို ဖိုးနီက သဘောမကျ။ နေ့စဉ် ပိုက်လှေတစ်စင်းစီကိုခွဲဝေပေးလျှင် ၎င်းတို့ထိန်းသိမ်းရခက်ခဲသည့်ကိစ္စ၊ လူစုံတတ်သည့်နေရာမျိုးတွင် ဖြစ်တတ်လေ့ရှိသည့် အရက်၊ လောင်းကစား၊ အပျော်အပါးကိစ္စများတွင် မိမိ၏ပိုက်သမားများ စိတ်ပါသွားမှာသူစိုးရိမ်မိသည်။

သို့ဖြစ်၍ သူတို့အဖွဲ့ထဲတွင် ဒုတိယခေါင်းဆောင်ဖြစ်သော ကိုရွှေဖောင်နှင့်တိုင်ပင်ကာ ပိုက်လှေတစ်စင်းစီကို တစ်ပတ်စာ သို့မဟုတ် ဆယ်ရက်စာသာ ခန့်မှန်းထုတ်ပေးသွားရန်စီစဉ်ထားပါ၏။ ကျန်ငွေများကို ငါးဒိုင်တွင်သာ စာရင်းနှင့်ထားကာ သူတို့အဖွဲ့လုပ်ငန်းသိမ်းပြန်တော့မှ စု၍ ရှင်းပေးမည်ဖြစ်သည်။ ဤသို့ ထိန်းချုပ်ထားခြင်းဖြင့် မိမိတို့လူစုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး အိမ်အပြန်တွင် ငွေပြကြေးပြ မျက်နှာပန်းလှစေရန် ဖိုးနီ၏ စေတနာပင်ဖြစ်ပါ၏။

**ဆက်လက်ဖော်ပြပါမည်။**

# ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာသောဖိလစ်ပိုင်နှင့်စင်ကာပူ

ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့သည် ၂၀၂၄ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းသဘောတူညီချက်သည် နှစ်နိုင်ငံကြားစစ်ရေးဆိုင်ရာထိတွေ့ဆက်ဆံမှုများကို ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်သည့်အပြင် ပဋိပက္ခဖြစ်ပွားနေသောဒေသတွင် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများကို ဖြေရှင်းရာ၌လည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး **Gilberto Teodoro**သည် စင်ကာပူကာကွယ်ရေးဝန်ကြီး **Ng Eng Hen** နှင့် နားလည်မှုစာချွန်လွှာ **(MoU)**လက်မှတ်ရေးထိုးခဲ့သည်။ **MoU**လက်မှတ်ရေးထိုးမှုကို နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အပြိုင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။


လူသိရှင်ကြား ချက်ချင်းထုတ်ပြန်ခဲ့ခြင်းမရှိသော ၎င်းသဘောတူညီချက်သည် ရှိရင်းစွဲအပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုများနှင့် စစ်ဘက်ပညာရေးနှင့်အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကဲ့သို့သော အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် ညွှန်မှုကြားမှုဘောင်တစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။ ထို့ပြင် ၎င်းသဘောတူညီချက်သည် နှစ်နိုင်ငံပြည်သူများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုနီးကပ်လာစေရန်အပြင် ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ ရှိရင်းစွဲသဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာလှုပ်ရှားမှုများတွင် ပံ့ပိုးကူညီမှု လုပ်ဆောင်သွားရန် ရည်မှန်းထားရှိကြောင်း ဝန်ကြီးဌာနထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၎င်းသဘောတူညီချက်သည် ဖိလစ်ပိုင်အနေဖြင့် အမေရိကန်အပါအဝင် သုံးနိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုးထားသည့် တပ်ဖွဲ့အင်အားပြသမှုပင်ဖြစ်ပြီး အကြီးစားပူးတွဲတိုက်ပွဲဝင်စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ရန် အခွင့်အလမ်း ကမ်းလှမ်းသွားမည်ဖြစ်သည်။ ထို့ပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများနှင့် သဘာဝဘေးအန္တရာယ်များတုံ့ပြန်နိုင်မည့် သင်္ဘောန်တူစားပွဲတင် စစ်ရေးလေ့ကျင့်မှုများကိုလည်း လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာအစိုးရအဖွဲ့သည် အာရှနိုင်ငံများအပြင် အနောက်နိုင်ငံများနှင့် လုံခြုံရေးဆိုင်ရာ မဟာမိတ်အဖွဲ့သစ်ကို ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ် ကာကွယ်ရေးဆိုင်ရာစာချုပ်အရ ဖိလစ်ပိုင်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များ ပိုမိုတပ်ဖြန့်ချထားခွင့်ပြုခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း တရုတ်နှင့် ဖိလစ်ပိုင်ကြား တောင်တရုတ်ပင်လယ်ပြင်ရှိအငြင်းပွားဖွယ်ရာသောင်စွယ်များတွင် တင်းမာမှုမြင့်တက်လာခဲ့သည်။

တရုတ်နိုင်ငံက ထိုသို့မဟာမိတ်တည်ဆောက်ခြင်းနှင့် ဖိလစ်ပိုင်အပါအဝင် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များ၏လုပ်ဆောင်မှုများသည် တရုတ်ကို ထိန်းချုပ်ရန်ရည်မှန်းထားရှိပြီး ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်စေလျက်ရှိကြောင်း ပြောဆိုလျက်ရှိသည်။

သို့သော် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးကမူ စိတ်တူကိုယ်တူနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထိန်းချုပ်မှုလုပ်ဆောင်ခြင်း သို့တည်းမဟုတ် ရန်စမှုအဖြစ်သုံးနှုန်းခြင်းသည် မှားယွင်းသောသတင်းအချက်အလက်သာဖြစ်ပြီး အမှန်တွင် နီးကပ်သောနိုင်ငံရေးစနစ်၏ အခင်းအကျင်းသာဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။



ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် ဇူလိုင် ၂၂ ရက်တွင် ဖိလစ်ပိုင်လွှတ်တော်၌ နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားခဲ့ရာ၌ ၎င်းတို့နိုင်ငံအနေဖြင့် တိုင်းပြည်ပိုင်နက် နယ်မြေအငြင်းပွားမှုတွင် နောက်ကိုဆုတ်သွားမည် မဟုတ်ကြောင်းနှင့် ၎င်း၏ အစိုးရအဖွဲ့အနေဖြင့် အငြင်းပွားမှုမှန်သမျှကိုဖြေရှင်းရန် ငြိမ်းချမ်းသောနည်းလမ်းများကိုသာ အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် မိတ်ဆွေနိုင်ငံများနှင့် လုံခြုံရေးဆိုင်ရာမဟာမိတ်ဖွဲ့မှုများကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အချုပ်အခြာအာဏာအပေါ် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် မိမိတို့အခွင့်အလမ်းများကို အပြည့်အဝအသုံးချသွားမည်ဖြစ်ကြောင်း၊ မိမိတို့၏ ကာကွယ်ရေးရပ်တည်ချက် တောင့်တင်းခိုင်မာရေးအတွက် တိုးတက်အောင်တည်ဆောက်ခြင်းနှင့် စိတ်တူကိုယ်တူနိုင်ငံများနှင့် မိတ်ဖက်ဆက်ဆံရေးထူထောင်ခြင်းဖြင့် ကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် ဇူလိုင်လအစောပိုင်းတွင်လည်း ဖိလစ်ပိုင်နှင့် ဂျပန်တို့သည် အပြန်အလှန်သွားရောက်လည်ပတ်ခွင့် သဘောတူညီချက်ဟုခေါ်ဆိုသည့် ကာကွယ်ရေးစာချုပ်လက်မှတ်ရေးထိုးခဲ့သဖြင့် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များသည် စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ရန်အတွက် အခြားမိတ်ဖက်နိုင်ငံတွင် တပ်ဖြန့်ချထားခွင့်ရရှိစေမည်ဖြစ်သည်။ ဂျပန်နှင့်ဖိလစ်ပိုင်တို့သည် တရုတ်နိုင်ငံနှင့်ပင်လယ်ရေကြောင်းဆိုင်ရာ အငြင်းပွားမှုများဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါသဘောတူညီချက်သည် ဖိလစ်ပိုင်နှင့်ဂျပန် နှစ်နိုင်ငံလွှတ်တော်တို့က အတည်ပြုပြီးနောက် တရားဝင်သက်ရောက်လာမည်ဖြစ်သည်။ ထို့ပြင် ဖိလစ်ပိုင်သည် ကနေဒါ၊ နယူးဇီလန်၊ ပြင်သစ်နိုင်ငံတို့နှင့်လည်း အလားတူကာကွယ်ရေးဆိုင်ရာသဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားရှိသည်။

ဆိုရလျှင် ဖိလစ်ပိုင် - စင်ကာပူနှစ်နိုင်ငံဆက်ဆံရေးသည် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ လုံခြုံရေးနှင့်ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု၊ ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်မှုနှင့် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုတို့အပါအဝင် အဓိကကျသောနယ်ပယ်များတွင် တောင့်တင်းခိုင်မာအားကောင်းလျက်ရှိသည်။ ဖိလစ်ပိုင်နှင့်စင်ကာပူတို့၏ စီးပွားရေးမိတ်ဖက်ဆက်ဆံရေးသည် ဆက်လက်တိုးတက်လျက်ရှိပြီး စင်ကာပူသည် ဖိလစ်ပိုင်၏ ပဥ္စမမြောက်ကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်သည်။ စင်ကာပူတွင် ဖိလစ်ပိုင်အလုပ်သမားဦးရေ ၂၀၀၀၀၀ ခန့်ရှိနေပြီး ၎င်းတို့သည် နှစ်နိုင်ငံစလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိသည်။

မည်သို့ပင်ဆိုစေ ဖိလစ်ပိုင်နှင့်စင်ကာပူတို့သည် ဒေသတွင်းလုံခြုံမှုမြှင့်တင်ရေး ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဇူလိုင် ၂၄ ရက်တွင် ပြီးပြည့်စုံသော ကာကွယ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းစာချုပ်သည် စစ်ပညာသင်ယူရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကြိုးပမ်းမှုများ အပါအဝင် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရန် ရည်မှန်းထားရှိသည်။ အထူးသဖြင့် ဖိလစ်ပိုင်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနနှင့် စင်ကာပူကာကွယ်ရေးဝန်ကြီးဌာနတို့သည် လူသားချင်းစာနာထောက်ထားမှုနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပညာပေးလေ့ကျင့်သွားရေးဆိုင်ရာသဘောတူစာချုပ်ကို ၂၀၂၃ ခုနှစ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဆိုရလျှင် အနောက်ကိုယိမ်းသည့် လက်ရှိဖိလစ်ပိုင်သမ္မတမားကို့စ်ဂျူနီယာလက်ထက်တွင် တောင်တရုတ်ပင်လယ်အရေးတွင် ဖိလစ်ပိုင်နှင့်တရုတ်တို့ကြား တင်းမာမှုမြင့်တက်လာခဲ့သည်။ ဖိလစ်ပိုင်သည် နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့များတိုးမြှင့်ချထားခွင့်ပြုခြင်း၊ ဂျပန်နိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်လုပ်ဆောင်ခြင်းတို့အပြင် စင်ကာပူနိုင်ငံနှင့်လည်း ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်လုပ်ဆောင်ရန် ကြိုးပမ်းလာလျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုအတွက် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သည်ဟုဆိုသော်လည်း တရုတ်နိုင်ငံကမူ ၎င်းတို့ကိုထိန်းချုပ်မှုအဖြစ် ရှုမြင်လျက်ရှိပေသည်။ ထို့ကြောင့် အင်အားကြီးနိုင်ငံများနှင့် ကာကွယ်ရေးဆိုင်ရာမဟာမိတ်ဖွဲ့မှုများသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်ပေသည်။

**ကိုးကား**

(၁) **Philippines and Singapore Broaden Defense Ties With New Agreement By The Diplomat.**

(၂) **Overview of Philippines-Singapore Relations - Embassy of the Philippines in Singapore (philippine-embassy.org.sg).**

**ဝင်းဇင်(သုတေသန)**

# ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၈၇၁ ဧက စိုက်ပျိုးပြီးစီး

**ငပုတော ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၈၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၈၇၁ ဧကကို ယခုနှစ် မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက် ၈၇၁ ဧကတွင် တိုင်ထောင်ပဲ၊ ကြက်ဟင်းခါး၊ ရုံးပတီ၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာ စသည့်သီးနှံများ အများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

“ငရုတ်ကောင်းမြို့အနေနဲ့ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက် ၈၇၁ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးပါပြီ။ ဟင်းသီးဟင်းရွက်အပါအဝင် မိုးသီးနှံတွေအားလုံး အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ ဆက်စပ်ဌာနတွေနဲ့ ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပိုးမွှားအန္တရာယ်ကျရောက်ရင်လဲ ဖြေရှင်းဖို့ကို သင်တန်းတွေပေးထားပြီဖြစ်ပါတယ်။ မိုးသီးနှံအားလုံးကို လျာထားချက်ပြည့်မီဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေပူးပေါင်းစိုက်ပျိုးခဲ့ပါတယ်”ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံများကို စုစုပေါင်းကျေးရွာ ၁၉ ရွာမှ ဒေသခံတောင်သူများက အများဆုံးစိုက်ပျိုးထားကြောင်း၊ မိုးသီးနှံများစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန် ဆေးသုံးစွဲမှုနည်းစနစ်တကျရှိစေရေး၊အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



**ကျော်ကျော်လင်း**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၇၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၇၃၆ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၅၃၁၈ ဧကစိုက်ပျိုးရန် လျာထားပြီး မေလမှစ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၇၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၅၃၁၈ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၇၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မုံရွာခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၂၄၅၀၊ ဘုတလင်မြို့နယ်တွင် ဧက ၁၅၀၊ အရာတော်မြို့နယ်တွင် ၂၅၁ ဧက၊ ချောင်းဦးမြို့နယ်တွင် ၈၈၅ ဧက စုစုပေါင်း ၃၇၃၆ ဧကဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၉၃၀၀၊ ဘုတလင်မြို့နယ်တွင် ဧက ၁၈၀၊ အရာတော်မြို့နယ်တွင် ဧက ၁၀၀၀၊ ချောင်းဦးမြို့နယ်တွင် ၄၈၃၈ ဧက စုစုပေါင်း ၁၅၃၁၈ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ပွင့်ဖြူမြို့နယ် လက်ပံချည်ပေါ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံချည်ပေါ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ဝေလွင်အောင်နှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လက်ပံချည်ပေါ်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

လက်ပံချည်ပေါ်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ၇ ဒသမ ၅၇၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းနှင့် Pipe Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၀၂၀ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်ဖြင့် ဇွန် ၄ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာငါးရွာရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးလယ်မြေဧက ၁၅၀ မှထွက်ရှိသော လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကျန်းမာရေးကောင်းကျိုးများရှိသည့် ခါးသောအစားအစာများ အပိုင်း (၂)

နိုင်ဇင်

အခါးဓာတ်ဟာ အစာစားချင်စိတ်ကို လျှော့ချပေးနိုင်တယ်လို့ မကြာသေးမီကပြုလုပ်ခဲ့တဲ့ သုတေသနပြုချက်တွေအရ သိရပါတယ်။ ဒါကြောင့်လဲ ခါးတဲ့အသီးအပင်တွေကို အများအားဖြင့် ဆေးဖက်ဝင်အပင်တွေအဖြစ် တိုင်းရင်းဆေးပညာမှာ ရာစုနှစ်များစွာကြာအောင် အသုံးပြုခဲ့ကြတာဖြစ်ပါတယ်။ အခါးဓာတ်က အစာခြေစနစ်ကိုကောင်းမွန်စေတာကြောင့် အစာအိမ်လမ်းကြောင်းနဲ့ပတ်သက်တဲ့ရောဂါတွေကို ကုရာမှာ အခါးဓာတ်ကို သုံးကြပါတယ်။ **International Journal of Food Sciences and Nutrition** က ထုတ်ဝေတဲ့ သုတေသနသုံးသပ်ချက်ထဲမှာ အခါးဓာတ်ဟာ ဝမ်းပျက်ဝမ်းလျှော၊ ဗိုက်နာ၊ လေနာနဲ့ အစာမကြေတာတွေကို ကောင်းမွန်စေတယ်လို့ သိရပါတယ်။

**ကိုကိုး**



ကိုကိုးအမှုန့်ကို ကိုကိုးစေ့ကနေ ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ကိုကိုးစေ့ဟာ ချောကလက်မှာ အဓိကပါဝင်တဲ့ပစ္စည်းဖြစ်ပြီး ကိုကိုးမှုန့်အနေနဲ့လဲအသုံးပြုကြပါတယ်။ ကိုကိုးမှုန့်ဟာ အလွန်ခါးတဲ့အရသာရှိပေမဲ့ အချိုဓာတ်ရှိတဲ့အစားအစာနဲ့တွဲစားရင်တော့ စားကောင်းတဲ့အရသာဖြစ်သွားပါတယ်။ ဒါကြောင့် အချိုပွဲအမျိုးမျိုးမှာ ကိုကိုးမှုန့်ကို အသုံးပြုလေ့ရှိသလို ချောကလက်ပြုလုပ်တဲ့အခါ ကိုကိုးထောပတ်၊ ကိုကိုးဖျော်ရည်၊ ကိုကိုးဗီနီလာတို့အနေနဲ့ စားသုံးကြပါတယ်။ တစ်ပတ်ကို အနည်းဆုံး ချောကလက် ငါးကြိမ်စားတဲ့သူတွေဟာ ချောကလက်လုံးဝမစားတဲ့သူတွေနဲ့ယှဉ်ရင် နှလုံးရောဂါဖြစ်နိုင်ခြေ ၅၆ ရာခိုင်နှုန်းလျော့နည်းလာကြောင်း လေ့လာမှုအရ သိရပါတယ်။ ကိုကိုးမှာတွေ့ရတဲ့ ပိုလီဖီနောနဲ့ အင်တီအောက်စီဒင့်တွေဟာ သွေးကြောတွေကိုကျယ်စေပြီး ရောင်ရမ်းမှုကို လျှော့ချပေးနိုင်ပါတယ်။ ကိုကိုးမှုန့်မှာ မဂ္ဂနီစ်နဲ့ သံဓာတ်ကြွယ်ဝစွာပါတာကြောင့် သတ္တုဓာတ်များစွာရဲ့ အရင်းအမြစ်ကောင်းတစ်ခုလဲ ဖြစ်ပါတယ်။ ကိုကိုးမှုန့်ကို အနက်ရောင်ချောကလက်တွေထုတ်လုပ်ရာမှာ အဓိကသုံးကြပါတယ်။ ဒါကြောင့် ရိုးရိုးချောကလက်တွေထက် အချိုမပါတဲ့ အနက်ရောင်ချောကလက်တွေဟာ ကျန်းမာရေးနဲ့ ပိုပြီးညီညွတ်တာကြောင့် နှလုံးနဲ့ဆိုင်တဲ့ရောဂါတွေကို သက်သာပျောက်ကင်းစေပါတယ်။

**ကော်ဖီ**

ကော်ဖီဟာ ကမ္ဘာတစ်ဝန်းမှာ ရေပန်းအစားဆုံးနဲ့ အသောက်အများဆုံးဖြစ်ပါတယ်။ ကော်ဖီဟာ အစားအသောက်တွေထဲမှာ အင်တီအောက်စီဒင့်အကြွယ်ဝဆုံးလဲဖြစ်ပါတယ်။ ခါးတဲ့အစားအစာတွေလိုပဲ ကော်ဖီမှာ ပိုလီဖီနောဓာတ်ကြွယ်ဝစွာပါဝင်ပါတယ်။ ကော်ဖီမှာ ကျန်းမာရေးအကျိုး



ကျေးဇူးတွေများစွာရှိပါတယ်။ သူ့မှာပါတဲ့ ဓာတ်တိုးဆန့်ကျင်မှုက အားကောင်းတာကြောင့် နှလုံးရောဂါနဲ့ဆီးချိုရောဂါဖြစ်နိုင်ခြေကိုလျှော့ချပေးပါတယ်။ လေ့လာမှုတွေအရ ကော်ဖီတစ်ခွက်နေ့စဉ်သောက်ပါက ကော်ဖီလုံးဝမသောက်သူထက် သေဆုံးနိုင်ခြေနည်းပါးပြီး ကင်ဆာရောဂါဖြစ်နိုင်ခြေကို ၁၇ ရာခိုင်နှုန်းလျှော့ချနိုင်ပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို ၁၈ ရာခိုင်နှုန်းလျှော့ချနိုင်တယ်လို့ သိရပါတယ်။ ဒါ့ပြင် သီးခြားခွဲခြမ်းစိတ်ဖြာချက်တစ်ခုအရ တစ်နေ့ကို ကော်ဖီတစ်ခွက်စီသောက်သုံးတာက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကိုလဲ ခုနစ်ရာခိုင်နှုန်းလျှော့ချနိုင်ပါတယ်။ ကဖင်းဓာတ်ပါတဲ့ကော်ဖီဟာ အယ်ဇိုင်းမား၊ ပါကင်ဆန်ရောဂါတွေအပါအဝင် အာရုံကြောဆိုင်ရာရောဂါတွေကို ကာကွယ်ပေးနိုင်တယ်လို့ သုတေသနတချို့က အကြံပြုထားပါတယ်။

**လက်ဖက်စိမ်း**

လက်ဖက်စိမ်းဟာ ဖျော်ရည်အနေနဲ့ ကမ္ဘာတစ်ဝန်းမှာ လူကြိုက်များတဲ့ ဖျော်ရည်တစ်မျိုးဖြစ်ပါတယ်။ သူ့မှာပါတဲ့ ပိုလီဖီနောဓာတ်ကြောင့် အခါးဓာတ်ရှိပါတယ်။ ဒါ့ပြင် **Catechins** တွေထဲမှာ လူသိအများဆုံး **Epigallo-catechin Gallate (EGCG)**လို့ခေါ်တဲ့ ဓာတ်ဟာ ကင်ဆာဆဲလ်တွေကြီးထွားမှုကို နှေးကွေးစေနိုင်ပါတယ်။ ဒါကြောင့် လက်ဖက်စိမ်းကို ပုံမှန်သောက်သုံးသူတွေဟာ ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေနည်းပါးစေတယ်လို့ လေ့လာမှုတွေအရ သိရပါတယ်။ လက်ဖက်စိမ်းမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေနဲ့ရောင်ရမ်းမှုတွေကို ဆန့်ကျင်ပေးနိုင်



တဲ့ ပိုလီဖီနောဓာတ်မျိုးစုံပါဝင်တဲ့အပြင် ဖရီးရက်ဒီကယ်တွေလဲ ပါဝင်ပါတယ်။ ပိုလီဖီနောဓာတ်နဲ့ ဖရီးရက်ဒီကယ်တွေက နှလုံးပျက်စီးမှုကို လျှော့ချပေးပြီး ရောင်ရမ်းမှုကို လျော့ကျစေနိုင်ပါတယ်။ ဒါကြောင့် လက်ဖက်စိမ်းဖျော်ရည်တစ်ခွက်ကို ပုံမှန်နေ့စဉ်သောက်သုံးတာက နှလုံးရောဂါဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းလောက်လျော့ကျစေပါတယ်။ အင်တီအောက်စီဒင့်ပမာဏကောင်းကောင်းရဖို့အတွက် လက်ဖက်စိမ်းဖျော်ရည်ကို အရောအနှောမပါဘဲ သောက်သုံးသင့်ပါတယ်။

**တမာ**

တမာပင်ဟာ အာရှနိုင်ငံရဲ့ အပူပိုင်းဒေသတွေမှာ အလေ့ကျပေါက်လေ့ရှိတဲ့အပင်ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးပညာမှာ တမာကို ဆေးဖက်ဝင်အနေနဲ့ အသုံးပြုခဲ့ကြတာဖြစ်ပါတယ်။ တမာရွက်ဟာ နာကျင်တာ၊ အဖျားရောဂါနဲ့ ရောဂါပိုးဝင်တာတွေအတွက် အသုံးပြုပြီး တမာကိုင်းတွေကို သွားတွေဖြူဖွေးသန့်ရှင်းစေဖို့အတွက် အသုံးပြုကြပါတယ်။ တမာမှာ အင်တီအောက်စီဒင့်ဓာတ်၊ အင်တီမီခရိုဘိုင်ရယ်၊ အင်တီပါရာဆိုက်တစ်၊ အင်တီအင်ဖလန်မက်ထရီ၊ အင်တီဗိုင်ရာဘက်တစ်စတဲ့ဓာတ်တွေပါဝင်တာကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနဲ့ အနာကိုပျောက်စေတဲ့ဂုဏ်သတ္တိတွေရှိကြောင်း သိပ္ပံနည်းကျသုတေသနတွေမှာ ဖော်ပြထားပါတယ်။ ဒါ့ပြင် တမာဟာ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ပြီး ဆံပင်၊ အရေပြား၊ သွား၊ အသည်းနဲ့ ကျောက်ကပ်ကျန်းမာရေးတို့အတွက် ကောင်းမွန်စေတာကိုတွေ့ရပါတယ်။ တမာဟာ ကပ်ပါးကောင်တွေရဲ့ကြီးထွားမှုကို အနှောင့်အယှက်ပေးနိုင်ပြီး မျိုးပွားနိုင်မှုကနေလည်း ကာကွယ်နိုင်ပါတယ်။ တမာဟာ ဦးရေပြားယားယံတာနဲ့ ဗောက်ထတာကို ကုသပေးနိုင်တဲ့အပြင် အိန္ဒိယနိုင်ငံမှာဆိုရင် တမာကို ခံတွင်းသန့်ရှင်းရေးအတွက် သွားတိုက်ဆေးတွေမှာ အဓိကသုံးကြပါတယ်။ တမာမှာ



ပါတဲ့ ဖက်တစ်အက်ဆစ်ဓာတ်က ရောင်ရမ်းမှုကို ဆန့်ကျင်ပေးနိုင်ပြီး ပိုးမွှားတွေကို တိုက်ဖျက်နိုင်တဲ့ဂုဏ်သတ္တိတွေပါဝင်ပါတယ်။ တမာဟာ ဝက်ခြံနဲ့အမည်းစက်တွေကို လျော့ပါးသက်သာစေတာကြောင့် ကျန်းမာတဲ့အသားအရေကို ရရှိစေပါတယ်။

**ဝိုင်နီ**

ဝိုင်နီဟာ အနီပုပ်အရောင်ရှိပြီး ခါးသက်တဲ့အရသာရှိပါတယ်။ ဝိုင်ဆိုတာ စပျစ်သီးနဲ့အရက်ကို ပေါင်းစပ်ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဝိုင်နီမှာ ပိုလီဖီနောဓာတ်ပါဝင်တဲ့အတွက် ကိုလက်စထရောမြင့်တက်တာကိုလျော့ကျစေကာ သွေးခဲတာကိုလဲလျှော့ချပေးနိုင်ပြီး သွေးကြောတွေကိုချဲ့ထွင်ကာ နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ပါတယ်။ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူတွေရဲ့ သုတေသနပြုချက်တွေအရ ဝိုင်နီဟာ အူလမ်းကြောင်းကိုကောင်းမွန်စေနိုင်ပြီး နေ့စဉ် ဝိုင်နီနှစ်ခွက်သောက်ပေးရင် တစ်လအကြာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အူလမ်းကြောင်း ဗက်တီးရီးယားအရေအတွက်ကို တိုးမြင့်စေတယ်လို့ သိရပါတယ်။ အူလမ်းကြောင်းဗက်တီးရီးယားတွေ ကြီးထွားတာနဲ့ အကောင်အရေအတွက်တိုးလာတာက ကိုလက်စထရောပမာဏကို လျော့နည်းသွားစေပြီး ရောင်ရမ်းမှုကိုလျှော့ချပေးနိုင်တာကို တွေ့ရပါတယ်။ ဝိုင်နီသောက်တာဟာ အသက်ရှည်စေပါတယ်။ ဆီးချိုရောဂါနဲ့ အရိုးပွရောဂါဖြစ်နိုင်



ခြေကို လျှော့ချပေးနိုင်ပါတယ်။ ဝိုင်ဟာလဲ အရက်ပါဝင်မှုရှိတဲ့အတွက် အလွန်အကျွံသောက်တာမျိုးမဖြစ်အောင် ဆင်ခြင်ရပါမယ်။ မဆင်မခြင်သောက်ပါက ဝိုင်ဟာ အသည်းကိုပျက်စီးစေပြီး အခြားသောကျန်းမာရေးပြဿနာတွေကိုဖြစ်စေနိုင်တာ သတိပြုရမှာဖြစ်ပါတယ်။

အချုပ်ဆိုရရင် အခါးဓာတ်ပါတဲ့အစားအစာတွေဟာ ကင်ဆာရောဂါ၊ နှလုံးရောဂါနဲ့ဆီးချိုရောဂါအပါအဝင် အခြားသောရောဂါတွေဖြစ်နိုင်ခြေကိုနည်းပါးစေပြီး အစာအိမ်၊ မျက်စိနဲ့အသည်းကျန်းမာရေးကို ပိုမိုကောင်းမွန်စေပါတယ်။ ကြွက်သားရောင်ရမ်းမှုကိုလဲ လျော့ကျစေပါတယ်။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပါတယ်။ ဒါကြောင့် အခါးဓာတ်ပါတဲ့အစားအစာတွေကို မကြိုက်ပေမဲ့လဲ ကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေရရှိတာကြောင့် သင့်လျော်တဲ့ပမာဏလောက်တော့ စားပေးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**


- **9 Bitter Foods That Are Good for You**
- **The Impressive Health Benefits of Bitter Foods**

# အိုလံပစ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ကွာတားဖိုင်နယ်အဆင့်မှာ အစဉ်အလာကောင်းနေတဲ့ ပြင်သစ်အသင်းနဲ့ အမေရိကန်အမျိုးသမီးအသင်းတို့ကို ရွေးချယ်ရမှာပါ



အခုတစ်ပတ်မှာ အိုလံပစ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေ ဆက်လက်ကစားမှာဖြစ်လို့ ပွဲကောင်းတွေကို ဆက်လက်ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ အုပ်စုပွဲစဉ်တွေမှာလဲ ပရိသတ်အကြိုက်တွေ့တဲ့အသင်းတွေကသာ နိုင်ပွဲရခဲ့ပြီး ကွာတားဖိုင်နယ်တက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ လာမဲ့ ကွာတားဖိုင်နယ် ပွဲစဉ်တွေမှာလဲ အစဉ်အလာပိုင်းနဲ့ အုပ်စုတွင်း ခြေစွမ်းပိုင်းကောင်းတဲ့အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

### ပြင်သစ်အသင်းကို အားပေးရမှာပါ

အိုလံပစ်ပြိုင်ပွဲအမျိုးသားဘောလုံးပွဲစဉ် ကွာတားဖိုင်နယ်အဆင့်မှာ အကြိုက်တွေ့တာကတော့ ပြင်သစ်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အိမ်ရှင်ပြင်သစ်အသင်းဟာ အခုအုပ်စုမှာ အမေရိကန်၊ ဂီနီယာ၊ နယူးဇီလန်အသင်းတို့နဲ့ တစ်အုပ်စုတည်းကစားခဲ့ရကို တွေ့ရမှာပါ။ ဒါပေမဲ့ နည်းပြဟင်နရီဟာ ပြင်သစ်အသင်းကို အိုလီဆီ၊ ချာကီ၊ မီလော့၊ လူကီဘာ၊ အူဂိုချူကူ စတဲ့လူငယ်ကစားသမားသစ်တွေနဲ့ အကောင်းဆုံးတည်ဆောက်နိုင်ခဲ့ပြီး သက်ကြီးကစားသမားတွေဖြစ်တဲ့ လာကာဇက်၊ မာတီတာတို့ကလဲ ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် အုပ်စုသုံးပွဲစလုံး နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အုပ်စုအဖွင့်ပွဲစဉ် အမေရိကန်အသင်းနဲ့ပွဲစဉ်မှာ နည်းပြဟင်နရီဟာ ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး ပွဲအစမှာ နှစ်သင်းစလုံး ဦးဆောင်ဂိုးမပေးရဖို့ အာရုံစိုက်ကစားနေတာကြောင့် ပထမပိုင်းမှာ သရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ဒုတိယပိုင်းမှာပြင်သစ်အသင်းတိုက်စစ်ကစားပုံထက်မြက်လာခဲ့လို့ ပွဲချိန် ၆၁ မိနစ်မှာ လာကာဇက်၊ ပွဲချိန် ၆၉ မိနစ်မှာ အိုလီဆီနဲ့ ပွဲချိန် ၈၅ မိနစ်မှာ ဘိတ်တို့က ဦးဆောင်ဂိုးတွေ ဆက်တိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။ အမေရိကန်အသင်းကတော့ ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု သိပ်မလုပ်နိုင်တာကြောင့် ချေပဂိုး မရခဲ့ဘဲ သုံးဂိုးပြတ်နဲ့ ရှုံးခဲ့တာကိုတွေ့ရမှာပါ။

ဂီနီယာနဲ့ပွဲစဉ်မှာတော့ နည်းပြဟင်နရီဟာ ကစားကွက်ပိုင်းနဲ့ ကစားသမားတချို့ ပြောင်းလဲပွဲထွက်ခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုအသာပေးကစားခဲ့တာကိုတွေ့ရမှာပါ။ ဂီနီယာအသင်းကလဲ ကစားသမားစုဖွဲ့မှုကျစ်လျစ်တာကြောင့် ပထမပိုင်းမှာ တစ်ဖက်နဲ့တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒုတိယပိုင်းအရောက်မှာတော့ နည်းပြဟင်နရီဟာ တိုက်စစ်မြှင့်တင်ခဲ့တာကြောင့် ဂီနီယာအသင်း ထိန်းချုပ်ရခက်ခဲခဲ့ပြီး ပွဲချိန် ၇၆ မိနစ်မှာ ဦးဆောင်ဂိုးပေးလိုက်ရလို့ တစ်ဂိုး၊ ဂိုးမရှိနဲ့ ရှုံးခဲ့တာတာကိုတွေ့ရမှာပါ။ ဒါကြောင့် ပြင်သစ်အသင်းဟာ နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်နဲ့ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့သူတို့အသင်းဟာ အုပ်စုနောက်ဆုံးပွဲစဉ်မှာ ကစားအားချမကစားသွားခဲ့ဘဲ ကစားကွက်ပိုင်းသာ ပြောင်းလဲကစားခဲ့ပြီး နယူးဇီလန်အသင်းကို သုံးဂိုးပြတ်နဲ့ ထပ်မံအနိုင်ရယူခဲ့တာဖြစ်ပါတယ်။ အဲဒီသုံးပွဲစလုံးမှာလဲ နည်းပြဟင်နရီရဲ့လူထုတ်ပုံနဲ့ ကစားပုံဟာပြောင်းလဲမှုတွေ အမျိုးမျိုးရှိခဲ့ပေမဲ့ ခံစစ်ပိုင်းကတော့ ပေးဂိုးမရှိခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် အုပ်စုပွဲစဉ်တွေမှာ ပြင်သစ်အသင်းရဲ့ ခံစစ်နဲ့ တိုက်စစ်ကစားပုံဟာ အပြစ်ပြောစရာမရှိခဲ့သလို အခုပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်တဲ့ခြေစွမ်းမျိုး ပိုင်ဆိုင်ခဲ့တာကို တွေ့ရမှာပါ။

နည်းပြမာရှီယာနို တာဝန်ယူထားတဲ့ အာဂျင်တီးနားအသင်းဟာ အိုလံပစ်ပြိုင်ပွဲသမိုင်းမှာ ဗိုလ်လုပွဲ သုံးကြိမ်တက်ရောက်ခဲ့ရာမှာ အောင်မြင်မှုနှစ်ကြိမ် ရရှိထားတဲ့အသင်းဖြစ်ပါတယ်။ သက်ကြီးကစားသမားအဖြစ် ဂိုးသမားရူလီ၊ ခံစစ်ကစားသမား အော့တမန်ဒီ၊ တိုက်စစ်မှူး အယ်ဗာရက်ဇ်တို့ကိုခေါ်ယူထားခဲ့ပြီး ကျန်ကစားသမားတွေကတော့ ဥရောပကလပ်အသင်းငယ်တွေမှာခြေစွမ်းပြနေတဲ့ လူငယ်တွေနဲ့ စုဖွဲ့ထားတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အစဉ်အလာပိုင်းကောင်းမွန်ပေမဲ့ အခုနှစ်မှာတော့ စုဖွဲ့မှုလိုအပ်ချက်ရှိနေခဲ့တာကြောင့် အုပ်စုအဖွင့်ပွဲစဉ်မှာ မော်ရိုကိုအသင်းကို မထင်မှတ်ဘဲ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ မော်ရိုကိုအသင်းဟာ ဦးဆောင်ဂိုးနှစ်ဂိုးရရှိသွားချိန်မှာ အာဂျင်တီးနားအသင်း ဖိအားဝင်သွားခဲ့ပြီး လူစားလဲတိုက်စစ်မြှင့်တင်ခဲ့ပေမဲ့ ပွဲချိန် ၆၈ မိနစ်မှာ ချေပဂိုးတစ်ဂိုးသာရရခဲ့တာကြောင့် နှစ်ဂိုး၊ တစ်ဂိုးနဲ့ ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ အုပ်စုဒုတိယပွဲစဉ်မှာတော့ အီရတ်အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့လို့ ဂိုးပေါက်ခြိမ်းခြောက်မှု ခုနစ်ကြိမ်မှာ သုံးကြိမ်ဂိုးရခဲ့ပြီး သုံးဂိုး၊ တစ်ဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အုပ်စုကကျော်ဖြတ်ဖို့ ဒုတိယပွဲစဉ်ကို အနိုင်ရမှာဖြစ်မဲ့ အာဂျင်တီးနားအသင်းဟာ ယူကရိန်းအသင်းကို အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပါတယ်။ ယူကရိန်းအသင်းကလဲ ကစားသမားစုဖွဲ့မှုကောင်းတာကြောင့် အာဂျင်တီးနားအသင်းဂိုးရဖို့ မလွယ်ကူခဲ့ပေမဲ့ ဒုတိယပိုင်းပွဲအစမှာ ပြိုင်ဘက်ရဲ့ အထနှေးမှုကို အခွင့်အကောင်းယူခဲ့ပြီး ဦးဆောင်ဂိုးရခဲ့တာဖြစ်သလို နောက်ကျင်အချိန်ပို မိနစ် ၉၀ ကျော်မှာ ဒုတိယဦးဆောင်ဂိုး ထပ်မံရရှိခဲ့လို့ နိုင်ပွဲရခဲ့ပြီး အုပ်စုဒုတိယနဲ့ ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ အုပ်စုပွဲစဉ်တွေမှာ ၄-၄-၂ ကစားကွက်ကိုသာ အသုံးပြုခဲ့သလို ကစားသမားပြောင်းလဲအသုံးပြုမှုကလဲ နည်းခဲ့တာကိုတွေ့ရမှာပါ။ နည်းပြမာရှီယာနိုဟာ တိုက်စစ်ကစားပုံကို အကောင်းဆုံးတည်ဆောက်ခဲ့ပေမဲ့ ခံစစ်ပိုင်းမှာတော့ လိုအပ်ချက်ရှိနေခဲ့ပြီး တိုက်စစ်ကောင်းတဲ့အသင်းတွေကို ဂိုးပေးခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာ ပြင်သစ်အသင်းဟာ အဘက်ဘက်ကပြည့်စုံနေတဲ့အသင်းဖြစ်သလို အရန်ကစားသမားစုဖွဲ့မှုကလဲ အာဂျင်တီးနားအသင်းထက် သာနေတာကိုတွေ့ရမှာပါ။ နည်းပြနှစ်ဦးစလုံးဟာ ကစားသမားဟောင်းတွေဖြစ်ပေမဲ့ ဟင်နရီက နည်းပြအတွေ့အကြုံပိုရှိသလို အုပ်စုတွင်းမှာ ကစားကွက်ပိုင်းနဲ့ကစားအားကို လိုအပ်သလို ပုံဖော်ကစားသွားနိုင်ခဲ့တာကြောင့် အခုပွဲမှာ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ ပြင်သစ်အသင်းကိုပဲ အားပေးရမှာပါ။

**ပြင်သစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပြင်သစ် | ၄ | - | ၃ | တောင်အာဖရိက |
| ပြင်သစ် | ၀ | - | ၄ | ဂျပန် |
| ပြင်သစ် | ၃ | - | ၀ | အမေရိကန် |
| ပြင်သစ် | ၁ | - | ၀ | ဂီနီယာ |
| နယူးဇီလန် | ၀ | - | ၃ | ပြင်သစ် |

**အာဂျင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီဂျစ် | ၀ | - | ၁ | အာဂျင်တီးနား |
| စပိန် | ၁ | - | ၁ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၁ | - | ၂ | မော်ရိုကို |
| အာဂျင်တီးနား | ၃ | - | ၁ | အီရတ် |
| ယူကရိန်း | ၀ | - | ၂ | အာဂျင်တီးနား |

### အမေရိကန်အမျိုးသမီးအသင်း ရလဒ်ကောင်းမှာပါ

အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပွဲစဉ် ကွာတားဖိုင်နယ်အဆင့်မှာ အကြိုက်တွေ့မိတာကတော့ အမေရိကန်အမျိုးသမီးအသင်းနဲ့ ဂျပန်အမျိုးသမီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အမေရိကန်အမျိုးသမီးအသင်းဟာ အမျိုးသမီးဘောလုံးသမိုင်းမှာ အောင်မြင်မှုတွေ ဆက်တိုက်ရယူနိုင်ခဲ့သလို အိုလံပစ်ပြိုင်ပွဲမှာလဲ ဗိုလ်လုပွဲငါးကြိမ် တက်ရောက်ခဲ့ရာမှာ လေးကြိမ်ထိ ဆုဖလားရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ၂၀၁၉ ခုနှစ် ကမ္ဘာ့ဖလားရရှိခဲ့ပြီးနောက်ပိုင်း ခြေစွမ်းပြကစားသမားတွေ အသက်အရွယ်ရလာတာကြောင့် ကစားအားကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နောက်ပိုင်းပြိုင်ပွဲတွေမှာ ဆုဖလားရဖို့ ရုန်းကန်ခဲ့ရတာကို သတိပြုရမှာပါ။ အခုပြိုင်ပွဲမှာ သူတို့အသင်းဟာ ဂျာမနီ၊ ဩစတြေးလျ၊ ဇမ်ဘီယာအသင်းတို့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်မှာ ခြေစွမ်းပိုင်းအားနည်းတဲ့ ဇမ်ဘီယာအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ ကစားနိုင်ခဲ့သလို တစ်ယောက်အသာနဲ့ ကစားခဲ့ရတာကြောင့် သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဒုတိယပွဲစဉ်မှာတော့ ဂျာမနီအသင်းနဲ့ တွေ့ဆုံခဲ့တာကြောင့် အကြိတ်အနယ်ရှိခဲ့ပေမဲ့ ပွဲချိန်ကြာလာတာနဲ့ ကစားအားကျဆင်းသွားတဲ့ ဂျာမနီကို ထိန်းချုပ်ကစားနိုင်ခဲ့လို့ လေးဂိုး၊ တစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ နှစ်ပွဲနိုင်နဲ့ ကွာတားဖိုင်နယ်ကိုတက်ရောက်ခဲ့တာကို တွေ့ရမှာပါ။

အုပ်စုနောက်ဆုံးပွဲစဉ်ဟာ သူတို့အသင်းအတွက် အရှုံးအနိုင် အဓိကမကျတော့ပေမဲ့ နည်းပြဟေးရက်စ်က ကစားသမားအစုံအလင်နဲ့ပွဲထွက်ခဲ့တာကြောင့် ဩစတြေးလျအသင်းကို နှစ်ဂိုး၊ တစ်ဂိုးနဲ့ နိုင်ပွဲထပ်မံရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ နည်းပြဟေးရက်စ်ဟာ ၄-၁-၂-၃ ကစားကွက်ကိုသာ အသုံးပြုခဲ့ပြီး တိုက်စစ်ကစားပုံကို အကောင်းဆုံးတည်ဆောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ တိုက်စစ်ပိုင်းကိုဦးဆောင်နေတဲ့ စမစ်က နှစ်ဂိုး၊ ဆွမ်ဆွန်က သုံးဂိုး၊ ရိုမန်က တစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

ဂျပန်အမျိုးသမီးအသင်းဟာ အိုလံပစ်ပြိုင်ပွဲသမိုင်းမှာ ၂၀၁၂ လန်ဒန်အိုလံပစ်တစ်ကြိမ်သာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ ၂၀၁၁ ခုနှစ်က ဆုဖလားတစ်ကြိမ်ရယူပြီးနောက်ပိုင်း အောင်မြင်မှုတွေနဲ့ဝေးကွာခဲ့ရတာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာတော့ အုပ်စု(C)မှာ စပိန်၊ ဘရာဇီး၊ နိုင်ဂျီးရီးယားအသင်းတို့နဲ့ ပွဲကျပ်ကစားခဲ့ရပေမဲ့ အုပ်စုဒုတိယနဲ့ ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ဥရောပထိပ်သီးကလပ်တွေမှာကစားနေတဲ့ ကစားသမားတွေနဲ့စုဖွဲ့ထားပေမဲ့ အဖွင့်ပွဲစဉ်မှာ ခြေစွမ်းပိုင်း ထက်မြက်နေတဲ့ စပိန်အသင်းနဲ့တွေ့ဆုံခဲ့တာကြောင့် အခက်တွေ့သွားခဲ့ပြီး နှစ်ဂိုး၊ တစ်ဂိုးနဲ့ ရှုံးခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ တိုက်စစ်ကဦးဆောင် ဂိုးစသွင်းခဲ့ပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ချေပဂိုးနဲ့ အနိုင်ဂိုးပြန်ပေးလိုက်ရပြီး ရှုံးပွဲကြုံခဲ့တာကိုတွေ့ရမှာပါ။ အုပ်စုဒုတိယပွဲစဉ်မှာ ဘရာဇီးအသင်းနဲ့ ကစားခဲ့ရတာကြောင့် နိုင်ပွဲရဖို့ခက်ခဲခဲ့ပေမဲ့ နောက်ကျင်အချိန်ပိုမှာ ချေပဂိုးနဲ့ ဦးဆောင်ဂိုးသွင်းပြီး အကောင်းဆုံးပြန်လာနိုင်ခဲ့လို့ နှစ်ဂိုး၊ တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အုပ်စုနောက်ဆုံးပွဲမှာတော့ နိုင်ဂျီးရီးယားအသင်းကို အဘက်ဘက်က အသာစီးနဲ့ကစားနိုင်ခဲ့လို့ သုံးဂိုး၊တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပြီး နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်နဲ့ နောက်တစ်ဆင့်ရောက်ခဲ့တာကို တွေ့ရမှာပါ။

အုပ်စုပွဲစဉ်တွေမှာ ဂျပန်အမျိုးသမီးအသင်းဟာ အသင်းလိုက်ကစားအားနဲ့ လျင်မြန်မှုကောင်းခဲ့ပေမဲ့ ခံစစ်ပိုင်းကို ပြင်ဆင်နိုင်ခြင်းမရှိတာကြောင့် ပွဲတိုင်းပေးဂိုးရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်လို အသင်းနဲ့တွေ့ချိန်မှာ ခံစစ်ကစားပုံမပြင်နိုင်ရင်တော့ နိုင်ပွဲရဖို့ ရုန်းကန်ရနိုင်ပြီး ပေးဂိုးများသွားနိုင်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုရှစ်ကြိမ်မှာလဲ အမေရိကန်အသင်းက တစ်ကြိမ်မှ ရှုံးပွဲမရှိခဲ့တာကြောင့် အခုပွဲစဉ်မှာ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အမေရိကန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**အမေရိကန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမေရိကန် | ၁ | - | ၀ | မက္ကဆီကို |
| အမေရိကန် | ၀ | - | ၀ | ကော်စတာရီကာ |
| အမေရိကန် | ၃ | - | ၀ | ဇမ်ဘီယာ |
| အမေရိကန် | ၄ | - | ၁ | ဂျာမနီ |
| ဩစတြေးလျ | ၁ | - | ၂ | အမေရိကန် |

**ဂျပန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမေရိကန် | ၂ | - | ၁ | ဂျပန် |
| ဂျပန် | ၁ | - | ၁ | ဘရာဇီး |
| စပိန် | ၂ | - | ၁ | ဂျပန် |
| ဘရာဇီး | ၁ | - | ၂ | ဂျပန် |
| ဂျပန် | ၃ | - | ၁ | နိုင်ဂျီးရီးယား |

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်း လျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၁၆-၃၀၃၃၁၊ ၀၁၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



**COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

**COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

**COVID-19 ရောဂါသံသယဖြစ်ဖွယ်လက္ခဏာများ**

လွန်ခဲ့သည့်(၁၄)ရက်အတွင်း ရောဂါကူးစက်ပြန့်ပွားနေသည့်နိုင်ငံများသို့ ခရီးသွားခဲ့ခြင်း(သို့မဟုတ်) ကိုရိုနာဗိုင်းရပ်ရောဂါ (COVID-19)ဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ရှိခဲ့ပြီး ဖျားခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀ ဒသမ ၄ ဖာရင်ဟိုက်နှင့်အထက်ရှိခြင်း) ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း။

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UIDလုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာလူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၅၀ | ၂၈၂၅ | ၂၇၈၀ | ၂၈၅၅ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၉၀ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၀ | ၄၂၅၀ |
| 95 Ron | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၀၅ | ၂၉၆၀ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၅ | ၃၀၀၀ | ၃၀၁၅ | ၃၄၂၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၇၀ | ၂၅၆၀ | ၂၅၇၀ | ၂၉၇၅ | ၄၂၅၀ |
| HSD (50 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |
| HSD (10 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၂၀ | ၂၇၀၆ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၇၆၆ | ၂၈၅၁ |
| HSD (10 ppm) | ၂၇၆၆ | ၂၈၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊ Internet Bill ပေးဆောင်ခြင်း ၊

E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ဘဏ်ကိုသွားစရာမလို မိုဘိုင်းမန်နီးဖြင့် ပင်စင်ထုတ်လို့ရပြီ။

**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** များပေးဆောင်ရာတွင် **MMM Service** အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄





## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အ.ထ.က(ရွှေတုတ်ကုန်း)၊ Grade-12 တွင် ပညာသင်ကြားနေသော မမေသက်နှင်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်မင်း ဖြစ်ပါကြောင်း။

**ဦးကျော်မင်း (၉/သစန(နိုင်)၀၁၄၇၀၂)**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ အ.ထ.က(ခွဲ)ကျောက်တန်း၊ Grade-12 တွင် ပညာသင်ကြားနေသော မမေသက်နှင်းမိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသန်းဝင်း ဖြစ်ပါကြောင်း။

**ဦးသန်းဝင်း (၉/မလန(နိုင်)၀၃၇၁၁၇)**

### ပျောက်ဆုံးကြောင်း

တံတားဦးမြို့နေ မောင်သူရိုးကျော် (ဘ) ဦးစိန်လင်း(၁၂/တတထ(နိုင်)၀၁၁၈၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၉၆၄၉၄၀၈

### ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နယ်နေ နော်အယ်နီထာ (ဘ) ဦးငွေသောင်း (၁၄/ကပန(နိုင်)၂၄၄၅၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-333961)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၀၃၂၆၇၀၃

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နယ်နေ မနှင်းယုမော် (ဘ) ဦးကံမြင့် (၁၄/ပတန(နိုင်)၂၁၂၇၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၆၇၄၆၄၇၉

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## တံတားဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ တစ်စီးရှင်ကွင်း၊ ကွင်းအမှတ်(၉)၊ ဦးပိုင်အမှတ်(၅၁/၄၀၈)၊ မြေဧရိယာ(၀.၀၃၈)ဧက အကျယ်အဝန်းရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ တစ်ထပ်နံကပ်တိုက်တစ်လုံးအပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ဆိုင်ရာ ကြေညာချက်

အထက်ပါအိမ်ဝိုင်းခြံမြေအား ဖေဖော်ဝါရီလ (၉)ရက်၊ ၂၀၂၄ ခုနှစ်တွင် မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဒေါ်စန်းစန်းမြင့် (၉/တတဉ(နိုင်)၀၀၇၆၅၉)မှ အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ဒေါ်ညိုညိုယဉ် (၁၂/သကတ (နိုင်)၀၀၁၄၉၅)မှလည်း အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။ ယခုအခါ၌ မှတ်ပုံတင်စာချုပ်ချုပ်မည်ဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ညိုညိုယဉ် (ဘ) ဦးသိန်းလွင်**
**၁၂/သကတ(နိုင်)၀၀၁၄၉၅**
**၇၈လမ်း၊ ၂၇ × ၂၈ ကြား**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း၊ ၀၉-၄၀၂၆၀၆၆၆၃**

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်နေ မောင်ခန့်နိုင်ဝင်း (ဘ) ဦးသိန်းဝင်း(၉/မခန(နိုင်)၂၉၉၀၃၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-391649) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၉၅၂၃၃၇၃၈၅

### ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်နုဝါဝင်း (ဘ) ဦးထိန်ဝင်း (၃/မဝတ(နိုင်)၀၁၅၆၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၉၅၄၈၉၀၆

## COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

လက်ကိုဆပ်ပြာ (သို့မဟုတ်) Alcohol ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်ဆေးရည်ဖြင့် မကြာခဏစနစ်တကျဆေးကြောပါ။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## မိုင်းဟဲကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆၊ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်းဧက ၇၀၀၀ ရှိသော နယ်မြေကို **“မိုင်းဟဲကြိုးပြင်ကာကွယ်တော”**အဖြစ် ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက် (၂၀၂၄ ခုနှစ် ဇူလိုင် ၂၄ ရက်)မှစ၍ သတ်မှတ်လိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် **စာမျက်နှာ ၁၇ ကော်လံ ၁**☆

## မန္တလေးပြည်သူ့ဆေးရုံကြီး၌ ပြတ်တောက်သွားသော ညာလက်ညှိုးကို ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုအောင်မြင်

**နေပြည်တော် ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်နေ အသက် ၂၉ နှစ်ရှိ အမျိုးသားတစ်ဦးသည် မေ ၁၅ ရက် ညနေ ၄ နာရီခန့်တွင် မိမိကိုယ်ကို ဓားနှင့်မတော်တဆထိခိုက်မိသောကြောင့် ညာဘက်လက်ညှိုးပြတ်တောက်သွားသည့်ဒဏ်ရာရရှိခဲ့ပြီး ၎င်းကို စစ်ကိုင်းမြို့ပြည်သူ့ဆေးရုံကြီးမှ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ည ၈ နာရီ ၄၅ မိနစ်တွင် လွှဲပြောင်းပေးခဲ့သည်။

အဆိုပါပြတ်တောက်သွားသောလက်ညှိုးကို ပြန်လည်ဆက်ပေးသည့်ခွဲစိတ်မှုအား မန္တလေးပြည်သူ့ဆေးရုံကြီးရှိ လက်ပိုင်းဆိုင်ရာအထူးကုဆရာဝန်ကြီးများက **စာမျက်နှာ ၁၉ ကော်လံ ၁**❑







**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး



ပစ္စည်းထည့်ပုံးအမျိုးမျိုး



ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၇၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၇၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉